ဥပုသ်အပတ်စဉ် (၁)

၇. ၁. ၂၀၂၃

## “အသက်စီးဆင်းရာမြစ်”

သင်ကတိသစ္စာပြုထားသောအလှူငွေအကြောင်းစဉ်းစားဖူးပါသလား။ အသက်စီးဆင်းရာ မြစ်မကြီးအဖြစ် ကမ္ဘာအနှံ့သို့ ဘုရားအမှုတော်တည်ဆောက်ရန်ဖြစ်ကြောင်း သိမှတ်ပါ။ သို့သော်အတိအကျအားဖြင့် ကျွန်ုပ်တို့၏အလှူငွေများ ဘယ်ကိုရောက်သွားသနည်း။ ဘာကိုပြီးမြောက်စေသနည်း။ သင်သိပါသလား။

အကြံပြုထားသည်အတိုင်း သင့်အလှူငွေများကို တစ်စုတစ်ပေါင်းတည်း (Combined Offering) အစီအစဉ်အတိုင်းထည့်ဝင်ပါလျှင် သင့်ဒေသခံ အသင်းတော် အတွက် ၅၀% မှ ၆၀% ၊တိုင်းသာသနာချုပ်သို့ ၂၀% မှ ၃၀% ၊ ကမ္ဘာ့သာသနာသို့ ၂၀% ရောက်ရှိသွားမည်ဖြစ်သည်။ ထိုကမ္ဘာ့သာသနာရံပုံ ငွေတွင် သာသနာပြုအယောက် (၄၀၀) နှင့် ဂလိုဘယ်မစ်ရှင် သာသနာပြုအယောက် (၁၆၀၀) တို့ပါဝင်သည်။

ကမ္ဘာ့သာသနာရံပုံငွေမှလည်း ဒီဗီဇံ (၁၃) ခုသို့လည်းကောင်း၊ အရှေ့အလယ်ပိုင်းမြောက်အာဖရိက ယူနီယံမစ်ရှင်၊ တရုတ်ယူနီယံမစ်ရှင်၊ ယူကရိန်း ယူနီယံနှင့် အစ္စရေးနယ်ပယ်မှလည်း ထိုနယ်များသို့ ကူညီထောက်ပံ့လျက် ရှိပါသည်။ ဤစနစ်အားဖြင့် ကမ္ဘာ့သာသနာပြုရံပုံငွေသည် လိုမာလင်းဒါးဆေးတက္ကသိုလ်သာသနာလုပ်ငန်း၊ ကမ္ဘာ့လေလှိုင်းသံသာသနာနှင့် အာဒရာလုပ်ငန်းမှာလည်း ပါဝင်လျက်ရှိပါသည်။

လွန်ခဲ့သောနှစ်များတွင် စိန်ခေါ်မှုများနှင့်ရင်ဆိုင်ရသော သန်းပေါင်း များစွာသော လူထုမှ ခရစ်တော်အား ကယ်တင်ရှင်အဖြစ်လက်ခံယုံကြည်လာကြပါသည်။ ရှာဖွေတွေ့ရှိချက်အရ ၂၂ စက္ကန့်တိုင်းတွင် မြော်လင့်ခြင်းအသင်းဝင်တစ်ဦးတိုးလာသည်။ ၄ နာရီတိုင်းတွင် အသင်းတော်တစ်ပါးကိုတည်ထောင်သည်။ ထို့ကြောင့် ကမ္ဘာ့သာသနာကို ဦးတည်သောသင့်၏အလှူငွေပါဝင်မှုအတွက် ကျေးဇူးတင်ပါသည်။ ထောင်ပေါင်းများစွာသော သူတို့သည် သာသနာရောက်ရှိမှုအနည်းပါးဆုံးလူမျိုးစုမှ ရောက်ရှိလာကြပါသည်။ သို့သော် ထိုဝိညာဉ်အသစ်များအား ဆက်လက်ပြုစုရန်လည်း လိုအပ်ပါသည်။

သင်၏ကတိပြုထားသော အသက်စီးဆင်းရာ အလှူငွေမြစ်ကြောင်းမှ မျှတစွာဖြင့် နယ်ပင်မအသင်းတော်သို့လည်းကောင်း၊ တိုင်းသာသနာသို့လည်းကောင်း၊ ပြည်မသာသနာနှင့်ကမ္ဘာအနှံ့သို့စီးဆင်းရာကို ဆက်လက်ပြီး ဆုတောင်းခြင်းအားဖြင့်လည်းသတိရကြပါ။

ဤနှစ်ဥပုသ်နေ့အပတ်တိုင်းတွင် သင်၏ပါဝင်မှုသည် မည်ကဲ့သို့ထိရောက်ကြောင်းကိုသင်သိရပါလိမ့်မည်။ လုပ်ဆောင်နေသောသူများသည် ဝင်းမှည့်နေသောကမ္ဘာ့လယ်ပြင်၌ ရိတ်သိမ်းနေကြပါပြီ။

-----ooo-----

ဥပုသ်အပတ်စဉ် (၂)
၁၄. ၁. ၂၀၂၄
ဘရာဇီးလ် - "အာမေဇုန်၌ တည်သောသာသနာ"

(၁၀) နှစ်သမီးအရွယ် ဗစ်တိုးရီးယားလေးသည် အစ်ကိုဖြစ်သူ ဒဲနီယယ်နှင့် မိဘများတို့နှင့်အတူ အချိန်ကုန်ရသည်ကို နှစ်သက်သည်။ သူက အရွယ်နှင့်မလိုက်အောင် စွမ်းဆောင်နိုင်သူဖြစ်သည်။ အပတ်စဉ် ကျမ်းစာ လေ့လာသောအဖွဲ့ငယ်ကိုဖွဲ့စည်းခဲ့သည်။ ပုံမှန်အဖွဲ့တော့မဟုတ်ပါ။

ဗစ်တိုးရီးယားသည် အာမေဇုန်မြစ်ဝှမ်းရှိ မြစ်လက်တက်ငယ်တစ်ခုတွင် နေထိုင်ပါသည်။ တစ်ပတ်ထဲမှာ တစ်ရက်တွင်လှေငယ်လေးကိုစီးပြီး လှော်တက်ငယ်ဖြင့် မြစ်ချောင်းကိုဆန်တက်ကာသူငယ်ချင်းတစ်ယောက်၏ အိမ်ကိုဝင်ပြီးသူ နှင့်အတူကျမ်းစာလေ့လာရန် စုဝေးရာအိမ်သို့သွားလေ့ရှိပါသည်။

တစ်ခါတစ်ရံအစ်ကိုဖြစ်သူမှပါဝင်ကူညီသည်။ လှေမဆန်အောင် လူများသောအခါတွင်လှေကလေးကို သစ်ပင်တွင်ကြိုးဖြင့်ချည်ထားပြီး ရွှံ့ဗွက်ထူသောတောလမ်းဖြင့် ခြေကျင်လျှောက်ကြသည်။ နောက်ဆုံးတော့ ချောင်းကမ်းနားက ခြေတံရှည်တဲအိမ်လေးဆီသို့ ရောက်ရှိသွားပြီး ထိုသူငယ်ချင်း၏အိမ်တွင် ကျမ်းစာအတူလေ့လာကြပါသည်။ လူငယ်တစ်ယောက်က အစည်းအဝေးကို ဆုတောင်းခြင်းဖြင့်အစပြုသည်။ အဖွဲ့ငယ်ကျမ်းစာလေ့လာလမ်းညွှန်ကို ကိုယ်စီဖွင့်ပြီးဖတ်ကြသည်။ သင်ခန်းစာတစ်ခုအပေါ် လေ့လာဆွေးနွေးကြပြီး အတူတကွသီချင်းဆိုကြသည်။ ထိုနောက် ဆုတောင်းခြင်းဖြင့် အစည်းအဝေးကိုပိတ်ပါသည်။ တစ်ယောက်နှင့်တစ်ယောက် (Good Bye) နှုတ်ဆက်ပြီး မိမိတိုအိမ်ကိုပြန်ကြသည်။

ဗစ်တိုးရီးယားလေး ဤသို့ပြုရခြင်း၏အကြောင်းရင်းမှာ ရိုးရှင်းလှပါသည်။ "ကျမသူတိုနဲ့အတူ ကောင်းကင်နိုင်ငံကိုသွားချင်ပါတယ်" ဟု ဆိုပါသည်။ သူ၏သက်သေခံခြင်းကြောင့် သူငယ်ချင်း (၃) ယောက်နှစ်ခြင်းမင်္ဂလာ ခံယူခဲ့သည်။ သူကိုယ်တိုင်လည်း နှစ်ခြင်းမင်္ဂလာခံယူရမည့်နေ့ကို ရင်ခုန်စွာစောင့်နေခဲ့ပါသည်။

သို့ဖြင့် ကလေးငယ်တစ်ယောက် မြစ်ကြီးကိုအံတုလျက် သူငယ်ချင်းများထံမိမိ၏ ယုံကြည်ခြင်းကိုဝေငှနိုင်စွမ်းပါမူ၊ ကျွန်ုပ်တိုလည်းသတင်းစကားကို မိတ်ဆွေများထံသိမည်မျှသွားရောက်ဝေငှနိုင်စွမ်းမည်ကို စဉ်းစားကြည့်ပါလေ။ ကျွန်ုပ်တို့လိုအပ်သည်မှာ ယုံကြည်ခြင်း၊ ရဲရင့်ခြင်းနှင့် သန့်ရှင်းသောဝိညာဉ် တော်တန်ခိုးဖြင့် လူအများကိုယေရှုနှင့် မိတ်ဆက်ပေးနိုင်ပါသည်။

ကျွန်ုပ်၏ကတိဝန်ခံချက် (Promise) ဟုခေါ်သောစနစ်တကျဖြင့် ပုံမှန်ထည့်ဝင်သော အလှူငွေများသည် ယုံကြည်သူ လူကြီးလူငယ်များတို့အား တောင်အာဖရိကမှာကဲ့သို့ မိတ်ဆွေများထံ သတင်းကောင်းကိုပြောကြားစေနိုင်ပါသည်။ သစ္စာရှိစွာထည့်ဝင်သော အလှူငွေများအားဖြင့်လိုအပ်သော သတင်းစကားဝေငှခြင်းလုပ်ငန်းကို မိမိတို့ပတ်ဝန်းကျင်သို့ ပို့ဆောင်စေကြပါစို့။

-----ooo-----

## ဥပုသ်အပတ်စဉ် (၃)

၂၁. ၁. ၂၀၂၃

### ဘင်္ဂလားဒေ့ရှ် - "ဝမ်းမြောက်စွာဖြင့် ယေရှု၏အစေကိုခံခြင်း"

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လူဦးရေသန်းပေါင်း (၁၈၀) ရှိပြီး၊ မြော်လင့်ခြင်းအသင်းဝင်ဦးရေ (၂၃၀၀၀) ယောက်မျှသာရှိပါသည်။ အချိုးအားဖြင့် (၈၀၀၀း၁) ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်လူထုထံ သခင်ယေရှုကိုပို့ဆောင်ရန် မဖြစ်နိုင်လောက်အောင် စိန်ခေါ်ချက်ကြီးမားလှပါသည်။ သို့သော် ဂလိုဘယ်မစ်ရှင်နယ်သစ်ကို အမှုဆောင်များက ဘုရားနဲ့သာဆိုလျှင် လူတစ်ဦးကပင် ပြောင်းလဲမှုကို ပြုနိုင်သည်ဟု ယုံကြည်ပါသည်။

အဂျိုင်းကယန် ( Ajoy Khayang) သည် ဘင်္ဂလားဒေ့ရှ်၏ တောနယ်တစ်နေရာတွင် ရွာသားများနှင့်အတူနှစ်ပေါင်းများစွာနေထိုင်ရင်းသာသနာပြုသော ဂလိုဘယ်မစ်ရှင်ဝန်ထမ်းတစ်ယောက်ဖြစ်ပါသည်။ သူရောက်ခါစတွင် ထိုသူများက မိမိတို့၏ မိရိုးဖလာအယူကိုမြဲမြဲကိုင်ထားကြသည်။ သို့သော် အဂျိုင်းကယန်က သူတိုအယူများကိုထားခဲ့ပြီး ယေရှုကိုလက်ခံလာဖို့ဆုတောင်းခဲ့သည်။ ဘုရားသခင်က မထင်မှတ်သောလမ်းဖြင့် အဖြေပေးခဲ့သည်။

ရှာသားများသည် မိမိတိုရေချိုး၊ အဝတ်လျှော်သောချောင်းထဲကရေကိုသာ သောက်သုံးလေ့ရှိသည်။ ထိုအတွက် ရှာသားများ ဝမ်းပျက်၊ ဝမ်းလျှော ရောဂါ၊ ငှက်ဖျား ရောဂါများ မကြာခဏဖြစ်နေကြသည်မှာ အဂ္ဂျိုင်းအတွက် မထူးဆန်းပါ။ အနီးအနားတွင် ဆေးဝါးကုသရာမရှိသောကြောင့် အကူအညီမဲ့ဖြစ်ကာ ထင်မိထင်ရာ ပြုလုပ်တတ်ကြသည်။

အခြေအနေအလွန်ဆိုးလာသည်ကို အဂ္ဂျိုင်းတွေ့မြင်သောအခါ၊ ရှာသား များအား တစ်ပတ်တာ ဘုရားကျောင်း၌လာရောက်ဆုတောင်းခံရန် ဖိတ်ခေါ်ခဲ့သည်။ အဆုံး၌ ဖျားနာမှုအတော်များများပျောက်ကင်းသွားသည်။ အနာငြိမ်းခြင်းတန်ခိုးကို သူတို့တွေ့မြင် ခံစားခွင့်ရသည်။ များစွာသောရှာသားများ ခရစ်တော်ကိုလက်ခံလာကြသည်။ ယခုရှာသား အများစုက ခရစ်ယာန်များဖြစ်ကြသည်။

ရှာသားများသည်ဆင်းရဲလျက် စာလည်းမတတ်ကြပါ။ သို့သော် နောက်မျိုးဆက် အတွက် ကလေးငယ်များ၏အနာဂတ်ကို သာလွန်ကောင်းမွန်စေချင်ကြသည်။ ထိုကြောင့် စာသင်ကျောင်းဆောက်ပေးချင်လာကြသည်။ သောက်သုံးရန်ရေ စိတ်ချလုံခြုံရအောင်ရေ တွင်းတူးပေးချင်လာကြသည်။

အဂ္ဂျိုင်းသည် ဂလိုဘယ်မစ်ရှင်ဝန်ထမ်းဖြစ်ရခြင်းအတွက် ဘုရားသခင်အား ကျေးဇူးတင်လျက်ချီးမွမ်းသည်။ ကျွန်ုပ်တို့သည်လည်း ထိုအဖွဲ့အစည်း၏ အစိတ်အပိုင်းဖြစ် ကြပြီး ကျနုပ်တို့၏သစ္စာရှိမှုသည် ထိုသာသနာလုပ်ငန်းကို တိုင်းပြည် (၁၀၀) သို့ ပျံ့နှံ့ စေပါသည်။

အကယ်၍ ကျွန်ုပ်တို့ဆုံးဖြတ်ချက်ချထားသော အစိတ်အပိုင်းအပေါ် သစ္စာရှိလျှင် များပြားသောအရေအတွက်မဟုတ်သည့်တိုင်၊ ကျွန်ုပ်တို့အားလုံးဟာ ဝိုင်းဝန်းဆောင်ရွက် ပါမူ၊ စဉ်ဆက်မပြတ်စီးဆင်းသောအရင်းအမြစ်မှ ကောင်းကြီးမင်္ဂလာသည် ကမ္ဘာတစ်ဝှမ်း သို့လှည့်ပတ်လျက် ကြီးမားသော သက်သေကိုဖြစ်စေလိမ့်မည်။

-----ooo-----

**ဥပုသ်အပတ်စဉ် (၄)**

**၂၈.၁.၂၀၂၃**

**အယ်လ်ဘေးနီးယား- "သာသနာကကျွန်ုပ်တို့ကိုပြောင်းလဲပစ်သည်"**

"ဒဲလ်မာ" နှင့် "နာတီ" တို့သည် (၃) နှစ်သမီး "ခလာရာ" နှင့်အတူ အယ်လ်ဘေးနီးယားသို့ သာသနာပြုရန် ခေါ်တော်မူခြင်းခံရသောအခါ ဘုရားသခင်နှင့်အတူဝမ်းမြောက်စွာခရီးနှင်လာခဲ့သည်။ နိုင်ငံရပ်ခြားသို့ သွားရောက်သာသနာပြုခြင်းမှာ နေသားတကျဖြစ်ရန်များစွာအချိန်ယူရမည်ကိုသူတို့သိသည်။ များမကြာမီတွင်ပင်စိန်ခေါ်မှုအချို့တို့ကိုသင်နားလည်ပြီး ဧဝံဂေလိသတင်းစကားဝေငှဖြန့်ချိနိုင်ခဲ့ပါသည်။

နှစ်အတန်ကြာလာသော် အယ်လ်ဘေးနီးယားတွင် ဘာသာရေးတားမြစ်ပိတ်ဆို့မှုနှင့်ရင်ဆိုင်လာရတော့သည်။ ယနေ့တိုင်အောင်ပင်ဘာသာရေးကို အလေးမထားကြပါ။ အယ်လ်ဘေးနီးယားတွင် မြော်လင့်ခြင်းအသင်းဝင်စုစုပေါင်း (၁၂၀) ယောက်သာရှိပါသည်။ ဒဲလ်မာ တို့မိသားစုကို ကိုးရ် (Corce Church) တွင် ခန့်အပ်ထားသည်။ စီမံကိန်းများစွာထားရှိသော်လည်း ကျမ်းစာလေ့လာသူအလွန်နည်းပါးသောကြောင့် ဒဲလ်မာ အလွန်စိတ်ဓာတ်ကျလာသည်။ ကြိုးစားအားထုတ်သမျှအရာမထင်ခဲ့ပါ။

ထိုအခါ ထိုမိသားစုအား ဘရာဇီးလ်တွင်ရှိသော အသင်းတော်ကြီးတစ်ပါးသို့ သင်းအုပ်ဆရာအဖြစ်ခေါ်ပါသည်။ အဆင်ပြေမည့်ကမ်းလှမ်းချက်တစ်ခုဖြစ်သော်လည်း နာတီ အနေဖြင့် စိတ်စနိုးစနောင့်ဖြစ်နေခဲ့သည်။ "ဒီနေရာမှာ တို့အလုပ်ကိုလုပ်နိုင်သလောက် ပြီးစီးအောင်လုပ်ခဲ့ပြီလို့ ထင်မိပါသလား..." ထိုနေရာမှာပင် ဆက်လက်နေထိုင်ရန် ဆုံးဖြတ်ပြီး ဘုရားသခင်မည်သို့အသုံးပြုမည်ကို စောင့်နေရင်းဆုတောင်းဆက်ကပ် ပါသည်။

သူတို့၏ပတ်ဝန်းကျင်၌ ကလေးငယ်မြောက်များစွာရှိနေသည်ကို ဒဲလ်မာနှင့်နာတီသတိပြုမိပါသည်။ ဤကလေးများနှင့်အစပြုလုပ်ဆောင်ခြင်းက အကောင်းဆုံးဖြစ်မည်ဟု နားလည်လိုက်သည်။ ဘော်လီဘော ကစားကွင်းတစ်ခုပြုလုပ်ပြီး

ကလေးငယ်များအားလာရောက်ကစားကြရန် ဖိတ်ခေါ်လိုက်ပါသည်။ ဘော်လီဘော ကစားဖို့ ကလေးငယ်များလည်း ဘုရားကျောင်းခြံဝင်းသို့ရောက်ရှိလာကြပါသည်။ ထိုအချိန်မှစ၍ဆရာနှင့် ဆရာမကိုသိကျွမ်းလာကြသည်။ ကျောင်းခြံဝင်းမှာလည်း ကလေးငယ်များနှင့်ပြည့်နေတော့သည်။ ဘုရားကျောင်းထဲသို့ ဝင်လာဘို့ရန်သာလို တော့ သည်။

မြော်လင့်ခြင်းအသင်းသူတစ်ဦးဖြစ်သော "အိန်ဂျလာ" သည်မိမိ၏ သူငယ်ချင်း "ဖတ်တီအုန်" အား အတူတူပါဝင်ဖို့ရန် ဖိတ်ခေါ် ခဲ့သည်။ "အိန်ဂျလာ နှင့် "ဖတ်တီအုန်" တို့ စကားစမြည်ပြောကြလေရာ၌ ဘုရားကျောင်းအကြောင်းသို့ ရောက်ရှိလာပါသည်။ ထိုအခါ သူတို့နှစ်ဦးအတူတကွ ကျမ်းစာကို လေ့လာဖြစ်ခဲ့ သည်။ "ဖတ်တီအုန်" အားလည်း မြော်လင့်ခြင်းလူငယ်အစည်းအရုံးသို့ ပါဝင်ရန်သင်း အုပ်ဆရာကဖိတ်ခေါ်လိုက်ပါသည်။ "ဖတ်တီအုန်"ကလည်း ဝမ်းမြောက်စွာလက်ခံ ပြီး "ဒီကလေးတွေကို ရပ်ရွာလူထုလှုပ်ရှားမှုထဲမှာပါဝင်လာဘို့ ကျွန်တော်ကူညီချင်ပါ တယ်" ဟုကတိပြုခဲ့ပါသည်။ သူပြောခဲ့သည်အတိုင်းလုပ်ဆောင်သောအခါ ကလေး များလည်း သူ့အားချစ်ခင်ကြပါသည်။

"ဖတ်တီအုန်" ၏ ဦးဆောင်မှုဖြင့်လူငယ်များစုရုံးလာကြပြီး၊ ဘုရားတရား အကြောင်းမေးခွန်းထုတ်လာကြသည်။ "ဖတ်တီအုန်" နှစ်ခြင်းခံ မည့်အကြောင်း ရောက်လာသောအခါ သင်းအုပ်ဆရာ "ဒဲလ်မာ" မှာ ဝမ်းသာ ပီတိဖြစ်ခဲ့ရပါသည်။ အယ်လ်ဘေးနီးယားတွင် သူပထမဦးဆုံးနှစ်ခြင်းပေး ခဲ့ရသူဖြစ်ပါသည်။

အသင်းတော်၏လူငယ်အဖွဲ့အစည်းမှ အစီအစဉ်များစွာကို ဖွင့်လှစ် နိုင်ခဲ့ပါသည်။ အသင်းတော်ဗဟိုပြုလုပ်ငန်းလည်း တိုးတက်အောင်မြင်လာ ပါသည်။ "ဒဲလ်မာ" နှင့် "နာတီ" သည် အယ်လ်ဘေးနီးယား၏ ရှေ့တန်းတွင် ဆက်ကပ်နိုင်ခဲ့သလို ကျွန်ုပ်တို့လည်း ဆယ်ဖို့တစ်ဖို့အားဖြင့်သော်လည်းကောင်း

ကတိပြုထားသောအလှူငွေများအားဖြင့်သော်လည်းကောင်း သစ္စာရှိစွာဆက်ကပ်လျက် ရှေ့တန်းမှ သာသနာလုပ်ငန်းများ ကိုပံ့ပိုးနိုင်ကြ မည်ဖြစ်ပါသည်။

-----ooo-----

**ဥပုသ်အပတ်စဉ် (၅)**

**၄.၂.၂၀၂၃**

## ဆိုက်ပရပ်စ် - "ဖိနပ်တိုက်သူနှင့် မိတ်ဆွေဖွဲ့ခြင်း"

"ယူလီယန်" သည်အများတကာအလုပ်ရှုပ်နေသော ဆိုက်ပရပ်စ် ၏ "နီကိုရှာ" မြို့တစ်နေရာသို့ ဖိနပ်တိုက်သောအလုပ်ကို အစပြုရန် လောလော သုတ်သုတ်လာခဲ့ပါသည်။ ဘူလ်ဂေရီးယားမှ ရောက်လာခဲ့သည်မှာ (၁၀) နှစ်ကြာခဲ့ပါပြီ။ ရရှိခဲ့သမျှသောလုပ်ခများသည် စီးကရက်နှင့် အရက်အား ဖြင့်သာကုန်ခမ်းခဲ့သည်။ သူအလုပ်လက်မဲ့ဖြစ်သွားသောအခါသူ၏ မိသား စုထံမှ ထွက်သွားခဲ့ရပါသည်။ ယခုကဲ့သို့ဖိနပ်တိုက်ခြင်းအလုပ်ကို နာရီ ပေါင်းများစွာ ကြိုးစားလုပ်ခဲ့သော်လည်း သူတစ်ယောက်စာ စားလောက်ရုံ သာ ရှိခဲ့သည်။

တစ်နေ့မှာ ဘူလ်ဂေးရီးယားမှလာသော "ဖိလစ်"ဆိုသူ ဂလိုဘယ် မစ်ရှင်သာသနာပြုတစ်ယောက်က "ယူလီယန်" အား "ကျွန်တော့်ကိုကူညီလို့ ရမလား" ဟု သူ၏အရပ်သုံးဘာသာစကားအားဖြင့် နှုတ်ဆက်လာသော အခါ သူကအံ့သြစွာပြန်ကြည့်မိပါသည်။ အခြားနိုင်ငံတွင်နေထိုင်ရစဉ် မိမိ အရပ်သုံး ဘာသာစကားကို ကြားရသောကြောင့် ထိုသူကိုလည်း စိတ်ဝင်စားပါသည်။ "ယူလီယန်" က "ဖိလစ်" ၏ ဖိနပ်ကိုတိုက်ပေးခဲ့ ပါသည်။

ထိုသို့ "ယူလီယန်" က ဖိနပ်ကိုတိုက်ပေးနေစဉ်မှာ "ဖိလစ်" က "ယူလီယန်" အား မည်သူ့ကိုပဲမဆို ယေရှုကလူတိုင်းကိုချစ်ကြောင်း ပြောပြဝေငှပါသည်။ ထိုအကြောင်းကို "ယူလီယန်" ကလည်းစိတ်ဝင်စားလာ သည်။

နောက်တစ်နေ့တွင် “ဖိလစ်” ထပ်မံရောက်ရှိလာပြန်သည်။ “ဖိလစ်” ၏ ဖိနပ်မှာတိုက်ချွတ်ပေးစရာ မလိုအပ်တော့သော်လည်း သူတို့နှစ်ယောက် အတူစကားထိုင်ပြောကြရင်း “ဖိလစ်” က မိမိ၌ပါလာသော ကျမ်းစာအုပ်ကို ဖွင့်ကာ “ယူလီယန်” အားဖတ်ပြခဲ့ပါသည်။ သနားကြင်နာစိတ်ဖြင့် “ဖိလစ်” ၏မျက်ဝန်းအိမ်မှ မျက်ရည်များဝဲလျက် သူ၏မိတ်ဆွေအသစ် “ယူလီယန်” အား ခရစ်တော်ကို လက်ခံရန်တောင်းဆိုခဲ့၏။ “ယူလီယန်” လည်းမိမိ၏ အသက်တာကို အပ်နှံခဲ့ပါသည်။

“ယူလီယန်” သည်နှစ်ပေါင်းများစွာ အရက်နှင့်ဆေးလိပ်၏ ကျေး ကျွန်ဖြစ်ခဲ့ ရာမှ ဘဝဟောင်းကိုစွန့်လွှတ်ကာ လူသစ်ဖြစ်လာခဲ့သည်။ သူ၏ မိသားစုမှလည်း သူ့အားပြန်၍လက်ခံခဲ့သည်။ သူကလည်း သူ၏စကားကို နားထောင်ချင်သူတိုင်းအား ဘုရားသခင်နှင့်သူ၏ မေတ္တာဇာတ်လမ်းကို သက်သေခံခဲ့ပါသည်။

“ဖိလစ်”သည် ဘူလ်ဂေးရီယန် စကားဖြင့် “နီကိုရှာ” မြို့၌ကျမ်းစာ သင်တန်းဖွင့်ခဲ့သည်။ လူပေါင်းများစွာနှစ်ခြင်းခံယူကြသည်။ လူဦးရေတစ် သန်းကျော်ရှိသော “နီကိုရှာ” မြို့တွင် မြော်လင့်ခြင်းအသသင်း ဝင်သူ (၁၀၀) သာရှိပါသည်။ “ဖိလစ်” သည်မိမိ၏အချိန်ကိုအများနှင့်ရောနှောမိတ်ဖွဲ့ခြင်း၊ ခရစ်တော်နှင့် မိတ်ဆက်ပေးခြင်းများဖြင့်သာ ကုန်လွန်စေခဲ့ပါသည်။

ယနေ့ကျွန်ုပ်တို့အသင်းဝင်များသည် လကုန်တိုင်း မိမိတို့၏ ဆယ်ဖို့ တစ်ဖို့ကိုသာထည့်ဝင်ကြသည်။ သို့သော် ဘုရားသခင်က ဆယ်ဖို့တစ်ဖို့ အပြင် ပုံမှန်ထည့်ဝင်သောအလှူငွေများကိုလည်း တောင်းဆိုပါသည်။ (ဖိလိပ္ပိ ၄း၁၉) တွင်ပါရှိသော ဘုရားသခင်၏ဘုန်းစည်းစိမ်ရှိသည်အတိုင်း၊ သင်တို့အလိုရှိသမျှတို့ကို ယေရှုခရစ်အားဖြင့် ပြည့်စုံစေတော်မူသည်ကိုထောက်၍၊ ကျေးဇူးတင်သော စိတ်ဖြင့်၊ မိမိတို့ဆန္ဒအတိုင်းထားရှိသောရာခိုင်နှုန်းကိုလည်း သစ္စာရှိစွာပုံမှန်ဆက်

ကပ်ခြင်းသည်၊ ထိုသာသနာလယ်ကွင်းပြင်အတွက်များစွာ အကျိုးပြုပြီး တွင်တွင်ကျယ်ကျယ် ရိတ်သိမ်းနိုင် ကြမှာဖြစ်ပါသည်။

-----000-----

**ဥပုသ်အပတ်စဉ် (၆)**

**၁၁.၂.၂၀၂၃**

**ခရိုအေးရှား - "ကြီးမားသောမေတ္တာနှစ်ခု"**

(၁၁) နှစ်သားအရွယ် "ဂျော်ရှာ" ၌ ကြီးမားသောအချစ်နှစ်ခုရှိသည်။ ၎င်းမှာဘုရားသခင်နှင့်သူ၏ တယောပင်ဖြစ်သည်။ သူကျောင်းမတက်ရသေးမီနှစ်များကတည်းက "ဂျော်ရှာ" သည် တယောကို သင်ယူ လေ့ကျင့် ထိုးခဲ့၏။

သူကျောင်းတက်သောအခါ သူ့သူငယ်ချင်းတို့အား ဘုရားသခင်၏အကြောင်းကို ပြောပြချင်လာပါသည်။ သို့သော်အများက နားမထောင် ချင်ကြ။ နွေရာသီကျမ်းစာသင်တန်း (VBS) အချိန်ရောက်လာသောအခါ "ဂျော်ရှာ"က သူ့သူငယ်ချင်းတို့အား တက်ရောက်ရန်ဖိတ်ခေါ် ခဲ့၏။ အချို့တို့မှာ လာရန်တွန့်ဆုတ်နေကြသောအခါ "ဂျော်ရှာ" က "လာမှာသာလာပါ။ စိတ်ဝင်စားစရာကြီးကွ" ဟုအားပေးသည်။

သူငယ်ချင်းအချို့တို့မှာပျော်ကြပြီးနောက်ထပ်လာဘို့ရန် ဆုံးဖြတ်ကြသည်။ သူ၏သူငယ်ချင်း မိန်းကလေးတစ်ယောက်ဆိုလျှင် "အံ့သြဖို့ ကောင်းလိုက်တာ၊ ဘုရားသခင်ဟာ တကယ်ရှိတာပဲနော်" ဟု "ဂျော်ရှာ" အားတုန့်ပြန်ပါသည်။ ထိုအတွက် "ဂျော်ရှာ" က သူ့သူငယ်ချင်းမလေး "မီလာ" အားကျမ်းစာအုပ်လက်ဆောင်ပေးခဲ့ပါသည်။ "မီလာ" ကလည်း ကျေးဇူးတင်လျှက် သူမ၏မိခင်နှင့်အတူ ကျမ်းစာကိုဖတ်ကာ၊ ဘုရားကျောင်းကိုလည်းတက်ရောက်ကြသည်။ မီလာ

က Pathfinder လူငယ်တန်းတွင်ပါဝင်ပြီးသူ၏မိခင် ကအမျိုးသမီးသာသနာ အတန်းတွင် ပါဝင်ခဲ့ သည်။

တစ်နေ့သောအခါ ဦးနှောက်အကြိတ်ရောဂါခဲ့စိတ်ကုသမှုလိုအပ် လျက် စရိတ်မတတ်နိုင်သော လူငယ်တစ်ယောက်အကြောင်းကို ကြား၍ ဂျော်ရှာက ကူညီဖို့ရန် လမ်းစရှာခဲ့သည်။ ရံပုံငွေရရန်ကပွဲတစ်ခု တင်ဆက် မည်ဟု အကြံရ၏။ သူကိုယ်တိုင်ဦးဆောင်မည်ဖြစ်သည်။ သူ၏တေးဂီတ အဖွဲ့သားများကိုစုစည်းပြီး အသင်းအုပ်ဆရာ၏အကူအညီဖြင့် တစ်မြို့လုံးရှိ သူများထံသတင်းပျံ့သွားသည်။ ကပွဲ (Concert) တွင် လူပေါင်း ၃၀၀ ကျော်လာကြသည်။ ထိုည၌ ရံပုံငွေ US ဒေါ်လာ ၁၃၀၀ ရသည်။ မြော်လင့်ခြင်းအသင်းတော် ဘုရားကျောင်းသို့တစ်ကြိမ်တစ်ခါမျှ မလာဖူး သောသူများစွာကိုလည်း တွေ့ရသည်။

"ဂျော့ရှာ" နှင့်သူငယ်ချင်းတစ်စုသည် မတတ်နိုင်သောလူငယ်နှင့် မိသားစု ကိုမစရသောကြောင့် ဝမ်းသာကြသည်။ လူငယ်ကလေးနှင့်သူ၏ တယောလေးက သခင်ယေရှုအတွက် ဤမျှကြီးကျယ်သောအမှုကို ဆောင်ရွက်နိုင်မည်ဟုမည်သူ ပြောပါသနည်း။ သင်နှင့်ကျွန်ုပ်လည်း မိမိတို့၏ ပတ်ဝန်းကျင်ရှိသူများကို ဘာကူညီပေးနိုင်မည်ကို စဉ်းစားကြည့်ပါ။

ကျွန်ုပ်တို့၏စွမ်းရည်များနှင့် ကတိပြုထားသောအလှူငွေများအား ဖြင့်ကမ္ဘာ တဝှမ်းရှိလူအများ၊ အနီးအဝေးရှိလေသမျှတို့သည် ဝမ်းမြောက် ဖွယ်သတင်းစကား ကို ကြားနိုင်ခွင့်ပြုပေးကြပါစို့။ တစ်ခါမှမတွေ့ခဲ့ဖူးရသောသူများကို မိမိ၏ဝေငှခြင်း ကြောင့် ကောင်းကင်မှာတွေ့ဆုံကြလျှင်မည်သို့ဖြစ်လိမ့်မည်ကို စဉ်းစား ကြည့်ပါ မိတ်ဆွေ။

-----ooo-----

**ဥပုသ်အပတ်စဉ် (၇)**

**၁၈.၂.၂၀၂၃**

## ကမ္ဘောဒီးယား - “ယေရှုအတွက် မော်တော်ဆိုင်ကယ်”

“စေးဟာ” သည် ကမ္ဘောဒီးယား၏ “စီအမ်ရိ(ပ်)” မြို့တွင်နေထိုင် ပါသည်။ ထိုမြို့၌ကမ္ဘာ့ရာဇဝင်တွင် ထင်ရှားသော ရှေးဟောင်းဗုဒ္ဓဘာသာ ဘုရားကျောင်း အန်ခေါ် (Angkor) ရှိပါသည်။ ကမ္ဘာအနှံ့အပြားမှ ခရီးသည်များသည် အကုန် အကျကြီးမားစွာဖြင့် ကျောက်ဆောင်များကိုထွင်းထုထားသော ရှေးဟောင်း လက်ရာများကိုလာရောက်ကြည့်ရှုကြပါသည်။

“စေးဟာ” သည်ကမ္ဘာလှည့်ခရီးသည်လမ်းပြ (Tourist Guide) တစ်ယောက်ဖြစ်ပြီး သူ၏ရိုးသားမှုနှင့် ယေရှုကိုချစ်သောသူဟူ၍ လူအသိ များပါ သည်။ သူ၏မော်တော်ဆိုင်ကယ်ဖြင့် ခရီးသည်များအား ထင်ရှား သည့်နေရာများ ကိုလိုက်ပြလေ့ရှိသည်။ ထိုအတွက်သူ၏ဖောက်သည်များအား အဆောက်အအုံများ လိုက်ပြရင်းသူ၏ယုံကြည်ခြင်းကိုလည်း ဝေမျှခွင့် ရလေသည်။

ဤလုပ်ငန်းသည်သူ့အား ယုံကြည်ခံယူချက်အမျိုးမျိုးနှင့် လူအများ ကိုတွေ့ဆုံခွင့်ရလေသည်။ ခရစ်ယာန်ဘုရားကျောင်းသို့ တစ်ခါမှ မရောက် ဖူးသူအားလည်း သူ၏ယုံကြည်ချက်ကိုဝေမျှချင်သူဖြစ်သည်။ ခရီးသွားလမ်းပြ ကုမ္ပဏီမှလည်း သူ့အားဆေးလိပ်အရက်မသောက်သူ၊ သူဥပုသ်နေ့၌ အလုပ်မလုပ် သော သူဟူ၍ အသိအမှတ်ပြုလေသည်။

“ကျွန်တော့်ရဲ့ဖောက်သည်တွေက ကျွန်တော့်ကို မြော်လင့်ခြင်းအသင်းဝင် တစ်ယောက်လို့သိတယ်ဗျ” “ကုမ္ပဏီကကျွန်တော့်ကိုငှါးတဲ့အခါ၊ ဥပုသ်နေ့မှာအ လုပ်လုပ်ခိုင်းရင် ကိုယ့်ယုံကြည်ခြင်းကို ဝေမျှခွင့်မရရင် ကျွန်တော်အဲ့ဒီအလုပ်ကို

ငြင်းပါတယ်။ သူတို့ပေးတဲ့ပိုက်ဆံဘယ်လောက် ကြီးမျှားနေပါစေ၊ မလုပ်ဘူး”ဟု သူက သက်သေခံခဲ့ပါသည်။

“စေးဟာ” သည် သူ၏ဂုဏ်သိက္ခာကို ငွေကြေး၏အထက်မှာထားရှိ ပါသည်။ တစ်နေ့သောအခါတွင် လူတစ်ယောက်က “စေးဟာ” ၏ ဆားဗစ် (ဝန်ဆောင်မှု) ကို ကြိုတင်မှာပါယူပါသည်။ ထိုသူက အခန်းတစ်ခန်း တစ်ရက်တာအတွက် ၂၅ ဒေါ်လာပေးရလေ့ရှိသည်။ သို့သော်ထိုအဆောင် ခန်းကိုပင် “စေးဟာ” ထံမှ မှာယူသောအခါ ၁၃ ဒေါ်လာသာကျသည်။ “ဘာကြောင့်လဲ”ဟု ထိုသူကမေးသော်၊ သူက ဟိုတယ်မှသတ်မှတ်သောဈေးအတိုင်းသာဖြစ်သည်ဟုဖြေ၏။ “ဘာပြုလို့အမြတ် မစားတာလဲ” ဟုမေးသော် သူ့စည်းကမ်းချက်အရ “ကျွန်တော်က ယေရှုရဲ့နောက် လိုက်တပည့်ပါ။ မတရားမှုကိုဘုရားမကြိုက်ပါဘူး”” သူရိုးရှင်းစွာပင်ပြန်ဖြေ ခဲ့သည်။

နောက်ပိုင်းတွင် အိမ်ပြန်ရောက်သွားသောထိုဧည့်သည်က အဝေးမှ နေပြီး မက်ဆေ့ချ်ပို့လာသည်။ “ဘုရားသခင်ရဲ့နောက်လိုက်တပည့်အစစ် အမှန်တစ်ယောက် အဖြစ် ကျွန်တော့်ကိုပြသပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ခင်ဗျားရဲ့သက်သေ ကြောင့် ကျွန်တော်အခုကျမ်းစာကိုလေ့လာနေပြီ” ဟူ၍ဖြစ်၏။

ယေရှု၏နောက်လိုက်တပည့် အစစ်အမှန်တစ်ယောက်အဖြစ် “စေးဟာ” အား ဘုရားသခင်ကယုံကြည်စိတ်ချနိုင်ပါသည်။ ကျွန်ုပ်တို့လည်း ဘုရားသခင်၏ မေတ္တာကို ရှင်းရှင်းလင်းလင်းကိုယ်စားပြုနိုင်ခွင့်ရှိပါသည်။ ကျွန်ုပ်တို့ဘဝအသက် တာ၏ ကဏ္ဍရှုထောင့်အဖက်ဖက် (နေထိုင်လုပ်ကိုင်ဆောင်ရွက်ဆောင်ရွက်မှုစရိုက် လူသားချင်းအပေါ်သဘောထား၊ ဘုရားသခင်အပေါ် သဘောထားနှင့်ကတိပြုထား သောအလှူငွေအပေါ် စိတ်ထားမှန်ကန်မှုစသည်တို့) အားဖြင့် ကျွန်ုပ်တို့နှင့် ဘုရားသ ခင် စပ်ကြားဆက်ဆံရေးကို မိမိ၏ ဝန်းကျင်မိမိ၏ကမ္ဘာအား သက်သေကောင်း တည်ကြပါစို့။

-----ooo-----

## ဥပုသ်အပတ်စဉ် (၈)

## ၂၅.၂.၂၀၂၃

### ဂျော်ဂျီယာ- “သာသနာပြုငယ် ကလေး”

“လုကာ” သည်မိဘများနှင့်အတူ တစ်ချိန်က ဆိုဗီယက်ယူနီယံ၏ အစိတ်အပိုင်းဖြစ်ခဲ့သော ဂျော်ဂျီယာနိုင်ငံလေးတွင်နေထိုင်ကြ၏။ ဖခင်ဖြစ် သူမှာ တရားဆရာတစ်ယောက်ဖြစ်ပြီး လုကာသည် ယေရှုကိုချစ်သော အသက်တာဖြင့် ကြီးပြင်းလာခဲ့သည်။

တစ်ခုသောဥပုသ်နေ့တွင် ဖခင်ဖြစ်သူမှ တစ်နေရာသို့ယေရှုအကြောင်း သက်သေခံဖို့တရားပွဲကျင်းပမည့်အကြောင်း၊ အသင်းဝင်တစ်ယောက်စီတိုင်းမှ မိမိ၏မိတ်ဆွေများကို ခေါ်ဆောင်လာရန် နိုးဆော်ကြောင်း ကြေငြာလိုက်ပါသည်။ လုကာလေးအနေဖြင့် မည်သူ့ကိုဖိတ်ခေါ်ရမည်ကို သူအတိအကျသိခဲ့ပါသည်။ ထိုသူမှာ သူ၏သူငယ်တန်းပြဆရာမပင်ဖြစ်ပါ သည်။

လုကာသည် သူ၏ဆရာမ “မစ်ခက်တီ” ကိုအလွန်ချစ်သည်။ သူကဲ့သို့ သူ့ဆရာမအား ယေရှုကိုသိစေလို၏။ ကျောင်းတက်သောနောက်နေ့တွင် လုကာ သည် သူ့ဆရာမအား သတင်းအစုံအလင်ပါသော ကဒ်လေးတစ်ခုကိုပေးပြီး တရားပွဲ သို့တက်ရောက်ရန်ဖိတ်ကြားပါသည်။ ဆရာမကလည်း ကြိုးစားပါမည်ဟုကတိ ပေးခဲ့သည်။

အချိန်တန်သော် တရားပွဲသို့ဆရာမရောက်လာသည်ကို တွေ့သော အခါ လုကာလေးအလွန်ပျော်သွား သည်။ ဆရာမကို သူကြိုဆိုပြီး ဆရာမ၏ နံဘေးတွင် ထိုင်ကာဆရာမအားအဖော်ပြုပါသည်။ ဆရာမလည်း ညစဉ် မှန်မှန်တက်ရောက်ပြီး

သူ့အတွက် လိုအပ်နေသောစတင်းစကားဖြစ် ကြောင်း လုကာ၏မိဘများအား ဆရာမက ပြောပါသည်။

တရားပွဲပြီးဆုံးခါနီးတွင် "မစ်ခက်တီ" မှသူ၏အသက်တာထဲသို့ ယေရှုကို အသက်ရှင်စေလိုကြောင်း လုကာ၏ဖခင်ကိုပြောပြသည်။ သူ၏ ဆရာမလည်း ယေရှုကိုချစ်သည်ကို သိရသောကြောင့် လုကာအလွန် ပျော်ပါသည်။

"မစ်ခက်တီ" သည် ကလေးဥပုသ်စာဖြေတန်းသို့သွားသောအခါ ကလေး များ မိမိတို့ဘာသာစကားဖြင့်ဖတ်နိုင်သောကျမ်းစာနှင့် ဥပုသ်စာ ဖြေသင်ခန်းစာ မရှိကြောင်းတွေ့ရှိပြီး၊ ထိုအတွက် ကလေးများကျမ်းချက်အလွတ်ရွတ်ဆိုနိုင်ရန် ခက်ခဲကြောင်းကိုလည်းနားလည်သိရှိခဲ့ပါသည်။ ထိုနောက်မှ အခွင့်အခါများ ရောက် လာ၏။ ကမ္ဘာ့အရပ်ရပ်မှပေးလှူသော ကတိပေးထားသည့် အလှူငွေ (Promised Offerings) များ ရောက်ရှိလာမှ ကလေးများသည် မိမိတို့၏ဘာသာစကားဖြင့်ရေး ထားသော ကျမ်းစာကို ကောင်းစွာဖတ်ရှုရပါပြီ။

လုကာသည် မိမိ၏ဘာသာစကားဖြင့် ရေးထားသော ကျမ်းစာနှင့် ဥပုသ်စာဖြေများကို ကောင်းမွန်စွာ ဖတ်ရှုနိုင်သောကြောင့် ဝမ်းမြောက်ဝမ်း သာဖြစ်ကာ၊ သူ၏သူငယ်ချင်းများအားလည်း ဝေငှလျက်ဘုရားကျောင်းသို့ လာဘို့ရန်လည်းဖိတ်ခေါ်ပါသည်။ ကမ္ဘာအဝှမ်းမှာရှိသော ယုံကြည်သူများလည်း မိမိတို့၏စိတ်ဆန္ဒဖြင့် ဆုံးဖြတ်ကတိပေးထားသော အလှူစနစ်ကို ကျင့်သုံးလာ သောကြောင့် ၎င်းတို့၏အလှူသည်ကမ္ဘာကိုပတ်လျက်ကောင်း ကြီးမင်္ဂလာဖြစ်ပါ သည်။

ကလေးငယ်များပင်လျှင် အနည်းအများကိုမတွက်ဘဲ စိတ်ပိုင်းဖြတ်သည် အတိုင်းဆက်ကပ်ဝန်ထမ်းနိုင်ပါတယ်မိတ်ဆွေ။

-----ooo-----

ဥပုသ်အပတ်စဉ် (၉)

၄.၃.၂၀၂၃

## အီသီယိုးပီးယား - "ယေရှုအားသိကျွမ်းရန် လုပ်ဆောင်ခြင်း"

"တာလီဇာ" ၏အသက်တာတွင် ကျောက်ကြမ်းပေါသောတောင်ကုန်း၌ သာနေခဲ့ရသည်။ အများအား ဖြင့်တောအရပ်တွင်နေကြပြီး၊ လူဦးရေ (၈၅) သန်းသည် မြို့ပြင်မှာနေ့စဉ်မိုင်ပေါင်းများစွာကို လမ်းလျှောက်လျက် "တာလီစာ" အနေဖြင့်သူ၏မိသားစု၊ အသင်းသူအသင်းသားများနှင့်တွေ့ဆုံရန် နေ့စဉ်မိုင်ပေါင်းများစွာကိုလမ်းလျှောက်လျက်သွားလာရသည်။ ဂလိုဘယ်မစ်ရှင်သာသနာပြုတစ်ယောက်အဖို့ ခက်ခဲသော်လည်း သူ၏လူမျိုးစုထဲ၌ အတူရုန်းကန်လှုပ်ရှားရင်း လူချစ်လူခင်ပေါသူတစ်ယောက် ဖြစ်သည်။

သာသနာပြုရသည့်အိမ်တစ်နေရာနှင့်တစ်နေရာဝေးလံသည်။ (၈) နာရီကြာ လမ်းလျှောက်ရသည်လည်းရှိ၏။ ယုံကြည်သူမိသားစုတစ်စု၊ တစ်စုအတွက် မိမိ၏ ကိုယ်ငွေကြေးဖြင့် ဝတ်ပြုဆောင်များဆောက် ပေးလေ့ရှိသည်။

အီသီယိုးပီးယားလူအများစုက နတ်ကိုးကွယ်သူများဖြစ်ကာ အယူသီး အစွဲကြီးသူတို့၏ ခြောက်လှန့်မှု များကိုအမြဲတမ်းကြောက်နေကြသည်။ "တာလီစာ" က နတ်ဆိုးများကို ဖယ်ရှားပေးသော ယေရှုအကြောင်းကို ဝေငှပေးပြီး သူတို့ကို ချစ်လျက် သူတို့နှင့်အတူနေချင်သောဘုရားသခင်၏အကြောင်းကို သူတို့အား ဟောပြောသက်သေခံပါသည်။

ကမ္ဘာတစ်ဝှမ်းတွင် ထိုသို့သောလူများအတွက် "တာလီစာ" ကဲ့သို့ သာသနာပြုသူဦးရေထောင်ပေါင်းများစွာရှိပါပြီ။ ယခုသင်တို့၏အထောက် အမဖြင့် "တာလီစာ" အပါအဝင်ထိုသာသနာပြုများမှ သမ္မာတရား ဝေမျှတ် သူတို့အား ၎င်းတို့ကြောက်ရွံ့နေကြသောအရာများထက် တန်ခိုးကြီးပြီး မေတ္တာဖြင့်လူကို

ကယ်တင်သောဘုရားသခင်၏အကြောင်းကို သက်သေခံဟောပြောရန် အီသီယိုပီးယားအနှံ့အပြားတွင် ခြေကျင်ဖြင့် သွားလာလှုပ် ရှားနေကြပါသည်။

ဂလိုဘယ်မစ်ရှင်သာသနာပြုများနှင့် သူတို့၏အပေါင်းအပါများအတွက် အထူးဆုတောင်းပေးကြပါရန်တောင်းဆိုပါသည်။ သခင်ယေရှုအလျင်အမြန်ပြန်ကြွလာနိုင်ရန် ဟောပြောသက်သေခံဝေငှရသော နေရာများတွင် သင်တို့၏မှန်မှန်ပေးလှူဆက်မှုသည်လည်း မရှိမဖြစ်လိုအပ်ပါသည်။ ကျွန်ုပ်တို့ဆက်ကပ် သောအလှူငွေများသည် ဘုရားသခင်နှင့်ကတိပြုထားသောစေတနာအဖြစ် အကောင်းဆုံးတွင်ပါဝင်ဖို့လိုအပ်သည်။ သို့မှသာလုပ်ဆောင်သူများ၊ အစီအစဉ်များ၊ အဆောက်အအုံများအားဖြင့် ကမ္ဘာ့ လူသားတိုင်းဆီသို့ ကျွန်ုပ်တို့ရောက်ရှိသွားနိုင်မှာဖြစ်ပါသည်။

စုပေါင်းအလှူငွေစနစ် (Combined Offering Plan) ကို ကမ္ဘာ့ဌာနချုပ်မှအကြံပြုထားသည်ဖြစ်ရာ၊ သင်ကတိပြုထည့်ဝင်သောအလှူ၏ ၅၀% (သို့) ၆၀ % သည် သင်၏ဒေသခံသာသနာအတွက် ၂၀ % (သို့) ၃၀% သည် တိုင်းမစ်ရှင်နယ်အတွက်နှင့် ကျန် ၂၀ % သည် ကမ္ဘာတစ်ဝှမ်းကိုရောက်သည့် ကမ္ဘာ့သာသနာရံပုံငွေ အဖြစ်ရောက်ရှိသွားမှာဖြစ်ပါသည်။ ထိုအကြောင်း ကြောင့် သင်သည် ကမ္ဘာပတ်သောသနာပြုတစ်ယောက် ဖြစ်ပါ၏။

ကမ္ဘာကိုအရောက်လှမ်းနိုင်ဖို့ရန် ကျွန်ုပ်တို့၏ဆုတောင်းခြင်း၊ ကတိသစ္စာဝတ်ကိုဖြေလျော် ဆက်ကပ်ခြင်းအားဖြင့် အများသောသူတို့လည်း ယေရှုသခင်နှင့်သိကျွမ်းခွင့်ရပြီး၊ တစ်နေ့တွင် ကောင်းကင်နိုင်ငံတော်၌ သူတို့နှင့်အတူကျွန်ုပ်တို့ဆုံတွေ့ကြရမှာဖြစ်ပါသည်။

-----ooo-----

ဥပုသ်အပတ်စဉ် (၁၀)

၁၁.၃.၂၀၂၃

## ဖိလစ်ပိုင် - "ယေရှုအတွက်စစ်သည်တော်များ"

ဖိလစ်ပိုင်နိုင်ငံ၏ မင်ဒိုရိုကျွန်းကလေးပေါ်တွင် "ဂျက်စ်လီနီ"သည် မိသားစုနှင့်အတူ နံနက်စာစားနေ၏။ သေနတ်သံတစ်ချက်က ငြိမ်းချမ်းမှုကို ဖြိုခွင်းလိုက်သည်။ ခင်ပွန်းဖြစ်သူ "အန်တိုနီယို" က အိမ်ခန်းထဲမှ သေနတ်ကိုပြေးယူပြီး ပြန်လည်ပစ်ခတ်၏။ သူသည် တော်လှန်ရေးသမားတစ်ယောက်ဖြစ်သောကြောင့် အာဏာပိုင်တပ်မှ ခြုံခိုတိုက်ခိုက်လာခြင်းဖြစ် သည်။

"ဂျက်စ်လီနီ" သည် ကလေးငယ်များအားပြန်ဆွဲခေါ် ပြီး သေနတ်သံတိတ်သွားသည်အထိ တောထဲသို့ထွက်ပြေးရလေသည်။ အတန်ကြာမှ ကလေးများအိမ်သို့ ပြန်လည်ချောင်းကြည့်ရာ "အန်တိုနီယို" မှာ သေသွားပါပြီ။ "ဂျက်စ်လီနီ" မှာ မုန်းတီးစိတ်များပိုမိုပြင်းထန်လာကာ၊ သားများက ဖခင်အတွက် လက်စားချေရန်သွန်သင်ပေးဖို့ဆုံးဖြတ်လိုက်သည်။ သားအကြီး (၁၃)နှစ်အရွယ်ရောက်လာသောအခါ တော်လှန်ရေးတပ်ထဲသို့ပို့လိုက်၏။ ကျန်ကလေးငယ်များအား တောထဲတွင်မည်ကဲ့သို့အသက်မွေးရမည်၊ လက်နက်မည်ကဲ့သို့ အသုံးပြုရမည်စသည်တို့ကို သွန်သင်ပေးလေသည်။

တစ်နေ့သောအခါ "ဂျက်စ်လီနီ" အလုပ်လုပ်နေရင်း ရေဒီယိုဖွင့်နား ထောင်မိသည်။ သာယာသောအသံဖြင့် "ကြွလာဦးမည်၊ ကြွလာဦးမည်၊ ယေရှုကြွလာလိမ့်ဦးမည်" ဆိုသောတေးသီချင်းသည် သူ၏စိတ်နှလုံးကိုထိလာ၏။ စကားပြောသူက သနားကြင်နာတတ်သော ကယ်တင်ရှင်ယေရှု အကြောင်းကို ဟောပြောနေသည်။ စိတ်နှလုံးကို စွဲမက်စေ၍ "ဂျက်စ်လီနီ" ဆက်လက်နားထောင်ခဲ့သည်။ နွေးထွေးသောဘုရားသခင်၏ ဖိတ်ခေါ်သံလို ကြားယောင်မိသောအခါ၊ သူ၏အပြစ်ကိုခွင့်လွှတ်ဖို့ရန်

တောင်းလျှောက် လိုက်ပါသည်။ များမကြာမီပင် သူသည် သခင်ယေရှုကိုလက်ခံပြီး မိမိ၏ ရန်သူကိုခွင့်လွှတ်နိုင်ရန်အတွက် လေ့ကျက်လာခဲ့ပါသည်။ ကလေးငယ်များလည်း မိခင်၏နမူနာအတိုင်း အားလုံးနှစ်ခြင်းမင်္ဂလာကိုခံယူကြပါတော့သည်။

နောက်နေ့များတွင် "ဂျက်စ်လီနီ" သည်ရေဒီယိုမှ ဒေသနာရှင် (တရားဟောဆရာ)နှင့် တွေ့ဆုံခွင့်ရပါသည်။ မျက်ဝန်းအိမ်မှမျက်ရည်များ ပြည့်လျှက် "ဆရာရယ်၊ ဒီသတင်းစကား ကျမတို့ဆီရောက်လာဖို့ ဘာဖြစ် လို့နှောင့်နှေးခဲ့ရလဲမသိဘူးနော်။ ကျမခင်ပွန်းမသေဆုံးခင်မှာသာရောက်လာခဲ့ရင်သိပ်ကောင်းမှာပဲ။ သူလည်း အချိန်မီနောင်တရတန်ပါတယ်" ဟု ဆို့နင့်စွာပြောလာပါတယ်။ ထပ်၍လည်း "ဒီလေလှိုင်းဒေသနာဟာ တောတောင်တွေပေါ်က တစ်ခြားရွာတွေစီကို ရောက်သွားစေရမယ်။ သူတို့အတွက် အချိန်မနှောင်းခင် သူတို့ ကြားရမယ်" ဟု ဆက်ပြော၏။

"ဂျက်စ်လီနီ" နှင့်သူ၏သားတို့တွင် ခွင့်လွှတ်ခြင်းနှင့် ဝမ်းမြောက်ပျော်ရွှင်ခြင်းကမုန်းတီးခြင်းနေရာကိုအစားထိုးလိုက်ပါပြီ။ ၎င်းတို့၏မိတ် ဆွေများအားလည်း ကျည်ဆံများကိုရောင်းချပြီးကျမ်းစာအုပ်ကိုဝယ်ကာ ဘဝ၏ပျော်ရွှင်မှုအစစ်အမှန်ကို ရှာဖွေဖို့နှင့်လေလှိုင်းဒေသနာ "အေ-ဒဘယ်ယူ-အာရ်" ကိုထောက်ပံ့ ရန်လည်းတိုက်တွန်းအားပေးကြပါသည်။

ကျွန်ုပ်တို့၏ ဘဝအသက်တာသည် ကယ်တင်ရှင်ကြောင့်ပြောင်းလဲခဲ့ပါပြီ။ ဘုရားသခင်၏ သာသနာလုပ်ငန်းအတွက် ဆက်ကပ်သောအလှူငွေအားဖြင့် ကိုယ်တော်အားကျေးဇူးတင်ကြောင်းကိုဖော်ပြရပါမည်။ ကျွန်ုပ် ကတိပြုသောအလှူငွေသည် အသင်းတော်အတွက်မဟုတ်ပါ။ ဘုရားသခင်အတွက်ဖြစ်ပါသည်။ ကမ္ဘာအရပ်ရပ်မှာရှိကြသော လူများဆီသို့ရောက်သွား ဖို့ရန်အတွက်ဖြစ်ပါသည်။

- (ဂျက်စ်လီနီ) မှာ နာမည်ပြောင်းထားခြင်းဖြစ်သည်။
- Duane Mckey (AWR ဌာနဥက္ကဌ) မှတင်ဆက်သည်။

-----ooo-----

**ဥပုသ်အပတ်စဉ် (၁၁)**

**၁၈.၃.၂၀၂၃**

## ပေါ်တူဂီ - "ဆိတ်ကလေးများ၏ မိတ်ဆွေများ"

"ခရစ်စတော့ဖ်" ၏မိသားစုသည် ကြာမြင့်စွာနေထိုင်ခဲ့ရသော မြို့ပြနေဘဝကို ငြီးငွေ့လာသည်နှင့် ဘုရားတရားနှင့် နီးနီးနားနား၊ အေးအေးဆေးဆေးနေနိုင်ရန် ပေါ်တူဂီ၏တောင်ထိပ်တည် ရွာငယ်လေး တစ်ရွာသို့ရွှေ့ပြောင်းနေထိုင်ခဲ့သည်။ အိမ်အသစ်တွင် အခန်းပေါင်းများစွာ ဖွဲ့ထားသောကြောင့် "ခရစ်စတော့ဖ်" တို့ ညီအစ်ကိုများ ဆော့ကစားကြရန် အဆင်ပြေပါသည်။

၎င်းတို့ရောက်လာခါစတွင် ပေါ်တူဂီစကားကို မပြောနိုင်သော ကြောင့် အိမ်နီးချင်းများသို့ ဦးစွာမိတ်ဖွဲ့ကူညီပေးသည်။ တဖြည်းဖြည်းနှင့် ဘာသာစကားကို နားလည်လာသည်။ "ခရစ်စတော့ဖ်" ပထမဦးဆုံးရင်းနှီး သောသူငယ်ချင်းမှာ ဆိတ်ကျောင်းသားလေး "အန်တိုနီယို" ဖြစ်ပြီး၊ အငြိမ်မနေတတ်သော တိရစ္ဆာန်များကို မည်သို့ထိန်းရမည်ကိုလည်း သူ့အား သင်ပေးသည်။ "အန်တိုနီယို" သည်စာမဖတ်တတ်၊ မရေးတတ်ကြောင်း သိ၍ "ခရစ်စတော့ဖ်" ကသင်ပေးလေသည်။ နောင်သောအခါ "ခရစ်စ တော့ဖ်" က "အန်တိုနီယို" ထံအလည်သွားတိုင်း သူ၏ကျမ်းစာအုပ်ကို ယူသွားလေသည်။

ကျမ်းစာထဲမှ ပုံပြင်များကို "ခရစ်စတော့ဖ်" ဖတ်ပြသောအခါ "အန်တိုနီယို" က ပျော်ရွှင်စွာနားထောင်လေ့ရှိသည်။ ပြီးနောက် ကောင်းကင်မှာ ဘုရားသခင်ရှိသည်ကိုယုံကြည်ကြောင်း ဟိုးအရင်က သူ၏အဖွားလည်း မြော်လင့်ခြင်းအသင်းဝင် တစ်ဦးဖြစ်ကြောင်း "ခရစ်စတော့ဖ်" အားပြောပြလေသည်။ ထိုသို့ယုံကြည်ခြင်း ဝေငှနိုင်သောမိတ်ဆွေနှင့်ဆုံရသောကြောင့် "ခရစ်စတော့ဖ်" လည်း ဝမ်းသာအားရ

လျက်၊ သူ၏သူငယ်ချင်းအားလည်း ဘုရားကျောင်းသို့ခေါ်သွားလေသည်။ သူတို့နှင့် အနီးဆုံးမြော်လင့်ခြင်းဘုရားကျောင်း အလွန်ဝေးလံသည့်အပြင်လမ်းကြမ်းလျှောက် ရသောကြောင့် နောက်ပိုင်း "အန်တိုနီယို"၏အိမ်တွင်စုရုံးပြီး ကျမ်းစာလေ့လာကြ သည်။

"ခရစ်စတော့ဖ်" မှ "အန်တိုနီယို" အား ကျမ်းစာဖတ်ပြခြင်းမှစ၍ သတင်း စကားပျံ့နှံ့သွားလေသည်။ တခြားမိတ်ဆွေများစိတ်ဝင်စား ပါဝင်လာသည်အ လျောက်၊ အစုအရုံးတစ်ခုဖြစ်လာခဲ့လေသည်။ အလယ်ပိုင်း ပေါ်တူဂီ၏တောင်ကုန်း တောင်တန်းများရှိလူသူအများတို့သည် ဘုရားသခင် ၏မေတ္တာကို ဆိတ်ကျောင်း သားလေးအားဝေငှပေးသော "ခရစ်စတော့ဖ်" အားဖြင့် ဧဝံဂေလိသတင်းစကားကို ကြားသိခွင့်ရလာကြ လေသည်။

ကျွန်ုပ်တို့သစ္စာရှိစွာ ပုံမှန်ထည့်ဝင်လိုက်သော အလှူငွေများနှင့် ဆယ်ဖို့တစ်ဖို့ တို့၏စနစ်တကျ ပါဝင်ဆက်ကပ်မှုကြောင့် တောင်တန်းဒေသ ရွာငယ်များနှင့် မြို့ပြများတို့ထံသို့ သခင်ယေရှုရောက်ရှိသွားအောင်ပို့ ဆောင်ပေးနိုင်ပါသည်။ စုပေါင်းအလှူငွေစနစ် (Combined Offering Plan) ဆိုသည်မှာ ဆယ်ဖို့တစ်ဖို့အပြင်၊ သင်ထည့်ဝင်သောအလှူငွေကိုဆိုလိုသည်။ ထိုအလှူငွေသည် ဒေသခံ (ဒေသန္တရ) အသင်းတော်တွင် ၅၀ % မှ ၆၀ %၊ ၂၀ % မှ ၃၀ % သည်ပြည်မအသင်းတော် (Union) တွင် ၊ ကျန် ၂၀ % မှာ ကမ္ဘာ့ဌာနချုပ်အထိ သာသနာပြုလုပ်ငန်းများအတွက် အသုံးတော်ခံသွား မည်ဖြစ်ပါသည်။ နိုင်ငံရပ်ခြား သာသနာ၊ အစီအစဉ်များ၊ စီမံကိန်းများနှင့် သာသနာပြုများကို မွေးထုတ်ပေးသည့် ဌာနတို့တွင်ပါဝင်ပါသည်။

သစ္စာရှိစွာဖြင့် ဘုရားသခင်၏အမှုတော်မြတ်အတွက် ဆက်ကပ်လျက်၊ အမှုတော်လျင်မြန်စွာပြီးဆုံးပြီး ကောင်းကင်နိုင်ငံတွင်ဆုံတွေ့ကြ ပါစို့။

-----ooo-----

**ဥပုသ်အပတ်စဉ် (၁၂)**

**၂၅.၃.၂၀၂၃**

## ဘရာဇီးလ် - "အိမ်နီးချင်းများ ဂရုစိုက်လာခြင်း"

ဘရာဇီးလ်၏ ဆာဗေဒါမြို့တွင် ပြောင်းလဲမှုကြီးဖြစ်နေသည်။ ထိုနေရာတွင် မြော်လင့်ခြင်းအသင်းတော်တိုးတက်နှုန်း အလွန်မြင့်မား (မြန်ဆန်) သည်။ သို့သော် ထိုမြို့ထဲမဝင်ရောက်နိုင်သေးသော ရပ်ကွက် လည်းရှိနေသေးသည်။

ရပ်ကွက်အများတွင်ရောက်ရှိပြီး နှစ်ပေါင်းများစွာ သောက်စားရမ်း ကားမှု၌ ကျော်ကြားသူ "ဂျိုဇေး" ဆိုသူရှိ၏။ "အာရိ" ဆိုသူက "ဂျိုဇေး" တစ်ယောက် အလုပ်လက်မဲ့ဖြစ်သည်ကိုသိသည်။ ထိုကြောင့်သူ၏ ကုမ္ပဏီ၌ အလုပ်ပေးပြီး၊ ဘုရားကျောင်းအဆောက်အဦးများ ဆောက်လုပ်ရလေ သည်။

"အာရိ"၏ သူ့အပေါ်ဆက်ဆံရေးသည် အခြားသူ၏ရိုင်းပျစွာဆက် ဆံမှုမျိုးနှင့်မတူ၊ တလေးတစားရှိခြင်း၊ ဘုရားတရားစိတ်ရှိခြင်းတို့ကို "ဂျိုဇေး"တစ်ယောက် အံ့ဩနေမိသည်။ တစ်ခါတစ်ရံ သူနှင့်အတူ ကျမ်းစာဖတ်ရန်ပင် "အာရိ" က "ဂျိုဇေး" အားဖိတ်ခေါ်သေးသည်။ "ဂျိုဇေး" ၏စိတ်မှာ အရည်ပျော်လာသည်။ ယခင်ကသူ ခုံမင်နှစ်သက်ခဲ့သောအရာများကိုမေ့ပစ်လိုက်ပြီ။ သူ၏ဘဝပြောင်းလဲလာသည်။ ယေရှုကိုမိမိ၏ ကိုယ်ပိုင်ကယ်တင်ရှင်အဖြစ်လက်ခံလာပြီး၊ နှစ်ခြင်းမင်္ဂလာယူရန် တောင်းဆိုလာပါသည်။

"ဂျိုဇေး" ၏အိမ်နီးချင်းများက "ဂျိုဇေး" ၏ပြောင်းလဲမှုကို ဂရုစိုက်လာ သည်။ အရင်ကကဲ့သို့သီချင်းများကျယ်လောင်စွာဖွင့်ပြီး မူးယစ် ရမ်းကားခြင်းများ မရှိတော့၊ အံ့ဩစရာကားအတိ။ အများကမေးလာကြသည်။ "မင်းဘာဖြစ်နေတာလဲ၊

အပြောင်းလဲကြီးပါလား” ဟု။ သူ၏အဖြေကရှင်းပါသည်။ “ငါ သခင်ယေရှုနဲ့တွေ့ခဲ့တယ်” ဟူ၏။ သူ၏မျက်ဝန်းများမှာ ဝင်းလဲတောက်ပသောဝမ်းမြောက်ခြင်းအပြည့်။

ထိုကဲ့သို့ သူ လုံးဝပြောင်းလဲသွားခြင်းကို တချို့သူများမယုံချင်ကြ။ “ဂျိုဇေး” သည် သူ၏ပတ်ဝန်းကျင်ရှိသူများကို ဖိတ်ခေါ်ကာ လိုအပ်သူများအတွက် ဆုတောင်းပေးခြင်းများပြုလုပ်သည်။ ကျမ်းစာအုပ်ကို ညွှန်လျက် သူတို့အတွက်အမှန်တကယ် ဂရုစိုက်နေသော ဖန်ဆင်းရှင်ဘုရားသခင်အကြောင်းကို ပြောပြလေသည်။ ဤသို့ဖြင့်ပတ်ဝန်းကျင်ကလည်း ပို၍ သိလိုလေ၊ သိလာလေဖြစ်ပြီး၊ ဦးစွာ (၁၀) ယောက်နှစ်ခြင်းခံပြီး နောက်ထပ်လည်းအဆင်သင့်ဖြစ်လာကြသည်။ “ဂျိုဇေး” ၏အိမ်သည် ဆာဗေဒါမြို့ရှိ အသင်းတော်၏ အဖွဲ့ငယ်ဗဟိုပြုအိမ်ဖြစ်လေသည်။ ထိုအဖွဲ့ငယ်များမှ ဝတ်ပြုရာအဖွဲ့အစည်းဖြစ်လာသည်။ ထိုအဖွဲ့အစည်းမှ တစ်ဖန်အဖွဲ့ငယ်များ ထပ်မံစုဖွဲ့လာကြသည်။

လွန်ခဲ့သောငါးနှစ်က ဆာဗေဒါမြို့တည်ရှိရာ ဘဟိယ (Bahia) ပြည်နယ်တွင် (၅) နှစ်အတွင်း ဘုရားကျောင်းအဆောင် (၁၀၀၀) တည် ဆောက်နိုင်ရန် ပန်းတိုင်ထားခဲ့သည်။ ပန်းတိုင်လည်းပြည့်မီခဲ့ပါသည်။ ပြောင်းလဲလာသူထိုလူစုထဲတွင် “ဂျိုဇေး” ကဲ့သို့သောသူများစွာပါဝင်နေပါ သည်။

“ဂျိုဇေး” ၏ဘဝသက်သေခံချက်ကတော့ ရှုန်းကန်လှုပ်ရှားမှုဘယ်လောက်ပြင်းထန်ပါစေ၊ ယေရှုက ဘဝကိုပြောင်းလဲပေးနိုင်၏ဟု ဆိုပါ သည်။

စနစ်တကျဖြင့် ပုံမှန်ထည့်ဝင်သော သင်၏ကတိပြုအလှူငွေသည် ဘုရားသခင်နှင့် ဖက်စပ်လုပ်ဆောင်ခြင်းဖြစ်ပါသည်။ သင်ပေးလှူသောအရာထက်မက

အလျှံပယ်သောကောင်းကြီးမင်္ဂလာအဖြစ် (လုကာ ၆း၃၈) မှကတိတော်သည် သင့်အသက်တာ၌ ပြည့်စုံခြင်းရှိပါစေသော။

-----ooo-----

**ဥပုသ်အပတ်စဉ် (၁၃)**

**၁.၄.၂၀၂၃**

## တိမောလက်စ် - "သာသနာနယ်သစ်တစ်ခု"

တိမောလက်စ်သည် အရှေ့တောင်အာရှ၌ တည်ရှိသောကျွန်းငယ် နိုင်ငံ တစ်ခုဖြစ်ပါသည်။ လူဦးရေ ၁.၂ သန်းရှိပြီး အများစုမှာ ကာတိုလစ် ဘာသာဝင်များဖြစ်ကြသည်။

တိမောလက်စ်၌ မြော်လင့်ခြင်းအသင်းဝင်ဦးရေ (၅၀၀) သာနေထိုင်ပြီး၊ တရားဝင်ဘုရားရှိခိုးကျောင်းတစ်ကျောင်းသာ မြို့တော်တွင်တည်ရှိပါသည်။ အခြားသောအစုအဖွဲ့ (၃)ဖွဲ့ကား ကျွန်းပေါ်တွင်ဖြန့်လျက်နေပါသည်။ ထိုအသင်းဝင်လူနည်းစုတို့သည် နှိပ်စက်ညှင်းပန်းခြင်းနှင့် ရင်ဆိုင်ကြရ သည်။ ၎င်းတို့မှာ ဝိုင်းပယ်ခံရခြင်း၊ နှိပ်စက်ကလူပြုခြင်းနှင့် အလုပ်မှထုတ် ပစ်ခံရခြင်းစသည်တို့နှင့် မကြာခဏရင်ဆိုင်ရလေသည်။ ကလေးငယ်များ ဥပုသ်နေ့တွင် ကျောင်းမတက်လျှင် ကျောင်းမှထုတ်ပစ်ခံရပါသေးသည်။

"ဂျိုကီနာ"ဆိုသူ အမျိုးသမီးတစ်ယောက်သည် မိမိအိမ်တွင်နေပြီး စက်ချုပ်လျက်အိမ်ငယ်ဆိုင်ခန်း တစ်ဖြစ်လည်းရိုးသားစွာလုပ်ကိုင်အသက် မွေးရသူဖြစ်သည်။ သူ၏ဆန်းသစ်တီထွင်တတ်သော အတတ်နှင့်လည်းအလုပ်ဖြစ်ပါသည်။ သူ၌ကာယပိုင်းဆိုင်ရာအားနည်းမှုရှိသောကြောင့် ဘုရားသခင်ကို အမြဲတစေအားကိုးအားထားပြုရလေသည်။ တစ်နေ့တွင် သူဆုတောင်းပြီးသောအချိန်လေးမှာပင်

မြော်လင့်ခြင်းအသင်း ဝင်အမျိုးသမီး ၂ ဦးသူ့ထံလာပြီး သူနှင့်အတူဆုတောင်းကြသည်။ ပြီးနောက်ကျမ်းစာအုပ် တစ်အုပ်လည်း ထားခဲ့ပေးသည်။

"ဂျိုကီနာ" သည် ကျမ်းစာကိုဖတ်ရှုလေ့လာရင်း မြော်လင့်ခြင်း၏ ယုံကြည်ချက်နှင့် စပ်လျဉ်းသော အမှန်တရားတချို့ကို သိရှိနားခံလာခဲ့သည်။ ဥပုသ်နေ့၌ သူ၏အိမ်ဆိုင်ကလေးကိုပိတ်ပြီး မြော်လင့်ခြင်းအသင်းဝင်များနှင့်အတူ ဘုရားဝတ်ပြုသည်။ အိမ်နီးချင်းများရိပ်မိလာ၍ တိုင်တောခြင်းပြုသောကြောင့် သူအဖမ်းခံလိုက်ရတော့သည်။ သူ့အတွက် အလွန်ခက်ခဲသောအချိန်ဖြစ်ခဲ့သော်လည်း ဘုရားသခင်ကသူ့အား ခွန်အားပေးသည်။ သူ၌ အမှားအယွင်းတစ်ခုမှ မရှိခဲ့သောကြောင့် အချုပ်အနှောင်မှလွှတ်လာခဲ့သည်။ ညှဉ်းပန်းခြင်းခံရသော်လည်းသူ၏အိမ်နီးချင်းများကို သခင်ယေရှု အကြောင်းအမြဲဝေငှလျက်ရှိသည်။

တိမောလက်စ်ရှိ မြော်လင့်ခြင်းကလေးများသည် အစိုးရကျောင်းတွင် တစ်ပတ်လျှင် (၆) ရက် ကျောင်းတက်ရသောကြောင့် စိန်ခေါ်ချက်နှင့် ထိပ်တိုက်ရင်ဆိုင်ရလေသည်။ ဥပုသ်နေ့၌ကျောင်းမတက်သောကြောင့် ကျောင်းမှထုတ်ပစ်ခံရလေသည်။ ၂၀၁၅ တုန်းက ကမ္ဘာ့ရုံပုံငွေတချို့သည် တိမောလက်စ် အတွက်ကျလာသောကြောင့် မြော်လင့်ခြင်းမူလတန်းကျောင်းတစ်ဆောင် ဆောက်လုပ်နိုင်ခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာ (International School) အသိအမှတ်ပြုခံရပြီး အင်္ဂလိပ်ဘာသာရပ်၌ ထင်ရှားလာသောကြောင့်ကျောင်းဝင်စာရင်းလည်းတိုးတက်လာ၏။ ရပ်ဝေးမှလာတက်လိုသူအတွက် နေရာထိုင်ခင်းလိုအပ်လာသည်။ မြော်လင့်ခြင်းအသင်းမဟုတ်သောကျောင်းသားမိဘတို့၏ စိတ်ဝင်စားမှုအားကောင်းလာသည်။ သာသနာလုပ်ငန်းအတွက်အားထားရသော ဗဟိုဌာနတစ်ခုဖြစ်လာပါ သည်။

သင်၏ကတိပြုအလှူငွေတစ်စိတ်တစ်ပိုင်းသည် လိုအပ်သောအဆောက်အအုံအတွက် တိမောလက်စ် သာသနာကိုကောင်းကြီးမင်္ဂလာ ဖြစ်စေပါသည်။

-----ooo-----

## ဥပုသ်အပတ်စဉ် (၁၄)

ဧပြီလ (၈) ရက်၊ ၂၀၂၃

### မြော်လင့်ခြင်းအသံလှိုင်း - စီပရီယာနို၏ဒုတိယအကြိမ်မြောက်အခွင့်အရေး

ကျွန်တော်ဟာအသက်၂၅နှစ်အရွယ်ဖြစ်ပြီးအရက်သေစာစွဲနေရာကနေသေအံ့ဆဲ ဆဲအနေအထားဖြင့်လဲလျောင်းနေသည်။ ကျွန်တော်၏အသက်တာက မျှော်လင့်ချက်မရှိတော့ဘူးလို့ ကျွန်တော်ထင်သည်။

အသက်ငယ်ရွယ်စဉ်ကလေးဘဝတွင် ကိုယ့်ထက်အသက်ကြီးသည့် ယောကျ်ားလေးများ၏အနိုင်ကျင့်ခြင်းကိုခံရသည်။ ကျွန်တော်ကြီးပြင်းလာသည့်အခါတွင် ကိုယ့်ကိုယ်ကိုယ်ဘယ်လိုရပ်တည်ရမည်ကိုသိရှိလာခဲ့သည်။ နောက်ပိုင်းတွင် ကျွန်တော့်ကိုအနိုင်ကျင့်တာတွေရပ်သွားပြီး၊ ကျွန်တော့်ကိုလက်ခံ လာခဲ့ကြသည်။ သူတို့၏တဖြည်းဖြည်းနဲ့တုန်ခါသည့်တေးဂီတနှင့်အရက်သေစာ လောကထဲကို ကျွန်တော့်ကို သူတို့မိတ်ဆက်ပေးသည်။ မကြာမီတွင်ဘဲ ကျွန်တော်ဟာ အရက်သေစာစွဲကပ်လာပြီး ကျွန်တော့်မိတ်ဆွေသူငယ်ချင်းများက မတိုက်သည့်အခါ၊ ကျွန်တော်ခိုးပြီးသောက်သည်။

ကျွန်တော်အသက်၁၅နှစ်မှာ ကျောင်းထွက်ပြီး အလုပ်သွားလုပ်သည်။ သို့သော် အလုပ်လုပ်သော် အလုပ်လုပ်၍ရသည့်ငွေအကုန်လုံးကိုကျွန်တော် အရက်သွားဝယ်သောက်သည်။ နောက်ထပ်၅နှစ်လောက် အချိန်တွေဟာ ကျွန်တော့် အသက်တာ၏အဆိုးဝါးဆုံးသောနှစ်များဖြစ်သည်။ အရာခပ်သိမ်း ကျွန်တော်မုန်းတီးတာတွေဖြစ်လာသည်း တခြားသူတွေကို ကျွန်တော်အနိုင်ကျင့်ပြီး ကျွန်တော်မူးလာသည့်အခါ ကြမ်းတမ်းရိုင်းစိုင်းလာသည်။ ကျွန်တော်စိတ်ကျမှုကိုခံစားရပြီး၊ ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်ဖို့ကြံစည်သည့်အဆင့်ရောက်လာခဲ့သည်။ ကိုယ့်ကိုယ်ကိုယ်ထက် မုန်းတီးမိသည့် တစ်ခုတည်းသောအရာမှာ ကျွန်တော်အရက်သေစာစွဲခြင်းပင်ဖြစ်သည်။ အရက်ကြောင့်မိတ်ဆွေနှင့်ဆွေမျိုးတော်တော် များများကို ကျွန်တော်ဆုံးရှုံးခဲ့ရသည်။

ကျွန်တော်ကိုကျွန်တော်သတ်နေသည်ဟု ကျွန်တော်သဘောပေါက်သိရှိလာခဲ့သည်။ ကျွန်တော်အရက်မသောက်တော့ဘဲ အဖိုးအဖွားရှိသည့်အိမ်ကိုပြန်လာခဲ့သည်။ သူတို့ကျွန်တော့်ကိုကြိုဆိုသည်။ ကျွန်တော့်အဖွားသည်ခရစ်ယာန် တစ်ယောက်ဖြစ်ပြီး၊ အရက်သေစာစွဲနေသည့်သူတော်တော်များများကို ထိုအခြေအနေမှလွတ်မြောက်ဖို့ သူမကူညီပေးခဲ့သည်။ သို့သော်ကျွန်တော်၏ဆုတ်ယုတ် နေသည့်ပုံသဏ္ဍာန်အနေအထားကြောင့်

အသက်ကိုခြိမ်းခြောက်နေသည့်အကျိုးရလဒ်အတွက်တောင်မှ သူမကြိုတင်မမျှော်လင့်ထားပါ။ ကျွန်တော်အစာမစားနိုင်၊ ကျွန်တော့်နှလုံးလည်းအဆက်မပြတ်ခုန်နေပြီး၊ ကျွန်တော့်ကိုယ်ဟာထိန်းချုပ်၍မရနိုင်အောင်ကျွန်တော်တုန်ခါနေသည်။ ကျွန်တော့် အသက်တာဟာ အပ်ချည်တစ်မျှင်လောက်အနေအထားမှာဖြစ်နေသည်ကို သူမသိသည်။

ကျွန်တော်သေမည်ကိုကြောက်နေ၍ ကျွန်တော်၏အဖွားနှင့်အဖိုးဟာ ခရစ်တော်၏အကြောင်းကို ကျွန်တော့်အားပြောပြသည်။ သူမဆုတောင်းသည်။ ခရစ်တော်ဟာ ကျွန်တော့်ကိုချစ်ကြောင်း ကျွန်တော့်ကိုအသိပေးသည်။ သူမ၏စကားများတို့သည် ကျွန်တော့်ကိုခွန်အားသတ္တိပေးသည် တနေ့ပြီးတနေ့ ကျွန်တော့်အသက်သည်လာမည့်နေ့ရက်များတွင်မည်ကဲ့သို့ဖြစ်လိမ့်မည်ကိုမပြော နိုင်ဘဲရှိနေသည်။

ကျွန်တော်၏အဖိုးသည် ကျွန်တော်၏အိပ်ယာဘေးတွင် ရုပ်မြင်သံကြားစက်ကိုထားပေးသည်။ ကျွန်တော်၏ရောဂါလက္ခဏာများမှစိတ်အာရုံပြောင်းစေမည်အထင်နှင့် ထားရှိခြင်းဖြစ်သည်။ ထိုနေ့တွင်ရုပ်မြင်သံကြားစက်ကို ကျွန်တော် ဖွင့်ကြည့်လိုက်သည့်အခါ၊ မျှော်လင့်ခြင်းဥပုသ်စာအေတန်းအစီအစဉ်တခုလာနေသည်။ ထိုအချိန်မတိုင်မီအထိ ထိုအကြောင်းအရာအစီအစဉ်ကို ကျွန်တော်တခါမျှမကြားခဲ့ဘူးပါ၊ သို့သော် ထိုအစီအစဉ်ဟာ ကျွန်တော့်ကိုစိတ်ပါဝင်စားလာစေသည်။ ထိုအစီအစဉ်ကိုကျွန်တော်နားထောင်သည့်အခါ ကျွန်တော်၏ပြင်းထန်သောဝေဒနာထက် ဘုရား၏စကားတော်ကို စိတ်အာရုံရောက်ရှိဖို့ကျွန်တော့်ကိကူညီပေးသည်။ ကျွန်တော်၏စိတ်နှလုံးထဲတွင် သန့်ရှင်းသောဝိညာဉ်တော်လုပ်ဆောင်မှုကို ကျွန်တော်ခံစားရသည်။ မြော်လင့်ခြင်းဥပုသ်စာဖြေအစီအစဉ်ဟာ ကျွန်တော်၏ဘုရားရှင်ကိုဝတ်ပြုရာနေရာဖြစ်လာပြီးကျွန်တော့်ရောဂါသက် သာလာဖို့နည်းလမ်း၏တစ်စိတ်တစ်ဒေသဖြစ်သည်။ မြော်လင့်ခြင်းဥပုသ်စာဖြေအစီအစဉ်နှင့် ကျွန်တော့်အဖိုးတို့သည် ခရစ်တော်ဆီသို့သွားဖို့ လမ်းတစ်လျှောက်ကို ဦးဆောင်လမ်းပြခဲ့သည်။

ဘုရားရှင်သည် ကျွန်တော့်ရောဂါကိုသက်သာလာစေခဲ့ပြီး အသက်တာမှာဆက်လက်အသက်ရှင်ဖို့ဒုတိယအကြိမ်အခွင့်အရေးကိုပေးခဲ့သည်။ ကျွန်တော်၏နှလုံးသားသည် ယခုတွင်ဘုရားရှင်၏ကျေးဇူးတော်နှင့်ချစ်ခြင်းမေတ္တာဖြင့် ပြည့်နေသည်။ ဘုရားရှင်သည် အဖိုးအဖွားတို့၏ဆုတောင်းသံကိုနားညောင်းခဲ့သည်။ သူတို့နှင့်မြော်လင့်ခြင်းရုပ်သံအစီအစဉ်တို့သည် ဘုရားရှင်၏ချစ်ခြင်းမေတ္တာ တော်ဆီကိုရောက်ရှိဖို့ ကျွန်ုပ်၏စိတ်နှလုံးကိုဖွင့်ပေးခဲ့ပြီး၊ ခရစ်တော်ထံတွင် ကျွန်ုပ်၏အသစ်သောအသက်တာကို ယူဆောင်လာစေခဲ့သည်။

-----ooo-----

ဥပုသ်အပတ်စဉ် (၁၅)

ဧပြီလ (၁၅)ရက်၊ ၂၀၂၃

## အရှေ့တိမော - ဘီနို၏ကျောင်းသစ်

ဘီနိုစကားစပြောသည့်အရွယ်မတိုင်မီပင်လျှင်တောင်မှ သူ၏အမေဟာ အပြည်ပြည်ဆိုင်ရာကျောင်းမှာသူ့ကိုစာသင်ယူစေချင်သည်။ အရှေ့တိမော်တွင် ရှိသည့်ပုဂ္ဂလိကကျောင်းများတို့သည် အခမဲ့သင်ကြားပေးသည့်ကျောင်းများဖြစ်ပြီး ဆရာဆရာမများတို့သည် ပေါ်တူဂီစကားကိုပြောဆိုသည်။ အပြည်ပြည် ဆိုင်ရာကျောင်းကိုတက်ရောက်သင်ကြားယူခြင်းဟာ ငွေကုန်ကြေးကျများပြီး ဆရာဆရာမများတို့သည် အင်္ဂလိပ်လိုပြောဆိုသင်ကြားပေးသည်။ အင်္ဂလိပ်စာသင်ယူခြင်းသည် တက္ကသိုလ် (သို့) အပြည်ပြည်ဆိုင်ရာစီးပွားရေးပညာရပ်သင်ယူဖို့ကလေးများအဆင်သင့်ဖြစ်သည့် အခွင့်အရေးတပန်းသာခြင်းဖြစ်သည်။

ဘီနို၏ဖခင်သည် အပြည်ပြည်ဆိုင်ရာကျောင်းတော်တော်များများကို တွေ့ရှိသည်၊ သို့သော် ထိုကျောင်းများတို့သည်ကျောင်းစရိတ်အလွန်ကြီးသည်။ ထိုနောက်တနေ့ သတ္တမနေ့မြော်လင့်ခြင်းအသင်းတော်၏ခြံစည်းရိုးအပေါ်တွင် အရှေ့တိမောမြော်လင့်ခြင်းအပြည်ပြည်ဆိုင်ရာကျောင်းကို ကြော်ငြာထားသည့်ဆိုင်းပုဒ်ကိုသူတွေ့ရှိသည်။ ကျောင်းကိုဖုန်းခေါ်ဆိုပြီး သူသိချင်သည့်အချက်အလက်များကိုမေးမြန်းသည့်အခါ၊ သူရောက်ရှိတွေ့ရှိခဲ့သည့်တခြားကျောင်းများလောက် ဤကျောင်း၏ကျောင်းစရိတ်မများသည်ကို သူသိရှိလိုက်သည်။ ဘီနို မိဘများကသတ္တမနေ့မြော်လင့်ခြင်းအသင်းသားများမဟုတ်ပါ၊သို့သော် မြော်လင့်ခြင်းအသင်းသားများတို့သည် ကောင်းမွန်ပြီး ယုံကြည်စိတ်ချရသည့်သူများဖြစ်သည်ကို သူတို့ကြားသိရသည။

ဘီနိုကျောင်းတက်ဖို့အချိန်ရောက်လာသည့်အခါတွင်၊ သူ၏မိဘများတို့သည် မြော်လင့်ခြင်းကျောင်းတွင်စာရင်းသွင်းအပ်နှံပြီး၊ မကြာမီတွင်ပင် သူဟာ အင်္ဂလိပ်စာကိုစတင်သင်ကြားသည်။ ဘီနိုကျောင်းမှအိမ်သို့ပြန်ရောက်ရှိသည့်အခါတွင်၊ သူကျောင်း၌သင်ကြားနေသည့်အင်္ဂလိမ်စကားလုံးများကိုသူမအားသင်ပေးဖို့ အမေကသူ့ကိုပြောသည်။

ကျောင်းတွင်ဘီနိုသင်ကြားရသည်မှာ အင်္ဂလိပ်စာဘာသာတစ်ခုတည်းမဟုတ်ပါ။ ကျမ်းစာပုံပြင်အကြောင်းအရာများကိုပါသင်ကြားရပြီးဒါဝိဒ်၊ ဂေါလိယ၊ ယောနနှင့်ငါးကြီးအကြောင်း၊ ခရစ်တော်နှင့်သူငယ်ကလေးတစ်ယောက်၏နေ့ လည်စာမုလူပေါင်း ၅၀၀၀ကိုကျွေးခဲ့သည့်အကြောင်းတို့ကို သူ၏မိခင်အားပြောပြသည်။ မိခင်ဖြစ်သူမှာ သူမသားလေးပြောသည့် ကျမ်းစာပုံပြင်အကြောင်း များကြားရခြင်းကို နှစ်သက်သည်။

ဘီနိုမိဘတို့ဟာ ကျမ်းစာကိုစတင်ဖတ်ရှုလာသည်။ တစ်ခါတစ်ရံ သူတို့ဖတ်ရှုနေသောအကြောင်းအရာများနှင့်ပတ်သက်ပြီး မေးခွန်းများကိုရှိလာခဲ့သည့်အတွက် မြော်လင့်ခြင်းအသင်းတော်၏သင်းအုပ်ဆရာကို သူတို့အားရှင်း ပြပြောပြပေးဖို့သူတို့တောင်းဆိုကြသည်။ သင်းအုပ်ဆရာလည်းသူတို့ကိုလေ့လာရာတွင်ကူညီပေးသည်။ မြော်လင့်ခြင်းအသင်းတော်ကိုဝင်ရောက်ဖို့ဘနို၏မိဘများတောင်းဆိုလာသည့်နေ့ရောက်ရှိလာခဲ့သည်။

ယနေ့၊ ဘီနိုနှင့်သူ၏မိဘနှစ်ပါးတို့သည် ဘုရားကျောင်းကိုအတူတကွတတ်ရောက်ကြသည်။ မိခင်နှင့်ဖခင်နှစ်ဦးစလုံးတို့သည်ကျောင်း၏စောင့်ရှောက် ထိန်းသိမ်းပေးသည့်သူများအဖြစ်အလုပ်လုပ်နေကြသည်။ မြော်လင့်ခြင်းအသင်းတော်ကျောင်း၏ ကျေးဇူးတင်ရသည်မှာ၊ သူတို့မိသားစုတစ်ခုလုံးယခုအချိန်တွင် အင်္ဂလိမ်စကားကိုပြောဆိုနေကြပြီ၊ သို့သော်ဤထက်အရေးကြီးသည်မှာ၊ ခရစ်တော်ကို သူတို့၏စိတ်နှလုံးပြည့်ပြည့်ဝဝချစ်ကြသည်။

ဘီနို၏ကျောင်းသည်အလျင်အမြန်ပင်တိုးတက်ကြီးထွားလာပြီဖြစ်သည်။ ကလေးအမြောက်အမြားတို့သည် ကျောင်းတက်ချင်ကြသည်၊ သို့သော်သူတို့သည် အလွန်ဝေးလံသည့်နေရာတွင်နေထိုင်ကြသည်။ ထို့ကြောင့် အိပ်ဆောင် တစ်ခုဆောက်လုပ်ပေးခဲ့သည်သို့မှသာ ကလေးများတို့သည်ကျောင်းတွင်နေထိုင်ပြီး ခရစ်တော်အကြောင်းကို သင်ယူနိုင်မည်ဖြစ်သည်။

ကျွန်ုပ်တို့ပေးလှူဖို့သတ်မှတ်ထားရှိသည့် အလှူငွေများတို့၏တစိတ်တဒေသသည် ကျောင်းကြီးတိုးတက်ကြီးပွားလာပြီး အရှေ့တိမောကျွန်းပေါ်တွင်ရှိ သောမြောက်မြားစွာသောသူများတို့သည် ခရစ်တော်အကြောင်းကို သင်ယူသိရှိလိမ့်မည်ဖြစ်သည်။ ဤအိပ်ဆောင်တွင်လာရောက်ပညာသင်ကြားနေသောကလေးတချို့တို့သည် မြော်လင့်ခြင်းအသင်းဝင်မိသားစုများထဲမှမဟုတ်ပါ၊ သို့သော် ခရစ်တော်အကြောင်းကိုသင်ယူဖို့အခွင့်အရေးတစ်ရပ်ရရှိလိမ့်မည်ဖြစ်ပြီး မတော် ခရစ်တော်ထံသူတို့၏စိတ်နှလုံးကို အပ်နှံလိမ့်မည်ဖြစ်သည်။

ကျွန်ုပ်တို့ပေးလှူဖို့ထားရှိသည့်အလှူငွေတိုင်းသည် အလှူငွေများကို ဝေငှသည့်စနစ်ကိုကျင်သုံးသည့်ပုံစံအတိုင်းဝေငှပြီး ပြည်တွင်းအလိုက်၊ ဒေသအလိုက်နှင့်တကမ္ဘာလုံးခရစ်တော်အတွက်လူများဆီသို့ရောက်ရှိဖို့ရန် ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူတကွပူးတွဲလုပ်ဆောင်သည်။

-----ooo-----

ဥပုသ်အပတ်စဉ် (၁၆)

ဧပြီလ (၂၂)ရက်၊ ၂၀၂၃

## အာဂျင်တီးနား - ကမ္ဘာမြေကြီး၏အစွန်းဆုံးဆီသို့

ပီရူးနိုင်ငံမှကျမ်းစာဘာသာကိုလေ့လာသင်ယူသည့် ကျောင်းသားတစ်ဦးဖြစ်သည့် အဲရစ်ဆန်းချက်ဇ်သည် သူ၏ပါမောက္ခဖြစ်သူမှ အတန်းသားများကို ယှဉ်ပြိုင်မှုတစ်ခုတွင်ပါဝင်ဖို့ဖိတ်ခေါ်တာကိုသူနားထောင်လိုက်သည်။ 'ကမ္ဘာလောကကြီး၏နေရာတစ်နေရာရာမှာ သာသနာပြုတစ်ယောက်ဖြစ်ဖို့ဘုရားရှင်သည်သင့်ကိုမျှော်လင့်တယ်။' ထိုစကားလုံးများတို့သည် ဘုရားရှင်ဦးဆောင်သည့် မည်သည့်နေရာတွင်မဆို အမှုတော်ထမ်းဆောင်ချင်သည့်ဆန္ဒကို အဲရစ်၏စိတ် နှလုံးထဲတွင် ခိုင်မာစွာထည့်သွင်းထားသည်။

မကြာမီတွင်ဘဲ အာဂျင်တီးနားနိုင်ငံ၊ သာသနာပြုကျောင်းတခုအတွက် ကျမ်းစာသင်ပေးသည့်ဆရာတစ်ယောက်ကို တောင်းဆိုသည့်ကြော်ငြာတစ်ခုကို အဲရစ်ဖတ်လိုက်ရသည်။ အဆိုပါကျောင်းနှင့်သူဆက်သွယ်ပြီး ခေါ်ဆိုသည့်နေရာ အတွက်လျှောက်ထားလိုက်သည်။ သူ့ကိုကျောင်းမှလက်ခံလိုက်သည်။ သူထမ်းဆောင်မည့်နေရာတွင် လူများ၏အသက်တာကို ပြောင်းလဲစေရန် ဘုရားရှင် သူ့ကိုအသုံးပြုဖို့ သူဆုတောင်းသည်။

အဲရစ်ဟာအာဂျင်တီးနားနိုင်ငံရှိ၊ ကမ္ဘာ၏တောင်ဘက်ပိုင်းအစွန်ဆုံးတွင်ရှိသည့် အု(စ်)ဝိုင်းယာမြို့ကို သူ့လေယာဉ်ဖြင့်ပျံသန်းသွားသည်။ အု(စ်)ဝိုင်းယား မြို့သည်လှပပြီး အေးချမ်းကာနှင်းများကျသည့်ရာသီဥတုမျိုးရှိသည်။ လူတော်တော်များတို့သည် အခြေခံကျသောရှင်သန်မှုတစ်ရပ်ကိုရပ်တည်ဖို့ရန်ရုန်းကန်နေကြရပြီး အရက်သေစာနှင့် ဆေးရွက်ကြီးတို့ကို စွဲစွဲလမ်းလမ်းသုံးဆောင်ကြသည်။

အသင်းတော်သည်ဆေးလိပ်သောက်သုံးခြင်းကို ရပ်တန့်ပေးသည့်သင်တန်းအစီအစဉ်တစ်ခုကိုရေးဆွဲပြီးလူတိုင်း တက်ရောက်ဖို့ရန်ဖိတ်ခေါ်သည်။ အဲရစ်ဟာသွားသည့်နေရာတိုင်းကိုဖိတ်စာကို ဝေငှပေးကမ်းလိုက်သည်။ အေးပြီးစိုစွတ်သည့်တနေ့တွင်နှင်းတောထဲကိုလေးလေးလံလံနှင့်ဖြည်းညှင်းစွာဖြင့် နာရီပေါင်းများစွာကိုဖြတ်လျှောက်သွားပြီးနောက်တွင် အဆိုပါနှင်းများအန္တရယ်မှ ကာကွယ်ဖို့ဆေးရုံတခုတွင်နားနေဖို့ရှာဖွေလိုက်သည်။ သူ့ကိုယ်ကိုယ်နွေးထွေးလာအောင်ပြုလုပ်သည်၊ သို့သော်ဆက်လက်လမ်းလျှောက်ဖို့အတွက်အလွန်မှပင်ပန်းနွမ်းနယ်မှုကိုခံစားရသည်။ ဆေးရုံ၏ဧည့်ကြိုနေရာတွင်ဖိတ်စာများကိုချန်ထားခဲ့ပြီး အိမ်သို့လမ်းပြန်လျှောက်သည်။

သင်တန်းအဖွင့်ညတွင် လူဒါဇင်ပေါင်းအရေအတွက်လာရောက်ကြသည်။ အခန်းကဆေးရွက်ကြီးအနံ့နှင့်ပြောင်ထွက်သွားသည်ကိုကြည့်ခြင်းဖြင့် လူများတို့သည် ဆေးလိပ်သောက်ခြင်းကိုမည်မျှလောက် ဖြတ်ပစ်ချင်နေသည်ကိုအချက်ပြနေသည်။ တော်တော်

များများသောသူတို့သည်ပုံမှန်တက်ရောက်ကြပြီး နီကိုတင်းဆေးရွက်ကြီးသောက်သုံးခြင်း အကျင့်ကို ပယ်ဖြတ်နိုင်ခဲ့သည်။ နောက်ဆုံးနေ့တွင် တက်ရောက်သူများတို့အား အကယ်၍သူတို့ဆန္ဒရှိမည် ဆိုလျှင် ကျမ်းစာသင်ကြားပေးဖို့ သူတို့ကို ကမ်းလှမ်းခဲ့သည်။

ကျမ်းစာသင်ကြားဖို့အတွက်တောင်းဆိုမှုများကို လိုက်၍ဆက်သွယ်နေစဉ်တွင် အဲရစ်သည်သင်တန်းကိုတက်ရောက်ခဲ့သည့် အယ်လီးနာနှင့်သူမ၏သားဖြစ်သူ ယောနသန် တို့ထံလည်ပတ်ခြင်းပြုလုပ်ခဲ့သည်။ သူတို့သည်ဘုရားရှင်၏အကြောင်းကိုသင်ယူဖို့ စိတ်ပါ ဝင်စားကြသည်။ သင်တန်းတွေပြုလုပ်မယ်ဆိုတာကို သင်ဘယ်လိုသိရှိခဲ့သလဲဆိုပြီး အဲရစ်က မေးမြန်းလိုက်သည်။ အယ်လီးနာကကျေနပ်စွာပြုံးလိုက်သည်။ ‘ကျွန်မကဆေးရုံ မှာစောင့်နေတဲ့အခါ ဆေးလိပ်သောက်သုံးခြင်းကရပ်တန့်ပေးသည့် အစည်းအဝေးဖိတ် စာကို ကျွန်မမြင်လိုက်တယ်။ ဒါနဲ့ကျွန်မတို့ တက်ရောက်ဖို့ဆုံးဖြတ်လိုက်တယ်။’ အဲရစ် သည် ဤမိသားစုကိုလက်လှမ်းမှီဖို့ရန် သူချန်ထားခဲ့သောဝေငှဖိတ်ခေါ် သည့်စာတစ်ခုကို ဘုရားရှင်အသုံးပြုခဲ့သည်ဆိုသည်ကို သူ သဘောပေါက်ခဲ့သည်။

သင်တန်းဆွေးနွေးပွဲတို့မှ အကျိုးသက်ရောက်မှုအားဖြင့် ဆေးရွက်ကြီးအပေါ် အနိုင်ရရှိမှုကိုအယ်လီးနာတွေ့ရှိခဲ့ပြီး၊ သူမ၏မိသားစုတို့သည် ခရစ်တော်ကိုတွေ့ဆုံသည်။ သင်ခန်းစာများကို သူတို့သင်ယူပြီး နှစ်ခြင်းမင်္ဂလာခံယူဖို့ အတွက်ပြင်ဆင်ကြသည်။

အူ(စ်)ဝှိုင်းယားတွင်သာသနာပြုခဲ့သည့် အဲရစ်၏နောက်ဆုံးနှစ်အကုန်တွင် လူပေါင်း၂၆ယောက်ကိုဘုရားရှင်ထံသို့ဦးဆောင်လမ်းပြဖို့ ဘုရားရှင်သည် သူ၏ဆောင် ရွက်မှုကိုအသုံးပြုခဲ့သည်။

အကယ်၍ခရစ်တော်ဟာ သင့်ကိုအသုံးတော်ခံဖို့ ဖိတ်ခေါ်နေလျှင်၊ နေအိမ်တွင် ဖြစ်စေ၊ အဝေးတွင်ရောက်နေသည်ဖြစ်စေ၊ သင်သွားမည်ဆိုသည်ကို ခရစ်တော်ကိုပြောပါ။ တချိန်တည်းမှာပင်၊ ကမ္ဘာတွင်ရှဘုရား၏သာသနာလုပ်ငန်းကို ကမ္ဘာတစ်ဝှမ်းတွင်ရှိ ဘုရားရှင်၏လုပ်ငန်းထောင့်တိုင်းကိုအထောက်အကူပေးသည့် သင်၏ဆယ်ဖို့တစ်ဖို့နှင့် ပုံမှန်စနစ်ကကျသတမှတ်ထားသည့်အလှူငွေ တနည်းအားဖြင့် ပေးလှူဖို့ကတိပေးထား သောအလှူငွေများ ပေးလှူ ခြင်းအားဖြင့် သင်အသုံးတော်ခံနိုင်သည်။

-----ooo-----

ဥပုသ်အပတ်စဉ် (၁၇)

ဧပြီလ (၂၉)ရက်၊ ၂၀၂၃

ထရီနီဒက် - သွားဆရာဝန်ကို တပည့်တော်ဖြစ်စေခြင်း

မက်(ဂ်)ဒါလဲနာသည် ရီနီဒက်နှင့်ထိုဘေးဂိုနိုင်ငံကျွန်းတွင်နေထိုင်သည်။ ကျောင်း ဆင်းပြီးနောက်တွင် မလှမ်းမကမ်းတွင်ရှိသောဆေးဆိုင်တစ်ဆိုင်ဆီသို့ လမ်းလျှောက်သွား

ပြီး သူမကိုလာကြိုမည့်ဖခင်ကိုစောင့်နေသည်။ သူမစောင့်နေစဉ်တွင် ဖြတ်သန်းသွားလာသည့်လူများကိုကြည့်ပြီး 'သူတို့တွေဟာဘုရားရှင်ကိုချစ်ကြလား။' ဆိုပြီးသူမတွေးတောမိသည်။ တနေ့မက်(ဂ်)ဒါလဲနာကသူမ၏ဖခင်ကို 'ဆေးဆိုင်အရှေ့ကိုဖြတ်သန်းသွားလာနေကြတဲ့သူတွေကို လက်ကမ်းစာစောင်လေးတွေကိုပေးလို့ရမလား။' ဟု မေးသည်။

'ဒါဟာကောင်းတဲ့အကြံဘဲ။' ဆိုပြီး သူမ၏ဖခင်ကပြောသည်။ ကျောင်းဆင်းသည့်အခါတခြားသူများကိုဝေငှပေးဖို့ လက်ကမ်းစာစောင်ဆချို့ကို ဖခင်ကသူမအား ပေးသည်။ မက်(ဂ်)ဒါလဲနာမှာဖြတ်သန်းသွားလာသည့်လူများတို့ကို လက်ကမ်းစာစောင်အကုန်လုံးကို သူမပေးပစ်လိုက်သည်။ သူမ၏ဖခင်ကသူမကို ကြိုဖို့ရောက်လာသည့်အခါတွင်၊ 'ကျွန်မနောက်ထပ်လိုသေးတယ်။' ဆိုပြီးဖခင်ကအသိပေးပြောလိုက်သည်။ ဖခင်ဖြစ်သူသည်လည်းဝမ်းမြောက်စွာဖြင့်ပင်ပေးပစ်ဖို့ နောက်ထပ်လက်ကမ်းစာစောင်များကိုထုတ်ပေးသည်။

မက်(ဂ်)ဒါလဲနာသည် ဆေးဆိုင်အရှေ့တွင်ပုံမှန်ဖြတ်လာလေ့ရှိသည့် သွားဆရာဝန်တစ်ဦးကိုသူမမှတ်မိသည်။ အဆိုပါဆရာဝန်ဖြတ်လာတိုင်း သူမက လက်ကမ်းစာစောင်က သူ့အားပေးသည်။ တနေ့ သူမ၏ဖခင်ကို 'ကျွန်မက အဲဒီဆရာဝန်လူကြီးကိုလက်ကမ်းစာစောင်ပေးနေထာကြာပြီ။ ခရစ်တော်အကြောင်းနဲ့ပတ်သက်ပြီး သူနဲ့ကျွန်မစကားပြောရမလား။' ဆိုပြီးဖခင်ကိုမေးသည်။ သူမ၏ဖခင်ဖြစ်သူလည်း ဝမ်းမြောက်စွာဖြင့်သဘောတူသည်။

နောက်တနေ့တွင်၊ သွားဆရာဝန်လာမည့်လမ်းကို သူမစောင့်ကြည့်နေသည်။ ဆရာဝန်ဖြတ်လာသည့်အခါတွင်' ခရစ်တော်ကို သင်သိပါသလား။'ဆိုပြီး သူမမေးသည်။

'ခရစ်တော်အကြောင်းကိုတော့ကြားဖူးတယ်၊ ဒါပေမဲ့ သူ့ကိုတော့မသိ ဘူး။' ဆိုပြီးသွားဆရာဝန်ကပြောသည်။

'ဘုရားအကြောင်းကို ကျွန်မပြောပြလို့ရမလား။' သူမမေးသည်။ အဆိုပါဆရာဝန်သည် နောက်တနေ့နေ့လည်တွင်သူ၏ရုံးခန်းကိုလာဖို့ သူမကို ဖိတ်ခေါ်လိုက်သည်။ သွားဆရာဝန်ဆီသွားဖို့သူမ၏ဖခင်ကသွားခွင့်ပေးပြီးသွားဆရာဝန်ကိုကျမ်းစာအုပ်တစ်အုပ်ပေးဖို့ ဖခင်ဖြစ်သူက သူမကိုပေးလိုက်သည်။

နောက်တနေ့တွင်မက်(ဂ်)ဒါလဲနာဟာသွားဆရာဝန်ရုံးခန်းသွားရောက် လည်ပတ်သည်။ သူမယူလာသည့်ကျမ်းစာအုပ်ကို ဆရာဝန်အားပေးလိုက်ပြီး ဆရာဝန်လည်းဝမ်းမြောက်ဝမ်းသာစွာဖြင့် ကျမ်းစာအုပ်ကိုလက်ခံသည်။ ကျောင်းဆင်းသည့်အခါနေ့တိုင်းပင်သူမသည် သွားဆရာဝန်ဆီကိုသွားရောက်လည်ပတ် သည်။ ကျမ်းစားအုပ်မှပုံပြင်များကိုသူတို့ဖတ်ရှုပြီးထိုအကြောင်းအရာများကိုပြောဆိုကြသည်။ သွားဆရာဝန်သည် ခရစ်တော်

ကိုစတင်ယုံကြည်သက်ဝင်လာသောကြောင့် ဥပုသ်နေ့တွင်ဘုရားကျောင်းသို့လာရောက်ရန် မက်(ဂ်)ဒါလဲနာ က ဖိတ်ခေါ်သည်။ သူပြုံးပြီး သူမ၏ဖိတ်ခေါ်ချက်ကို လက်ခံခဲ့သည်။

'အဖေရေ' ဆိုပြီး မက်(ဂ်)ဒါလဲနာက စိတ်လှုပ်ရှားစွာပြောလိုက်သည်မှာ၊ 'ဥပုသ်နေ့မှာ သွားဆရာဝန်က ဘုရားကျောင်းကို ကျွန်မတို့နဲ့အတူလာလိမ့်မယ်။'

နောက်ဥပုသ်နေ့တွင်၊ မက်(ဂ်)ဒါလဲနာနှင့်သူမ၏မိသားစုတို့သည်ဘုရားကျောင်းအသွားတွင် သွားဆရာဝန်ကိုဝင်ခေါ်သည်။ သင်၏သမီးကတော့ နှစ်သက်ပျော်ရွင်ဘွယ်ကောင်းတယ်။' ဆိုပြီး သွားဆရာဝန်ကသူမ၏မိဘများကိုပြောသည်။ 'သူမနှင့်မတွေ့ခင်အထိ ခရစ်တော်အကြောင်းကိုကျွန်တော်မသိခဲ့ဘူး။ ဒါပေမဲ့ တခုတော့ကျွန်တော်သိပါပြီ။'

မက်(ဂ်)ဒါလဲနာသည်သူမ၏မြို့တွင်ရှိ လမ်းတွေပေါ်မှာဘုရားရှင်၏ချစ်ခြင်းမေတ္တာအကြောင်းကိုဝေငှရခြင်းကို သူမနှစ်သက်မြတ်နိုးသည်။ ကျွန်ုပ်တို့သည်လည်း ဘုရားရှင်၏ချစ်ခြင်းမေတ္တာအကြောင်းကိုဝေငှနိုင်သည်။ ဝေစာများ ကိုဝေငှသည်ဘဲဖြစ်ပါစေ၊ အစည်းအဝေးသို့သူငယ်ချင်းများကိုဖိတ်ခေါ်သည်ဘဲ ဖြစ်ဖြစ်၊ ကျွန်ုပ်တို့၏ဆယ်ဖို့တစ်ဖို့အလှူငွေများကို ရာခိုင်နှုန်းဖြင့်တွက်ချက်သတ်မှတ်ထားသည့် ပေးဖို့ကတိထားသည့်အလှူငွေများကိုပေးခြင်းဘဲဖြစ်ပါစေ၊ ဘုရားရှင်၏ချစ်ခြင်းမေတ္တာကို ကျွန်ုပ်တို့ဝေငှနေခြင်းဖြစ်သည်။ အကယ်၍ ဘုရားရှင်၏မေတ္တာတော်ကိုမည်ကဲ့သို့ဝေငှရမည်ကို မသိရှိလျှင်၊ ဘုရားရှင်ထံ အကြံဥာဏ်တောင်းခံပါ။ ဘုရားရှင်သည် အမန်တကယ်ပင် ကျွန်ုပ်တို့၏ဆုတောင်းချက်ကိုနားညောင်းလိမ့်မည်ဖြစ်သည်။

-----ooo-----

## ဥပုသ်အပတ်စဉ် (၁၈)

မေလ (၆)ရက်၊ ၂၀၂၃

### မာလာဝီ - မှန်ကန်သည့်ရွေးချယ်မှုများကိုပြုလုပ်ခြင်း

ဂျွန်သည်မာလာဝီပြည်နေထိုင်ပြီးငယ်ရွယ်ပြီးထက်မြက်သည့် လူငယ်တစ်ယောက်ဖြစ်သည်။ ဆယ်ကျော်သက်အရွယ်ဖြစ်သည့်အားလျော်စွာ၊ တခြား ဘာသာရပ်များထက် သူ၏ ဘာသာရေးတွင်အလေးပေးသင်ကြားသည့်အထူးကျောင်းတကျောင်းတွင် စာသင်ကြားဖို့ရန် ရွေးချယ်ခြင်းခံရသည်။ သူ၏ပညာရေးရည်မှန်းချက်မှာ သူနှင့်သက်ဆိုင်သည့်ဘာသာရေးနှင့်ပတ်သက်၍ဖြစ်နိုင်သမျှများများသင်ယူဖို့ဖြစ်ပြီး သို့မှသာ ခရစ်ယာန်များကိုသူ၏ဘာသာထဲသို့ သူပြောင်းလဲနိုင်မည်ဖြစ်သည်။ သုံးနှစ်ဖြစ်သောအချိန်ကာလတွင် အပြင်းအထန်သင်ယူပြီးနောက်တွင် ဂျွန်သည် သူ၏ဘာသာရေးနှင့်ဆိုင်သော ပညာရေးကို သူပြီးစီးခဲ့သည်။

ထိုနောက် ဂျွန်ဟာခရစ်ယာန်များနှင့် ပတ်သက်သည့်အကြောင်းကို သင်ယူဖို့ ရန်သတ္တမနေ့မြော်လင့်ခြင်းကျောင်းတွင် အမည်စာရင်းသွင်းသည်။ အမြဲတမ်းထားရှိသည့် သူ၏ရည်မှန်းချက်မှာ ခရစ်ယာန်များကို သူ၏ဘာသာထဲပြောင်းလဲဖို့ရန် သူလိုအပ်သည့် အရာများကိုဖြည့်စွက်ဖို့ရန်ဖြစ်သည်။ အတန်းများကိုတက်ရောက်ပြီး သတ္တမနေ့မြော်လင့် ခြင်းအသင်းသားယုံကြည်ချက်များ နှင့်ပတ်သကပြီးသင်းအုပ်ဆရာနှင့် တခြားသူ၏ဆရာ များတို့နှင့်ပြောဆိုကြသည်။ သတ္တမနေ့မြော်လင့်ခြင်း၏ယုံကြည်ချက်များတို့ကိုသင်ယူဖို့ ရည်ရွယ်ချက်အမြဲတမ်းထားရှိပြီး မြော်လင့်ခြင်းအသင်းသားများတို့၏အားနည်းချက်ကိုရှာ ဖွေရန် ဖြစ်သည်။

သတ္တမနေ့မြော်လင့်ခြင်းအသင်းတော်ကျောင်းတွင် ၃နှစ်ခန့်သင်ယူပြီးနောက်၊ သတ္တမနေ့မြော်လင့်ခြင်းအသင်းတော်သည်အမှန်တရားကို သင်ကြားပေးသည်ဆိုသည်ကို ခိုင်မာစွာလက်ခံလာသည်။ သူ၏အသက်တာကို ဘုရားရှင် ထံပေးအပ်ပြီးနှစ်ခြင်းမင်္ဂလာ ခံယူချင်ကြောင်းကျောင်းအုပ်ကိုပြောသည်။ ဂျွန်၏ ဆုံးဖြတ်ချက်ဖြစ်သည့် သူ၏မိသားစု ယုံကြည်သည့်ဘာသာကိုစွန့်လွှတ်ဖို့သူ၏ ဖခင်ကသိရှိသွားသောအခါတွင် သူ့ကိုအမွေ ပြတ်စွန့်လွှတ်လိုက်သည်။ ဘုရားရှင်၏လူများ၏အသက်တာတွင်ပြုလုပ်သည့်ကွာခြားချက် ကို သူကိုယ်တိုင်ကြုံတွေ့ သိရှိသည့်အခါ သူစိတ်သက်သာ နှစ်သိမ့်မှုကိုရရှိသည်။

အဆုံးတွင်ဂျွန်သည်ကမ္ဘာအနှံ့ ရှေ့တန်းသာသနာဝန်အမှုဆောင်တစ်ယောက်ဖြစ် လာဖို့ဖိတ်ခေါ်ခြင်းခံရပြီး၊ သူ၏မွေးရပ်နေရာဖြစ်သည့်မာလာဝီတိုင်း ပြည်၏နယ်မြေအ သစ်ထဲကိုသွားရောက်ဖို့သူ့ကိုစေလွှတ်လိုက်သည်။ ထိုနေရာတွင်ခရစ်တော်ကျင့်သုံးသည့် နည်းလမ်းကိုလိုက်လျှောက်ပြီးသူတွေ့ဆုံသည့်လူများကသက်သေခံဝေငှကာရှေ့တန်းသာ သနာ လုပ်ငန်းအတွက်ထိုးဖောက်ဝင်ရောက် သူတစ်ဦးအဖြစ်အမှုတော်ဆောင်ခဲ့သည်။

ဂျွန်ဟာသူ၏ပညာရေးကိုပြီးမြောက်အောင် သင်ယူချင်သောကြောင့် ဘာသာရေး ကိုသူသင်ယူခဲ့သည့် မာလာဝီပြည်တွင်ရှိသည့်သတ္တမနေ့မြော်လင့်ခြင်းအသင်းတော်တက္က သိုလ်တွင်နာမည်စာရင်းသွင်းဝင်ရောက်ခဲ့သည်။ ဓမ္မဆရာတစ်ဦးဖြစ်ချင်လွန်းအားကြီး သည့်စိတ်ပါဝင်စားမှုများစွာဖြင့် ကျောင်းဆင်းခဲ့သည်။ ဂျွန်ဟာဘယ်တော့မျှလက်လျှော့ မည်မဟုတ်ပါ။ တခြားသူများကိုကျမ်းစာ၏အမှန်တရားသွန်သင်ပေးပြီး ခရစ်တော်ထံသို့ လမ်းပြပေးဖို့ထက်မည် သည့်အရာကိုမျှမလိုချင်ပါ။

လူများကိုခရစ်တော်ထံသို့ဆွဲခေါ်ဖို့ရန် ကျောင်းများ၊ ဆေးရုံများ၊ အသင်းတော် များထားရှိပေးကာ ဘုရားရှင်သည်အံ့ဖွယ်နိမိတ်လက္ခဏာများ ပြုလုပ်ပေးနိုင်လိမ့်မည်။ သို့သော် ကျွန်ုပ်တို့၏ရှေးဘိုးဘေးများတို့စတင်လုပ် ဆောင်ခဲ့ပြီးဖြစ်သည့်အလုပ်ကိုတည် ဆောက်ဖို့ရန် ဘုရားရှင်သည် ကျွန်ုပ်တို့၏ ယုံကြည်ခြင်းနှင့် ကျွန်ုပ်တို့၏ဘဏ္ဍာငွေတို့ကို အသုံးပြုစေချင်သည်။

ကျွန်ုပ်တို့၏ဆယ်ဖို့တစ်ဖို့သည်ဘုရားရှင်နှင့်သက်ဆိုင်ပြီး နှုတ်ကပတ်တော်ကို ဟောပြောသည့် လုပ်ပိုင်ခွင့်ပေးထားခြင်းခံရသည့်သာသနာပြုများနှင့် သင်းအုပ်များနှင့် သူတို့နှင့်တွဲပြီး လုပ်ဆောင်သည့်အဖွဲ့တို့၏လိုအပ်ချက်များတို့ ကိုဖြည့်ဆည်းပေးရခြင်းတို့ပါပါဝင်နေစဉ်တွင်၊ ကျွန်ုပ်တို့ပေးလှူဖို့ကတိထားသည့်အလှူငွေများတို့သည် ဤနေရာနှင့်ကမ္ဘာတစ်ဝှမ်းတွင်ရှိသောသာသနာ အလုပ်တိုးတက်ကြီးထွားဖို့ရန်ကြိုတင်စီမံသတ်မှတ်ထားသည်။ အကယ်၍သင်မလုပ်ခဲ့ရသေးလျှင်၊ ကမ္ဘာတစ်ဝှမ်းလုံးတွင်ရှိအသင်းတော်သာသနာအလုပ်ကို သန်မာကြံ့ခိုင်ဖို့ရန် သင်၏ဝင်ငွေ၏ရာခိုင်နှုန်းမည်မျှလောက်ကို မှန်မှန်ကတိပေး လှူဒါန်းစေချင်သလဲဆိုသည်ကို ဘုရားရှင်အားသင်မေးပါ။ ဟေဗြဲ ၁၃း၅ တွင် ဘုရားရှင်သင့်ကိုပါဝင်ဖို့ဖိတ်ခေါ်ထားသည်မှာ၊ ‘သင်တို့၏ကျင့်ကြံပြုမူခြင်းသည် ငွေကိုတပ်မက်ခြင်းနှင့်ကင်းလွတ်၍၊ ကိုယ်၌ရှိသောဥစ္စာနှင့်ရောင့်ရဲခြင်းရှိလော့။ အကြောင်းမူကား၊ ငါသည်သင့်ကိုမစွန့်၊ သင့်ကိုအလျှင်းပစ်၍မထားဟု ကတိတော်ရှိ၏။’ သူ့ကိုယုံကြည်ပါ။ သူ့ကိုကိုးစားပါ၊ သူ သင့်ကိုကောင်းကြီးချပေးသည်ကိုကြည့်ရှုပါ။

-----ooo-----

ဥပုသ်အပတ်စဉ် (၁၉)

မေလ (၁၃)ရက်၊ ၂၀၂၃

## မြော်လင့်ခြင်းအသင်းတော်၏ကယ်ဆယ်ရေးနှင့်ဖွံ့ဖြိုးဌာန (အာဒရာ)သည် ၎င်း၏အလုပ်အတွက်ပြင်ဆင်သည်

ကမ္ဘာကိုကူးစက်မြန်ရောဂါ ကိုဗစ်-၁၉ သိမ်းကြုံးသွားသည့်အခါတွင်၊ အာဒရာသည် အသက်များကိုကယ်ဆယ်ဖို့နှင့်ဝန်ဆောင်မှုပေးဖို့ရန် ရှေ့သို့ခြေ လှမ်းလှမ်းဖို့အင်အားတိုးမြှင့်ခဲ့ပါသည်။ ကမ္ဘာနှင့်အဝှမ်းလိုအပ်ချက်များတို့သည် ဘယ်သောအခါမျှပို၍ မကျယ်ပြန့်ပါ၊ သို့သော်အလိုအပ်ဆုံးသောနေရာမှ အကူအညီတောင်းခံခြင်းသည် အမြဲတမ်းပို၍ခက်ခဲလေ့ရှိသည်။ သွားလာခြင်းကိုကန့်သတ်ထားသည်၊ ဝေငှရမည့်ပစ္စည်းများကိုရှာဖွေဖို့နှင့်သယ်ယူဖို့ခက်ခဲသည်။

အာဒရာသည်လျှင်မြန်စွာဖြင့်ပင်ကမ္ဘာအနှံ့တွင်ဖြစ်ပွားသောရောဂါ မနှစ်မြို့ဘွယ်ရာအကျိုးသက်ရောက်မှုနှင့် ထိုအရာဖြစ်စေသည့်အရေးတကြီးလို အပ်ချက်တို့ကိုပြောဆိုဆွေးနွေးဖို့ကိုဗစ်-၁၉ ကိုလုပ်ဆောင်မှုအင်အားတစ်ရပ်ကို ကမ္ဘာတဝှမ်းတွင်ရှိအသင်းသားများနှင့်အတူစတင်လှုပ်ရှားခဲ့သည်။

အာဖရိကတိုက်တွင် ၁၆ နိုင်ငံတွင်ဥပမာအားဖြင့်၊ အာဒရာသည် ပြည်တွင်းအသင်းတော်တွင်ရှိသော အမျိုးသမီးသာသနာနှင့်လူငယ်ဌာနသာသနာတို့နှင့်ပူးပေါင်းကာ အခက်ခဲဆုံးသောအချိန်များတွင် သူတို့မိသားစုများနှင့် ရပ်ရွာဒေသရှိလူများတို့ကို

ကျွေးမွေးစားသုံးဖို့ရန် ပုံမှန်လည်ပတ်နိုင်သည့်ဥယျာဉ်ခြံများ တွင်မည်ကဲ့သို့စိုက်ပျိုးရမည်ကိုလူများကိုသင်ပြပေးသည်။ ကရိယာတန်ဆာပလာများ၊ မျိုးစေ့ထုပ်များ နှင့်သင်တန်းတို့သည် တရွာလုံးအတွက်ကျန်းမာသောအစာ အဆက်မပြတ်ထောက်ပံ့ပေးခြင်းတစ်ရပ်ကိုဖန်တီးဖို့ရန် တက်ရောက်ပါဝင်သူများအတွက် ထိုအရာကိုအခက်အခဲမရှိဘဲလျက်ပြုလုပ်ပေးနိုင်ခဲ့သည်။

ဥယျာဉ်စိုက်ပျိုးရေးစီမံကိန်းတွင် ပါဝင်သူတချို့တို့ကသူတို့ဥယျာဉ်မှထွက်ရှိသောသီးနှံများတို့သည် သူတို့မိသားစုအတွက်လုံလောက်သည်သာမကဘဲ အိမ်နီးနားချင်းများကိုပါဝေငှဖို့ပင်လုံလောက်ပြီး ဝင်ငွေအတွက်ပါရောင်းချနိုင်ကြောင်း အစီရင်ခံတင်ပြခဲ့သည်။

ကမ္ဘာတစ်ဝှမ်းလုံးနှင့်ပတ်သက်၍၊ ကူးစက်ပြန့်ပွားစေသည့် ရောဂါစဖြစ်သည့်ပထမနှစ်အတောအတွင်းတွင် အာဒရာမြန်မာသည် ၉၆ နိုင်ငံရှိလူသန်းပေါင်း ၂၀ လောက်အတွက်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ အဆိုပါလူများတို့ သည်ယခုတွင်ပြန်လည်နလံထူဖို့ရန် နောက်ခြေလှမ်းအဆင့်များတွင်သူတို့၏ ရပ်ရွာဒေသများနှင့်အတူအလုပ်လုပ်ဆောင်နေကြသည်။

အိန္ဒိယနှင့်တခြားတောင်အာရှနိုင်ငံများတို့သည် ကိုဗစ်-၁၉ ရောဂါ အပြင်းအထန်ဖြစ်ပွားသည့်အချိန်တွင်၊ အသက်များကိုကယ်တင်ဖို့ရန် အရေးတကြီးလိုအပ်ချက်များ၊ အင်အားများနှင့်တကွဆေးကရိယာမြောက်မြားစွာကို အာဒရာမှ ထောက်ပံ့ပေးခဲ့သည်။ အရေးအကြီးဆုံးလိုအပ်ချက်များတွင်တစ်မျိုးမှာ အောက်စီဂျင်ဓါတ်ငွေ့ဖြည့်ထားသည့်အိုးများဖြစ်သည်။ အာဒရာသည်အောက်စီဂျင်ဝေငှပေးခြင်းများကို ဆေးရုံတော်တော်များများနှင့် အောက်စီဂျင်ထုတ်ပေးသည့်စက်ကြီးကိုအိန္ဒိယတွင်ရှိ သတ္တမနေ့အသင်းတော်ဆေးရုံတွင်အများဆုံးထောက်ပံ့ပေးခဲ့သောကြောင့် ဆေးရုံသည် ဤအခြေအနေဆိုးပင်မကထိုထက် ကျော်လွန်သည့်အောက်စီဂျင်ထိန်းသိမ်းနိုင်သောနေရာတစ်ခုရှိနိုင်လာသည်။

အာဒရာ၏ရည်မှန်းချက်သည်လူသားမျိုးနွယ်ကို ကူညီထောက်ပံ့ပေးဖို့ ဖြစ်သောကြောင့် ဘုရားရှင်ဖြစ်စေချင်သည့် ပုံစံများဖြစ်သည့်ထိန်းသိမ်းထားရှိနိုင်ရမည်၊ ပြောင်းလဲနိုင်ရမည်ဖြစ်သည့်ပုံစံများကဲ့သို့ အားလုံးနေထိုင်နိုင်မည်ဖြစ်သည်။

လူတိုင်းမဟုတပေမဲ့လည်း တချို့တို့သည်ဝေးလံသည့်တိုင်းပြည်တွင် အလုပ်လုပ်ခြင်းဖြင့် အာဒရာနှင့်ပူးပေါင်းလုပ်ဆောင်နိုင်သည်၊ သို့သော်ပူးပေါင်း ထည့်ဝင်ဖို့စီစဉ်ဆောင်ရွက်ထားသည့် သင်၏ထည့်ဝင်ဖို့ကတိပေးထားသည့်အလှူငွေကို သင်ပေးလှူသည့်အခါတိုင်း၊ ထိုပမာဏ၏၂၀ရာခိုင်နှုန်းသည် အာဒရာနှင့်လိုအပ်သည့်သူများကိုကူညီပေးသည့်၄င်း၏သာသနာလုပ်ငန်းကို ထောက်ပံ့ပေးသည့်ကမ္ဘာ့သာသနာပြုရုံပုံငွေထဲကိုပို့လိမ့်မည်ဖြစ်သည်။ ပူးပေါင်းထည့်ဝင်ထားသည့် အလှူငွေထဲသို့ထည့်ဝင်ဖို့တောင်းဆိုသည့်

အခါတွင် အကျိုးကြောင်းဆီလျော်သည့်နည်းလမ်းဖြင့် သင်ကတိပေးထားသည့် အလှူငွေကို ထည့်ဝင်ခြင်းအားဖြင့် ကမ္ဘာတစ်ဝှမ်းတွင်ရှိ ဆက်လက်၍အသက်ကယ်တင်ခြင်း ကို သင်ကူညီပေးနေခြင်းဖြစ်သည်။

-----ooo-----

ဥပုသ်အပတ်စဉ် (၂၀)

မေလ (၁၃)ရက်၊ ၂၀၂၃

## ပါပူဝါနယူးဂီနီကျွန်း - ဒေါ်ကာ

ပါပူဝါနယူးဂီနီကျွန်းတွင်ရှိတောကြီးထဲတွင်ရှိ ရွာငယ်လေးတရွာတွင် ဒေါ်ကာဆိုသည့် ကလေးမလေးတစ်ယောက်နေထိုင်သည်။ သူမ၏မိသားစုတို့သည်မြော်လင့်ခြင်းအသင်းသားများဖြစ်ကြပြီး သူတို့တတ်နိုင်သည့်အခါတိုင်းတွင် တခြားသူများနှင့် ဘုရားရှင်၏ချစ်ခြင်းမေတ္တာကိုဝေငှကြသည်။

ဒေါ်ကာလေးသည်သူမ၏သူငယ်ချင်းများနှင့် ခရစ်တော်အတွက်သူမ၏ ချစ်ခြင်းမေတ္တာကိုဝေငှဖို့နည်းလမ်းသစ်တစ်ခုကိုရှာချင်စိတ်ရှိသည်။ စာရွက်အပိုင်းအစလေးပေါ်တွင်သူမကူးရေးထားသည့်ကျမ်းချက်များကို သူမ၏သူငယ်ချင်းကောင်းများထဲမှနှစ်ယောက်နှင့်ဝေငှဖို့သူမဆုံးဖြတ်လိုက်သည်။ ကျမ်းချက်များကိုသူမကူးယူပြီး နောက်တနေ့တွင် သူမ၏ သူငယ်ချင်းကောင်းများအား ထိုကျမ်းချက်ကိုပေးလိုက်သည်။ မကြာမီတွင်ပင် နေ့တိုင်းနေ့လည်စာစားသည့်အချိန် မြစ်ကမ်းအနီးတွင်သီချင်းဆိုဖို့၊ ကျမ်းစာဖတ်ဖို့နှင့် ကျမ်းချက်များကိုရွတ်ဆိုဖို့ သူတို့တွေ့ဆုံကြသည်။

တခြားသူများလည်း စတင်လာရောက်ကြသောကြောင့်လူများလာပြီး အဖွဲ့ကြီးဖြစ်လာသည်။ ကလေးများကတော့ ကျမ်းချက်များကို အလွတ်စတင်ရွတ်ဆိုကြသည်။ ဘုရားရှင်၏အကြောင်းကိုသိရှိဖို့သူမ၏ အဖွဲ့ငယ်လေးတွင်လူမည်မျှ လာရောက်ကြောင်းကို သူမမိခင်အားပြောပြသည့်အခါတွင် ကလေးများပိုမိုလာ ရောက်နိုင်စေရန်သူတို့၏နေအိမ်တွင်သူတို့လာရောက်တွေ့ဆုံဖို့ သူမ၏မိခင်ကအကြံပြုသည်။ ဗုဒ္ဓဟူးနှင့်သောကြာနေ့တိုင်း သူတို့စတင်တွေ့ဆုံကြသည်။ ထိုကြောင့် အဖွဲ့သည် ကလေးပေါင်း ၄၀ ထက်မကရှိကာကြီးထွားလာသည်။ တချို့ကလေးများ၏မိဘများတို့သည်လည်း စတင်လာရောက်ကြသည်။

ဒေါ်ကာလေးသည်ဥပုသ်နေ့တွင် မြော်လင့်ခြင်းဘုရားကျောင်းကိုတက် ရောက်ဖို့သူမ၏သူငယ်ချင်းများကဖိတ်ခေါ်ရာတွင် ကလေးအမြောက်အမြားနှင့် တချို့မိဘများပါသူတို့နှင့်အတူတက်ရောက်ကြသည်။ နောက်ဆုံးတွင် ကလေး တော်တော်များများနှင့် တချို့မိဘများတို့သည် သူတို့ထံသူတို့စိတ်နှလုံးကိုပေးအပ်ကာ မြော်လင့်ခြင်းအသင်း

တော်ငယ် လေးထဲဝင်ရောက်ဆက်သွယ်လာကြသည်။ ဘုရားကျောင်းငယ်လေးသည် ၎င်း၏အဆောက်အဦးသေးသေးလေးအတွက် ကြီးထွားမှုကြီးမားလွန်းသည်နှင့် ဤထက်ပိုကြီးသည့်ဘုရားကျောင်းကို မဆောက်နိုင်မချင်း ဘုရားကျောင်းဝတ်ပြုသူများတို့သည် မိုးရေကာဖျင်အောက်တွင်ဝတ်ပြုစည်းဝေးကြသည်။

နေသာသည့်တနေ့တွင် အသင်းသားများတို့သည် ဒေါ်ကာလေးနှစ်ခြင်းခံသည့်နေရာဖြစ်သည့် မြစ်ကမ်းနားတွင် စုဝေးကြသည်။ ဒေါ်ကာလေးရယ်၊ သူ့မိသားစုရယ်နှင့် အသင်းတော်တစ်ခုလုံးအတွက် အမှတ်တရဖြစ်စေသော နေ့တနေ့ဖြစ်ခဲ့သည်။

ဒေါ်ကာလေးသည် သူမ၏အိမ်နှင့်ဝေးသည့် မြော်လင့်ခြင်းအသင်းတော်ကျောင်းတွင်ကျောင်းအိပ်ကျောင်းစားတက်ရောက်နေသည်။ သို့သော် သူမ၏မိသားစုတို့ သည်သူတို့၏ယုံကြည်ခြင်းကို သူတို့၏ရွာကမ်းနားဘေးတွင်ဝေငှနေစဉ်တွင်၊ ဒေါ်ကာလေးလည်း တခြားသူများနှင့်သူမ၏ယုံကြည်ခြင်းကိုဆက်လက်ဝေငှနေပါသည်။

ကျွန်ုပ်တို့၏ယုံကြည်ခြင်းကိုဝေငှခြင်းသည် ကျွန်ုပ်တို့အသင်းတော်ကြီးထွားဖို့ရန် အကောင်းဆုံးနည်းလမ်းဖြစ်ပြီး ကျွန်ုပ်တို့၏ကိုယ့်ယုံကြည်ခြင်းကိုတည်ဆောက်ပေးသည်။ ကျွန်ုပ်တို့ပေးဖို့ထားရှိသည့်အလှူကိုပုံမှန်ပေးခြင်းအားဖြင့် မြို့ကြီးများနှင့်ပါပူဝါနယူးဂီနီရှိ တောမည်းကြီးထဲမှတည်ရှိသော သေးငယ်သောရွာများတွင်ရှိဘုရားကျောင်းများကိုဆောက်လုပ်ဖို့အကအညီပေးနေခြင်းဖြစ်သည်။ ကမ္ဘာတစ်ဝှမ်းတွင်ရှိအလုပ်ကိုပြီးစီးဖို့ရန် မှန်မှန်နှင့်ရက်ရောစွာကျွန်ုပ်တို့ပေးကြပါစို့။

-----ooo-----

## ဥပုသ်အပတ်စဉ် (၂၁)

မေလ (၂၇)ရက်၊ ၂၀၂၃

ဒိန်းမတ် -စိတ်ပျော်ရွှင်မှုကိုရရှိစေသောဆိုင်

နှစ်၃၀ထက်ကျော်လွန်သည့်အချိန်ကာလအတွက်၊ ခရစ်တော်အတွက် ကမ္ဘာကိုအရောက်လှမ်းဖို့ကမ္ဘာ့လုံးဆိုင်ရာ သာသနာ၏လုပ်ပိုင်ခွင့်သည် ကမ္ဘာ၏မရောက်ရှိနိုင်သည့်နေရာဒေသများ၏စိန်ခေါ်မှုအများဆုံးအပေါ် ၎င်း၏အာရုံစိုက်ပြီးကြိုးစားလုပ်ဆောင်ခဲ့သည်။ သန်းပေါင်းအရေအတွက်ရှိသည့်ယုံကြည်သူများတို့သည် ခရစ်တော်ထံသရောက်ရှိလာကြပြီး၊ အလျင်ကုန်းကမဝင်ရောက်နိုင်သောနယ်မြေသစ်များတွင် ထောင်ချီအရေအတွက်ရှိသောအသင်းတော် အသစ်များကိုစိုက်ထူခဲ့ပြီးဖြစ်သည်။ ကျယ်ကျယ်ပြန့်ပြန့်ပင် ဤပထမဆုံးသောခြေလှမ်းလှုပ်ရှားမှုကြောင့်လွန်ခဲ့သောနှစ်ပေါင်း ၃၀ တွင် အလုပ်မဝင်ရောက် နိုင်သည့်နေရာဒေသများတွင် မြော်လင့်ခြင်းအသင်းတော်သည် ၎င်း၏အသင်းဝင်

၃ဆ ဖြစ်လာပြီဖြစ်သည်။ သို့သော်အရေးကြီးသည့်စိန်ခေါ်မှုတစ်ခုရှိနေဆဲပင်ဖြစ်သည်၊ ထိုအရာမှာ မြို့များသို့ အရောက်လှမ်းခြင်းပင်ဖြစ်သည်။

မကြာသေးမီနှစ်များတွင် လူပေါင်းသန်းချီအရေအတွက်သည် မြို့ကြီးများတွင် အလုပ်အကိုင်နှင့် ပိုမိုကောင်းမွန်သည့်အသက်တာရှာဖွေဖို့အတွက် ကျေးလက်ဒေသရှိ မိမိတို့၏နေအိမ်များကိုချန်ထားသည်။ ကမ္ဘာ၏မြို့တွင်းဒေသများတွင်နေထိုင်သည့် လူထုကြီးနှင့် ဘုရားရှင်၏ချစ်ခြင်းမေတ္တာကို ကျွန်ုပ်တို့မည်ကဲ့သို့ဝေငှနိုင်မည်နည်း။

လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ကျော်လွန်သောအချိန်တွင် အယ်လင်ဂျီဝှိုက်သည် အသင်းတော်ကိုယှဉ်ပြိုင်ပြုလုပ်ဖို့ဖိတ်ခေါ်ခဲ့သည်။ 'ကျွန်ုပ်တို့၏မြို့ကြီးများတွင်ရှိသောလူများဆီသို့အရောက်လှမ်းဖို့ရန်ထက်ပိုပြီး ကျွန်ုပ်တို့လုပ်ဆောင်ရမည်ဖြစ်သည်။ လူသိများပြီးယုံကြည်လေးစားခြင်းခံရကာ တခြားသူများ အပေါ်ဩဇာလွှမ်းမိုးနိုင်သောဗဟိုဌာနဖြစ်မည့်အဆောက်အဦးလေးများကို ကျွန်ုပ်တို့ထူထောင်သင့်သည်။ (ကျန်းမာရေးဆိုင်ရာ အကြံပေးချက်၊ စာ ၄၈၁)။ သူမဆက်လက်ပြောဆိုသည်မှာ၊ ဝိညာဉ်များကို ကျွန်ုပ်တို့ဆီလာဖို့စောင့်နေရမည်မဟုတ်ပါ။ သူတို့ရှိသည့်နေရာကို ကျွန်ုပ်တို့ရှာဖွေရမည်ဖြစ်သည်။ ဧဝံဂေလိသတင်းစကား သူတို့ဆီမသယ်ဆောင်မချင်း ထိုသတင်းစကားသည် ထိုလူထုကြီးစများဆီသို့ဘယ်သောအခါမျှရောက်ရှိနိုင်လိမ့်မည်မဟုတ်ပါ။ (ခရစ်တော်၏သရုပ်ပြဩဝါဒများ၊ စာ ၂၂၉)

လူသိများပြီးယုံကြည်လေးစားခြင်းခံရကာ တခြားသူများအပေါ်ဩဇာလွှမ်းမိုးနိုင်သောဗဟိုဌာနသည် လူများရှိသည့်မည်သည့်နေရာမဆို ခရစ်တော်အတွက် လူများဆီသို့ အရောက်လှမ်းဖို့ ပုံစံထုတ်ထားသည်။ လူသိများပြီးယုံကြည်လေးစားခြင်းခံရကာတခြားသူများအပေါ် ဩဇာလွှမ်းမိုးနိုင်သောဗဟိုဌာနများတို့သည် ကျန်းမာရေးနှင့် ကျန်းမာစွာရှိနေခြင်းကို သင်ကြားပေးခြင်း၊ ကျောင်းဆင်းပြီးချိန်တွင်စာသင်ကြားပေးခြင်း၊ ဘာသာစကားတခုကိုသင်ကြားခြင်းနှင့် အိုးမဲ့အိမ်မဲ့များအတွက်ပင်လျှင်တောင်မှ ရေချိုးဖို့ကူညီပေးခြင်းတို့ အပေါ် အထူးအလေးပေးလုပ်ဆောင်သည်။

သူမတူထူးခြားသည့် ဗဟိုအချက်အချာကျသည့်နေရာတခုမှာ ဒိန်းမတ်နိုင်ငံ၏မြို့တော်ကိုပင်ဟေဂင်တွင် ခြားနားမှုတစ်ခုပြုလုပ်နေခြင်းဖြစ်သည်။ ဥရောပ၏တော်တော်များများကဲ့သို့ပင်၊ ဘာသာရေးသည် မြို့ကြီးများတွင် အများဆုံးသောသူများတို့၏အသက်တာအစိတ်အပိုင်းတခုမဟုတ်တော့ပါ။ မြို့လယ်ခေါင်တွင် တပတ်နွမ်းသည့်ပစ္စည်းများကို ရောင်းချပေးသည့်ဆိုင်များကို စိတ်ပျော်ရွှင်မှုကိုရရှိစေသောဆိုင်ဟုခေါ်သည်။ တပတ်နွမ်းဆိုင်များတို့သည် ကြီးမားကျယ်ပြန့်သည့်မြို့ကြီးများတွင် လူကြိုက်များသည်၊ သို့သော် စိတ်ပျော်ရွှင်မှုကိုရရှိစေသောဆိုသည်သုံးပြီးသည့် ပစ္စည်းအရည်အသွေးထက်ပိုမိုသောအရာကိုဖင်းကကမ်းလှမ်းထားသည်။ ၎င်းဆိုင်သည် သူငယ်ချင်မိတ်ဆွေသစ်များ

ဖွဲ့ဖို့၊ ၎င်း၏တံခါးဝထဲသို့ဝင်လာသည့်သူများဆီ့နှင့် ဝိညာဉ်ရေးနှင့်ဆိုင်သည့် ပညတ်စည်းမျဉ်းများတို့နှင့်ပတ်သက်ပြီးပြောဆိုဖို့အခွင့်အရေးတစ်ရပ်အဖြစ်ကမ်းလှမ်းထားသည်။

နံရံများပေါ်တွင်ရေးထားသောကျမ်းချက်များတို့သည် ဓမ္မဆရာများကို မေးမြန်းဖို့သက်တောင့်သက်သာမဖြစ်စေသည့် နက်နဲသည့်မေးခွန်းများကို မေးမြန်းဖို့လမ်းပြပေးနိုင်သည့်ဝယ်သူဖောက်သည်များနှင့်အပြန်အလှန်ပြော သောစကားများမီးပွင့်များကဲ့သို့ဖြာထွက်လာသည်။ ဘာသာရေးနှင့်အချင်းများသည့်ဒေသတွင် စိတ်ပျော်ရွှင်မှုကိုရရှိစေသောဆိုင်၏ လုပ်အားပေးများတို့သည လူများတို့နှင့်ရောနှောသွားလာကြသည်။ သူတို့၏လိုအပ်ချက်များကိုဖြည့်ဆည်းပေးသည်၊ သူတို့၏ယုံကြည်စိတ်ချမှုကိုရရှိပြီး ကျွန်ုပ်တို့အားလုံးလုပ်ရမည့်အရာတစ်ခုဖြစ်သည့်ခရစ်တော်နှင့်မိတ်ဆက်ပေးခြင်းဖြစ်သည်။

သို့သော်အဆုံးမရှိသော ထာဝရကာလအတွက်လူများ၏ အသက်တာကိုပြောင်းလဲပေးသည့်ကမ္ဘာလုံးဆိုင်ရာအပြင်သို့အရောက်လှမ်းခြင်းသာသနာကို အထောက်အကူပေးဖို့ သင်၏သစ္စာရှိစွာပေးလှူဖို့ထားရှိသောအလှူငွေကိုပေးခြင်းအားဖြင့် ဤအပြင်သို့အရောက်လှမ်းခြင်းကဏ္ဍတခုလည်းဘဲ သင်ရရှိနိုင် သည်။

-----၀၀၀-----

## ဥပုသ်အပတ်စဉ် (၂၂)

ဇွန်လ (၃)ရက်၊ ၂၀၂၃

### သီရိလင်္ကာ - ဘန်ဒါရာသည်သူ၏ယုံကြည်ခြင်းအတွက်အရိုက်အနှက်ခံရသည်

ဘန်ဒါရာသည်ခရစ်ယာန်များကိုမနှစ်သက်ပါ။ ကမ္ဘာကြီးကိုဖန်ဆင်းပြီး ကျွန်ုပ်တို့၏အပြစ်များကို ခွင့်လွှတ်ပေးနိုင်သည့်ဘုရားကို မည်သူမဆိုဘယ်လို ယုံကြည်နိုင်သလဲဆိုသည်ကို သူနားမလည်နိုင်ပါ။

သူ့အသက်တာပြောင်းလဲဖို့ရန် ခရစ်ယာန်တယောက်ကိုဘုရားရှင်အသုံးပြုသည်။ ဘုရားနှင့်ပတ်သက်ပြီး ဘန်ဒါရာ၏မေးခွန်းများကို ထိုပုဂ္ဂိုလ်ကဖြေဆိုသည်။ ဤခရစ်ယာန်တစ်ယောက်မှတဆင့် သူ့အတွက်ဘုရားရှင်၏ချစ်ခြင်း မေတ္တာကိုဘန်ဒါရာသိရှိလာသည်။ နောက်ဆုံးတွင်သူ၏အသက်တာကို ခရစ်တော်သို့အပ်နှံပြီးနှစ်ခြင်းခံယူသည်။ ခရစ်တော်အကြောင်းလူများနှင့်မိတ်ဆက်ပေးပြီး တနေ့နေ့တွင်ယုံကြည်သူများပါဝင်သည့် အဖွဲ့ဝင်အသစ်တစ်ခုကို စတင်ချင်နေသည်။

ဘန်ဒါရာ၏ဝါသနာနှင့် ခရစ်တော်အကြောင်းကိုဝေငှဖို့ကတိပေးပြီးသောအလုပ်တို့သည်နေ့တိုင်းပို၍ သန်စွမ်းမှုကြီးထွားလာသည်။ ဘန်ဒါရာ၏ အသက်တာပြောင်းလဲမှုသည်သူ၏မိသားစုနှင့် သူငယ်ချင်းများအတွက်အထောက်အထားသက်သေဖြစ်လာပြီး

ဆိုင်ကယ်မြို့ပတ်စီးကာ ခရစ်တော်၏ချစ်ခြင်းမေတ္တာနှင့်တခြားသူများကို ဘုရားရှင်ခွင့်လွှတ်မှုသတင်းစကားကိုဝေငှခြင်းစတင် ပြုလုပ်သည်။

ဘန်ဒါရာ၏လုပ်ဆောင်ချက်တို့သည် နောက်ဆုံးတွင် ဘန်ဒါရာ၏ အသစ်သော ခေါ်ဖိတ်ခြင်းသည် ရပ်ကွက်ကိုဖျက်ဆီးလိမ့်မည်ဟုထင်သည့် တချို့လူတို့၏ဘာရုံစိုက်မှုကိုရရှိသည်။ လူငယ်များတို့သည် ဘန်ဒါရာကိုရိုက်နှက်ဖို့လျှို့ဝှက်ကြံစည်သည်၊ သို့မှသာ ခရစ်တော်အကြောင်းတခြားသူများကို ပြောဆိုခြင်းရပ်တန့်သွားဖို့ သူ့ကိုဖျောင်းဖျဖို့ရန်ဖြစ်သည်။ တနေ့ ဘန်ဒါရာအမ်သို့ပြန်လာစဉ်၊ လူငယ်များတို့သည်သူ့ကိုစောင့်နေကြသည်။ သူသွားမည့်လမ်းကိုပိတ်ဆို့ပြီး သူ့ဆိုင်ကယ်ပေါ်ကနေဆွဲချကာ သူ့ကိုရိုက်နှက်သည်။ ဘန်ဒါရာကတော့သူကိုယ်သူကာကွယ်ခဲ့သည်၊ သို့သော်ရိုက်နှက်နေသည်ကို သူလုံးဝပြန်မလုပ်ဘဲနေသည်၊ ၁၅ မိနစ်လောက်ကြာပြီးနောက်တွင် လူငယ်တို့သည် မောလာပြီးထွက်ခွာသွားကြသည်။ ဘန်ဒါရာဟာ ခဏလေးနေပြီး သူ၏ ဆိုင်ကယ်ပေါ်ပြန်တက်ကာအိမ်သို့ပြန်စီးသွားသည်။ သူ့ကိုယ်ကို မှန်ထဲသို့ကြည့်လိုက်သည့်အခါတွင်၊ ခြစ်ရာများဒဏ်ရာများတို့ကို သူ့မျက်နှာနှင့်ကိုယ်ပေါ်တွင် မတွေ့ရှိရပါ။ ဘုရားရှင်သည် သူ့ကို ရိုက်နှက်မှုမှကာကွယပေးခဲ့သည်။

အိမ်နီးချင်းများတို့သည် ဘန်ဒါရာရိုက်နှက်ခံရခြင်းကိုကြားသည့်အခါတွင် သူ့အနားသို့လာရောက်ရပ်နေကြသည်။ သူ့အသက်တာတွင်ပြောင်းလဲမှုများကို သူတို့တွေ့ရှိရပြီး ဘန်ဒါရာ၏လုပ်ဆောင်မှုကြောင့် တခြားသောသူတို့ သည်ခရစ်တော်ထံသူတို့အသက်တာကိုပေးအပ်လိုက်ပြီးဖြစ်သည်။

ဘန်ဒါရာ၏ဘုရားထံကတိပေးပြီးလုပ်ဆောင်ခြင်းသည် တဖြည်းဖြည်း နှင့်မှန်မှန်ပို၍ကြီးထွားသန်မာလာသည်။ အကယ်၍ဘုရားရှင်၏ဧဝံဂေလိသတင်းစကားကို ကျွန်ုပ်တို့မပြောကြားမလုပ်ဘူးဆိုရင်၊ ဘယ်သူလုပ်မှာလဲ။ ဘုရားရှင်ထံအစေခံဖို့ ဘုရားရှင်ကျွန်ုပ်တ့ကိုခေါ်ဆိုပြီးဖြစ်တယ်။ သူ၏ခေါ်ဆို မှုကိုမတုံ့ပြန်ဘူးဆိုရင်၊ ဘယ်သူတုံ့ပြန်မှာလဲ။

ဘန်ဒါရာနှင့်တခြားရာချီရှိသော ကမ္ဘာလုံးဆိုင်ရာရှေ့တန်းသာသနာ ဝန်ထမ်းတို့သည် ခရစ်တော်၏ချစ်ခြင်းမေတ္တာကိုမသိသေးသည့်သူများနှင့် သူတို့၏ယုံကြည်ချက်ကိုဝေငှဖို့ရန် ဘုရားရှင်၏ခေါ်ဆိုမှုနောက်လိုက်ဖို့ သူတို့ရွေးချယ်ခဲ့ပြီးဖြစ်သကဲ့သို့ ဖြစ်နိုင်သည့်မည်သည့်နည်းနှင့်မဆို ကျွန်ုပ်တို့၏ယုံကြည်ခြင်းကိုဝေငှကာ ဘုရားရှင်၏ဖိတ်ခေါ်ခြင်းကို တုံ့ပြန်ဖို့ကျွန်ုပ်တို့ရွေးချယ်နိုင်သည်။

သူ၏သတင်းစကားကိုဝေငှဖို့ ကျွန်ုပ်တို့ကိုခေါ်ဆိုသည့်တနည်းမှာ ကျွန်ုပ်တို့၏ ပုံမှထည့်ဝင်သည့်ဆယ်ဖို့တစ်ဖို့နှင့်ပေးဖို့ ထားရှိသည့်အလှူငွေများကိုပြန်လည်ပေးအပ်ခြင်းပင်ဖြစ်သည်။ ဤအလှူငွေသည် ကမ္ဘာလုံးဆိုင်ရာရှေ့ တန်းသာသနာအပါအဝင် ကမ္ဘာအဝှမ်းရှိ မြောက်မြားစွာသောဆက်သွယ်ရေးလမ်းကြောင်းမှတဆင့် အသင်းတော်၏အလုပ်

ကို ထောက်ပံ့ကူညီပေးသည်။ သင့်ထ ဘုရားရှင်တစ်စုံတစ်ခုတောင်းဆိုသည့်အခါ သေချာစွာနားထောင်ပြီး ယုံကြည်မှု နှင့်ပျော်ရွှင်မှုတို့ဖြင့်တုံ့ပြန်ပါ။

-----ooo-----

ဥပုသ်အပတ်စဉ် (၂၃)

ဇွန်လ (၃)ရက်၊ ၂၀၂၃

## ကိုးရီးယား -ဖိတ်ကြားချက်

ဆယ်ဟီးနှင့်သူမ၏မိသားစုသည်တောင်ကိုးရီးယားနိုင်ငံ၏မြို့ထဲကနေ ကျေးလက်ဒေသသို့ပြောင်းရွှေ့သွားကြသည်။ ပထမမှာတော့ ဆယ်ဟီးဟာ မြို့တွင်ရှိသူမ၏သူငယ်ချင်းများကိုသတိရသည်၊ သို့သော်မကြာမီတွင်ဘဲ မိခင်စိုက်သည့်အပင်ကိုကူညီကာ သူတို့၏ ဟင်းသီးဟင်းရွက်ခြံအတွက်ကြည့်ရှုပေးသည်။ ဟင်းရွက်ပင်များကိုသူမရေလောင်းပေးပြီး စားပင်များကြီးထွားလာဖို့ပေးရန်လိုအပ်သည့်နေရာရဖို့ ပေါင်းပင်များကိုရှင်းထုတ်ပေးသည်။

သခွားသီးနှင့်ဆလပ်ရွက်၊ ပြောင်းဖူးသေးပင်များတို့သည်ခူးဖို့အချိန်ရောက်လာသောအခါတွင်၊ မိသားစုအတွက် စားဖို့အလွန်များပြားလွန်းသည်။ ထို့ကြောင့်ဆယ်ဟီးသည် သူမ၏အိမ်နီးချင်းများကိုအဆိုပါဟင်းသီးဟင်းရွက်များတို့ကို သူမဝေငှသည်။ ဤကဲ့သို့လတ်ဆတ်သည့်အသီးအရွက်ရရှိသည်ကို အလွန်မှုပင်ဝမ်းမြောက် ဝမ်းသာဖြစ်ပြီး မကြာခဏသူမအားအိမ်လုပ်စားစရာများဖြစ်သည့် ပေါင်မုန့်နှင့် ဟင်းရွက်သနပ်များကို လက်ဆောင်ပေးသည်။ ဆယ်ဟီးသည် မကြာခဏဆိုသလို သူပေးလိုက်သည့်ပမာဏကဲ့သို့ပင်ညီမျှသည့်ပမာဏကိုသူမအိမ်သို့ပြန်သယ်သွားရသည်။ ထိုအရာကြောင့်သူမသည် သုတ္တံ ၁၁း၂၄ တွင်ပြောထားသည့်ကျွန်ုပ်တို့ဝေငှလေ၊ ကျွန်ုပ်တို့ရရှိလေဆိုသည့်ကျမ်းချက်ကိုသတိရစေသည်။

သို့တိုင်အောင်ပင်၊ ဆယ်ဟီးသည် ဘုရားကျောင်းတွင်သူငယ်ချင်းများနှင့်တက်ရောက်ဝတ်ပြုခြင်းကိုသတိရသည်။ သူမအသက်အရွယ်တူသည့် တခြားတဦးတည်းသောကလေးသည်သူမ၏မောင်ဖြစ်သည်။ ကျောင်းပိတ်ရက်ကျမ်းစာသင်ကျောင်းကရောက်လာတော့မည်ဖြစ်ပြီး ဆယ်ဟီးကို သူမနှင့်အတူတက်ရောက်ဖို့ သူမ၏အတန်းဖော်များကိုဖိတ်ခေါ်ဖို့မိခင်ကအကြံပြုသည်။ ဆယ်ဟီးသည် အထူးဖိတ်ခေါ်စာကိုရေးပြီး ထိုဖိတ်စာများကိုကျောင်းတွင်ရှိသည့်တခြားကလေးများကိုပေးလိုက်သည်။ သို့သော် ကလေးများလာများလာပါ့မလားဆိုသည့် သူမ စူးစမ်းမိသည်။

'မစိုးရိမ်နဲ့။' သူမ၏မိခင်ကပြောသည်။ 'လာဖို့သူတို့ကိုဖျောင်းဖျဖို့က သမီးရဲ့အလုပ်မဟုတ်ဘူး။ အဲဒါက ဘုရားဆောင်ရွက်ရမယ့်အရာဖြစ်တယ်။'

ဆယ်ဟီးစာသူမ၏အတန်းဖော်များကို ဘုရားကျောင်းတံခါးဝတွင်စောင့်နေသည်၊ သို့သော် နွေရာသီကျောင်းပိတ်ရက်တွင်ပြုလုပ်သောကျမ်းစာသင်တန်းကို သူမဖိတ်ကြားထားသည့်ကလေးတစ်ဦးမျှမပေါ်လာပါ။ သို့သော်သူမ၏ အတန်းထဲရှိ ယောကျ်ားလေးများထဲမှတစ်ယောက်ဟာ ဥပုသ်နေ့တွင်ဘုရားကျောင်းသို့လာသည်။ လူငယ်ကလေးသည် ခရစ်တော်အကြောင်းကိုမသိရှိပါ၊ သို့သော် ဥပုသ်စာဖြေအတန်းတွင် သင်ယူရသည်ကို ထိုလူငယ်ကလေးပျော်ရွှင်သည်။ ကျောင်းမှာသူ၏ သူငယ်ချင်းတစ်ယောက်မျှမရှိခဲ့ပါ ထိုကြောင့် ဆယ်ဟီးနှင့်သူမ၏မောင်နှင့်သူငယ်ချင်းဖြစ်လာသည်။ 'ငါဘုရားကျောင်းလာတာကိုနှစ်သက်တယ်။' ဟု လူငယ်လေးကပြောသည်။ 'အပတ်တိုင်းငါလာချင်တယ်။'

ဆယ်ဟီး၏မိခင်က လူငယ်ကလေးလေးတစ်ယောက်ဘုရားကျောင်းကိုလာသည် ဆိုသည့်အကြောင်းပြောသည်။ 'အကယ်၍ဆယ်ဟီးကမဖိတ်ခေါ်ဘူး ဆိုရင်သူလာလိမ့်မှာ မဟုတ်ဘူး။'

ခရစ်တော်သူ့ကိုကူညီပေးဖို့နှင့် သူ၏မိသားစုဟာဘုရားရှင်ကိုချစ်ပြီး ယုံကြည်ကိုးစားဖို့ခရစ်တော်ထံတောင်းဆိုကာ ဘုရားကျောင်းကိုလာသည့်သူမ၏ သူငယ်ချင်းအသစ်အတွက် သူမဆုတောင်းပေးသည်။

ဆယ်ဟီးဟာသူမ၏သူငယ်ချင်းအတွက် ဆုတောင်းသည့်အခါတွင် သူမသူငယ်ချင်း၏စိတ်နှလုံးကိုယုံကြည်ကာ ခရစ်တော်ကိုကိုးစားခြင်းဖြစ်သည်။ ခရစ်တော်ထံကျွန်ုပ်တို့ပုံမှန်ထည့်ဝင်သည့်အလှူငွေများကိုထည့်ဝင်သည့်အခါတွင် အကောင်းဆုံးနည်းလမ်းဖြင့်အလှူငွေကိုအသုံးပြုဖို့ ခရစ်တော်ကိုကိုးစားသောကြောင့် တခြားသူများတို့သည် ဘုရားရှင်ကိုတွေ့ဆုံသိမြင်ဖို့၊ လက်ခံဆုံးဖြတ်ဖို့နှင့် သူတို့၏အသက်တာတစ်လျှောက်လုံး ဘုရားရှင်ထံအစေခံဖို့ အခွင့်အရေးတစ်ရပ်ရရှိသည်။ ကျွန်ုပ်တို့၏ဆယ်ဖို့တစ်ဖို့နှင့် အလှူငွေများတို့နှင့်အတူ၊ မိတ်ဆွေများထံကျွန်ုပ်တို့၏ သက်သေခံခြင်းနှင့်အတူ လူတော်တော်များများသည် ခရစ်တော်နှင့်တွေ့ဆုံပြီးမေတ္တာသက်ဝင်လိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့သစ္စာရှိကြပါစို့။

-----ooo-----

ဥပုသ်အပတ်စဉ် (၂၄)

ဇွန်လ (၁၇)ရက်၊ ၂၀၂၃

## အီသီယိုးပီးယား - ကျွန်တော်တွေ့ရှိသောမိသားစု

ဘရန်ဟန်သည် အီသီယိုးပီးယားနိုင်ငံတွင်ကလေးအရွယ်ကတည်းကပင် တရားဟောနေသည်မှာယခုထက်ထပင်ဖြစ်သည်။သူ၏ကြီးမားသည့်ယုံကြည်ခြင်းနှင့်အမြင်ရှိခြင်း

တို့ကြောင့်ကမ္ဘာလုံးဆိုင်ရာရှေ့တန်းသာသနာဝန်ထမ်းတစ်ဦးအဖြစ်ဆောင်ရွက်ဖို့ဖိတ်ခေါ်ခြင်းခံရသည်။ အဆိုပါခေါ်ဆိုမှုကို ဝမ်းမြောက်စွာဖြင့်ပင်လက်ခံလိုက်သည်။

ဘရန်ဟန်သည်နယ်မြေသစ်သာသနာထဲ ရောက်ရှိလာသည့်အခါတွင် နယ်မြေသစ်ရှိရပ်ကွက်ဒေသတွင်နေထိုင်သော လူများတို့နှင့် စတင်ရောနှောသွားလာသည်။ သို့သော်မြော်လင့်ခြင်းအသင်းသားတစ်ယောက်ကိုမျှသူမတွေ့ရှိပါ။ လူများနှင့်ခင်မင်ရင်းနှီးလာသည့်အခါတွင်၊ ကျမ်းစာလေ့လာဖို့အတွက်သူတို့ကို သူဖိတ်ခေါ်သည်။ ယခုတွင်မြော်လင့်ခြင်းအသင်းသားအဖွဲ့သည် သေးငယ်ပြီး ငှါးရန်းထားသည့်အဆောက်အဦးလေးတခုထဲတွင်တွေ့ဆုံကြသည်။

ဘရန်ဟန်သည်သီချင်းဆိုဖို့နှစ်သက်ပြီး၊ အိမ်နီးချင်းသစ်များကိုခရစ်တော်အကြောင်းမိတ်ဆက်ပေးဖို့သူ၏ဂီတကိုသူအသုံးပြုသည်။ သူနှစ်သက်သည့် သီချင်းများထဲမှတစ်ပုဒ်သည် ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းအကြောင်းကိုပြောသည်။ စကားလုံးများတို့ကို 'ကျွန်ုပ်တို့နိုးထကြရမည်။ ခရစ်တော်လာလိမ့်မည်။' ဆိုပြီးဘာသာပြန်ထားသည်။ သီချင်းပြီးနောက်တွင်၊ ဘရန်ဟန်သည် သူ၏စိတ်နှလုံးထဲမှသတင်းစကားကိုဝေငှသည်။ သူ၏အစည်းအဝေးဝတ်ပြုခြင်းသို့တက်ရောက်လာသောသူတို့သည် အများအားဖြင့်ထိုဒေသတွင်ရှိ အစိုးရလယ်များပေါ်တွင် အလုပ်လုပ်နေသောသူများဖြစ်ကြပြီးတော်တော်များများသောသူတို့သည်မိသားစုများ၊ အိမ်များနှင့်ဝေးကွာ နေကြသည့်သူများဖြစ်ကြသည်။ ထိုနေရာတွင်အထီးကျန်ပြီးသီးခြားကြီးဖြစ်နေသည့် စိတ်ခံစားမှုဖြစ်လွယ်သောကြောင့် ဘရန်ဟန်သည် လူများကိုစုဝေးစေခြင်းနှင့် ဤအရပ်ဒေသ၊ ဤအုပ်စုအဖွဲ့အစည်းနှင့်သော်၄င်းမိတ်ဆွေဖွဲ့ခြင်းတို့သည်၄င်း၊ မိမိနှင့်သက်ဆိုင်သည်ဆိုသည့် စိတ်ခံစားမှုကိုတည်ဆောက်ပေးခြင်းတို့ကို အလေးပေးစူးစိုက်လုပ်ဆောင်ခဲ့သည်။ ရှည်လျားသည အလုပ်လုပ်ဆောင်သည့်ရက်သတ္တပတ်ပြီးနောက်တွင်၊ သူ၏သတင်းစကားကြားနာရခြင်းကိုနှစ်သက်ပျော်ရွှင်ကြသည်။

ဘရန်ဟန်သည် လယ်ကွက်တစ်ခုတွင်အလုပ်လုပ်ဖို့ ဤမြို့သို့ပြောင်းရွှေ့လာသောဆော်လမွန်နှင့်သူတွေ့ဆုံခဲ့သည်။ သို့သော်ဆော်လမွန်သည် အထီးကျန်လာသည်။ တနေ့ လူနှစ်ယောက်တွေ့ကြပြီးစကားပြောဖြစ်ကြသည်။ သူတို့နှစ်ဦးစလုံးသည် တစ်ရွာတည်းသားတွေဖြစ်နေကြသည်ကို သူတို့သိရှိလာကြသည်။ သူတို့မိတ်ဆွေတွေဖြစ်လာပြီးသည့်နောက်တွင် စောလမွန်သည် ဘရန်ဟန်၏အဖွဲ့ငယ်ထဲသို့ဝင်ရောက်လာသည်။

ဆော်လမွန်သည် ဤဝတ်ပြုစည်းဝေးသည့်နေရာအသစ်ကိုဆက်လက် တက်ရောက်သည့်အခါ၊ လာရောက်ကြသည့်သူတို့သည် သူ၏တစ်အိမ်တည်းတွင် နေထိုင်ကြသည့်မိသားစုကဲ့သို့ သူခံစားမိသည်။ ဘရန်ဟန်၏စကားလုံးများတို့သည် ဆော်လမွန်၏နှလုံးသားထဲတွင်အမြဲဆွဲကိုင်ထားသည်။ ဘုရားရှင်ချစ်ခြင်း မေတ္တာနှင့်အဖွဲ့၏မိသားစု

အခြေအနေတို့သည် ဤနေရာအသစ်တွင်သူ၏အ သက်တာ၌ဟာလာဟင်းလင်းဖြစ်နေသည့်အရာကိုဖြည့်စွက်ပေးသည်။ ဘုရားရှင်ထံသူ့အသက်တာအပ်နှံဖို့ ဆုံးဖြတ်လိုက်ပြီး ဤဝတ်ပြုသည့်နေရာ၏ရာသက်ပန် အသင်းသားတစ်ဦးဖြစ်လာသည်။

ဘရန်ဟန်သည်ဤအဖွဲ့နှင့်ပုံမှန်တွေ့ဆုံစဉ်တွင်၊ တခြားမြို့တွင်ရှိအဖွဲ့တဖွဲ့ကိုလည်း ၂ နာရီလောက်လမ်းလျှောက်ပြီးသွားရောက်တွေ့ဆုံဝတ်ပြုကိုးကွယ်ခြင်းပြုလုပ်သည်။ သူ၏အလုပ်သည် မောပန်းပြီးခက်ခဲနိုင်ပေမဲ့လည်းမျှော်လင့်ခြင်းနှင့်ခွန်အားကိုခရစ်တော်ထံတွင်ရှာဖွေသည်။

ဘရန်ဟန်သည် ကမ္ဘာအဝှမ်းရှိကမ္ဘာလုံးဆိုင်ရာရှေ့တန်းသာသနာအမှုဆောင် ၁၆၀၀ ထဲမှ တစ်ယောက်သောသူသာဖြစ်သည်။ ခရစ်တော်နှင့် လူများကိုမိတ်ဆက်ယူဆောင်လာပေးသောကြောင့် ကျေးဇူးပြု၍ သူတို့အတွက်ဆုတောင်းပေးပါ။

သင်၏မှန်မှန်ထည့်ဝင်လှူဒါန်းသည့်ငွေများတို့သည် ပျောက်ဆုံးနေသော အမျိုးသားအမျိုးသမီးများနှင့်ကလေးများတို့ကို ခရစ်တော်ခြေတော်ရင်သို့ခေါ်ဆောင်လာသည့်အလုပ်ကိုလျှင်မြန်စေဖို့ရန် သင်၏ဆုတောင်းချက်များတွင် ထည့်သွင်းကြရအောင်။ ဤကမ္ဘာလောကတွင်အလုပ်ပြီးမြောက်ဖို့သစ္စာရှိသော သင်၏ပေးလှူခြင်းကို ဘုရားရှင်ကောင်းကြီးချပေးပါစေ။

-----ooo-----

## ဥပုသ်အပတ်စဉ် (၂၅)

ဇွန်လ (၂၄)ရက်၊ ၂၀၂၃

## ဇင်ဘာဘွေ - ဘုရားရှင်အတွက် နွားသုံးကောင်နှင့် ကျွဲတစ်ကောင်

မစ္စတာနှင့်မစ္စစ်မန်ပိုးဖူတို့သည် အာဖရိကတိုက်တောင်ပိုင်းရှိ ဇင်ဘာဘွေနိုင်ငံတွင်နေထိုင်ကြသည်။ သူတို့သည်ကျွဲနွားများကိုမွေးမြူကြပြီး သူတို့၏ တိရစ္ဆာန်များတို့သည်ဘုရားနှင့်ဆိုင်သည်ဟုသူတို့အသိအမှတ်ပြုသည်။ တနေ့တွင် ဇနီးမောင်နှံနှစ်ဦးတို့သည် သူတို့၏ခြံမွေးတိရစ္ဆာန်ကိုစောင့်ကြည့်သည့်အခါတွင် ဘုရားရှင်ကိုဤထက်မကပေးချင်သည့်ခံစားမိသည်။ ထိုကြောင့်သူတို့၏တိရစ္ဆာန်များ၏ တစ်ပုံကိုဆယ်ဖို့တစ်ဖို့နှင့်ပေးလှူဖို့ဖယ်ထားသည့် အလှူငွေ များအဖြစ်ပေးဖို့ သူတို့ဆုံးဖြတ်လိုက်သည်။

သူတို့၏ ၃၁ ကောင်သောတိရစ္ဆာန်အုပ်စုမှ ဇနီးနှင့်ခင်ပွန်းဖြစ်သူတို့က အင်အားတောင့်တင်းသည့်နွား ၃ ကောင်ကိုဆယ်ဖို့တစ်ဖို့အဖြစ်နှင့်၄င်း၊ ကျွဲတစ်ကောင်ကို သူတို့ပေးလှူဖို့ဖယ်ထားသည့်အလှူငွေအဖြစ်နှင့်၄င်း၊ ရွေးချယ်လိုကသည်။ ကျမ်းစာပြောထားသည်မှာအရာရာတိုင်းသည် ဘုရားရှင်သက်ဆိုင်သည်၊ ကျွန်ုပ်တို့သည် ဘုရားရှင်၏ဘဏ္ဍာစိုးများသာဖြစ်သည်ဆိုပြီး မစ္စတာမန်ပိုးဖူကပြောသည်။ ‘ကျွန်တော်တို့

ဟာကျမ်းစာဖတ်ပြီးသိရှိရသည်မှာကြီးမြတ်တဲ့ ကောင်းချီးမင်္ဂလာဟာပေးကမ်းခြင်းမှလာတယ်ဆိုတာကိုဘုရားရှင်ကတိပေးထားတယ်။ ၎င်းသည်ကျွန်ုပ်တို့၏စိတ်နှလုံးကို အလွန်မှပင်ထိတွေ့တယ်။ ဘာဖြစ်သလဲဆိုတော့ဘုရားရှင်သည် ကျွန်ုပ်တို့အပေါ်အလွန်မှပင်ကောင်းမြတ်သောကြောင့် ဖြစ်တယ်။'

ဤအတွေးအခေါ်ဖော်ပြချက်သည် တိရစ္ဆာန်များကိုကောက်ခံသည့်အလည်အပတ်ပြုလုပ်သည့်အသင်းလူကြီးများကို ခွန်အားဖြစ်စေသည့်သာမကဘဲ အိမ်နီးနားချင်းနှင့်အသင်းသားများတို့၏အာရုံစိုက်မှုပါဖြစ်စေသည်။ တခြားသောသူ တော်တော်များများလည်းမန်ပိုးဖူ၏နမူနာကြောင့် သူတို့၏အလှူငွေများကိုပိုမို ထည့်ဝင်ဖို့ကတိသစ္စာပြုသည်။

အသင်းတော်အလှူငွေများတို့သည် ကမ္ဘာနှင့်အဝှမ်းကြီးမားသည့်ကွာ ခြားမှုတစ်ရပ်ကိုပြုလုပ်ပြီးမှန်မှန်နှင့်မပျက်မကွက်ပေးသည့်အခါတွင်အကြီးမားဆုံးသော အကျိုးသက်ရောက်မှုကိုပြုလုပ်ပေးနိုင်သည်။ ဆိုလူးစီတက္ကသိုလ်သည် ဇင်ဘာဘွေနိုင်ငံတွင်ရှိသည်။ ၁၈၉၄ခုနှစ်တွင်တည်ထောင်ပြီး အာဖရိကတိုက် တောင်ပိုင်းတစ်ခုလုံးမှကျောင်းသူကျောင်းသားများတို့ကိုဤမြော်လင့်ခြင်းတက္ကသိုလ်ကပညာပေးသည်။ ၎င်း၏အင်အားမှာကမ္ဘာအဝှမ်းရှိ သန်းပေါင်းအရေအတွက်ရှိသည့်ယုံကြည်သူများတို့၏ ဆက်ကပ်သည့်ငွေနှင့်အလှူငွေတို့မှလာ ခြင်းဖြစ်သည်။

ဇင်ဘာဘွေသည်တောင်ပိုင်းကျသော အာဖရိက-အိန္ဒိသမုဒ္ဒရာဒေသ၏ အစိတ်အပိုင်းဖြစ်သည်။ ဤနယ်နိမိတ်သည်မြော်လင့်ခြင်းအသင်းသူအသင်းသား ၄. ၃ သန်းထက်ပိုသောအရေအတွက်ရှိသောသူတို့၏နေရပ်ဖြစ်သည်။ အသင်းတော်ကြီးထွားမှုကောင်းမွန်စွာတည်ဆောက်ဖွဲ့စည်းထားသည့် သမိုင်းကြောင်းရှိနေလင့်ကစား၊ တောင်ပိုင်းကျသောအာဖရိကအိန္ဒိယသမုဒ္ဒရာဒေသတွင်နေထိုင် ကြသောလူများတို့သည် တိုင်းပြည်တိုင်းတွင်ရှိအသင်းတော်များနှင့်အသင်းသားများတို့ကိုထိခိုက်သက်ရောက်စေသည့် ငွေရေးကြေးရေးနှင့်ဆိုင်သောခက်ခဲရုန်းကန်မှုနှင့်ရင်ဆိုင်ကြရသည်။ ကျွန်ုပ်တို့၏ အသင်းတော်အလှူငွေများတို့သည်အခက်အခဲဆုံးနှင့်ရင်ဆိုင်နေရသည့်နေရာဒေသအချို့တို့တွင်၊ အထူးသဖြင့်တိုးတက်လာသည့် မြို့ကြီးများတွင် မျှော်လင့်ခြင်းသတင်းစကားတစ်ရပ်ကိုဖြန့်ဝေဖို့ကူညီပေးသည်။

ထိုမှာရှိသောအသင်းသားများတို့သည် သူတို့၏အသက်တာတွင်ဘုရားရှင်၏ခေါ်ဆိုမှုကိုသစ္စာရှိစွာနောက်လိုက်သည့်တောင်ပိုင်းကျသော အာဖရိက-အိန္ဒိယသမုဒ္ဒရာဒေသအတွက်ကျေးဇူးပြု၍ဆုတောင်းပေးပါ။ ကမ္ဘာတစ်ဝှမ်းတွင် ရှိသောမြော်လင့်ခြင်းအသင်းသားများကိုကူညီဖို့ရန် အသင်းတော်ကဖန်တီးထားသည့် စုပေါင်းထည့်ဝင်ထားသောအလှူငွေအစီအစဉ်သည် သူတို့အနီးအနားနေထိုင်ရာဒေသတွင်၊ တိုင်းပြည်တိုင်းတွင်ကျိုးကြောင်းဆီလျော်သောနည်းလမ်းတစ် ရပ်အားဖြင့်အမှုတော်ကိုအထောက်အပံ့

ဖြစ်စေဖို့သူတို့၏လျှုဖို့ထားရှိသော အလှူငွေကိုအသုံးပြုသည်။ ဆယ်ဖို့တစ်ဖို့အပြင်၊ ကျွန်ုပ်၏ဝင်ငွေထဲမှရာခိုင်နှုန်းမည်မျှလောက်ကို ပုံမှန်ပေးစေချင်လဲဆိုသည်ကိုဘုရားရှင်အားမေးပါ။ ထိုနောက် မန်ပိုးဖူမိသားစုကဘုရားရှင်ကိုပြောသည့် 'မည်သည့်အတွက်ကြောင့် သူ၏ကျွဲနွားတွေကိုဘုရားရှင်အားပေးရသလဲ' ဆိုသကသို့ ခဏနားပြီးနားထောင်လိုက်ပါ။

----ooo-----

ဥပုသ်အပတ်စဉ် (၂၆)

ဇူလိုင်လ (၁)ရက်၊ ၂၀၂၃

## ပီရူး - ကက်ဦးထုတ်နှင့်လူကြီး

ဖီးလိပေသည်ပီရူးနိုင်ငံ၊ လီမာမြို့တွင်နေထိုင်သည်။ တခြားသူများနှင့် ဘုရားရှင်၏ချစ်ခြင်းမေတ္တာတော်အကြောင်းကိုသူဝေငှဖို့ သူ၏အသက်တာကိုသူ အပ်နှံထားပြီးဖြစ်သည်။ သို့မကြာသေးမီလွန်ခဲ့သောအချိန်ကာလတွင်၊ ဖီလိပေသည် ဘုရားရှင်နှင့်အဓိပ္ပါယ်ရှိသည့်ရင်းနှီးဆက်သွယ်မှုတစ်ရပ်ကိုသူရှာဖွေနေခဲ့သည်။ သို့သော်သူတက်ရောက်ခဲ့သောဘုရားကျောင်းအသင်းတော်များထဲတွင် ထိုအရာကိုသူမတွေ့ရှိရဘဲဖြစ်နေသည်။ မည်သို့ပင်ဖြစ်စေကာမူ၊ ဘုရားရှင်ဖီးလိပေကို မျက်ကွယ်မပြုခဲ့ပါ။ ဘုရားရှင်သည် ကတ်ဦးထုပ်ကိုအသုံးပြုပြီး ကယ်တင်ရှင်နှင့် မြော်လင့်ခြင်းအသင်းတော်ဆီသို့ လမ်းပြပို့ဆောင်သည်။

ဖီးလိပေဟာတက္ကသိုလ်တစ်ခုမှာအလုပ်လုပ်ဖို့ နေ့တိုင်းလမ်းလျှောက်သွားသည်။ တနေ့တွင်ဆိုင်တဆိုင်ကိုဖြတ်လျှောက်သွားသည့်အခါတွင် ကက်ဦးထုပ်လေးတစ်ခုကိုသတိထားမိလိုက်သည်။ စိတ်ဝင်စားဖွယ်ကောင်းသည့် ဘေ့စ် ဘောဦးထုပ်မျိုးကို သူကြိုက်နှစ်သက်ပြီး အဆိုပါပြူတင်းပေါက်နားတွင်ရှိသော ဦးထုပ်လိုမျိုး သူတစ်ခါမျှမတွေ့ခဲ့ဘူးပါ။ ဆိုင်ထဲကခြေလှမ်းလှမ်းလိုက်ပြီး ဦးထုပ်ကိုဝယ်လိုက်သည်။ ဝယ်ပြီးသည်နှင့်သူဆောင်းလိုက်တော့သည်။ ဖီးလီပေဟာ ဦးထုပ်ပေါ်တွင်ရှိသောသင်္ကေတ၏အရေးကြီးသည့်အချက်ကို သူသတိမထားခဲ့ပါ။

အလုပ်ခွင်တွင်လူတချို့တို့က ဦးထုပ်ပေါ်ရှိသင်္ကေတ၏အဓိပ္ပါယ်ကိုသူသိသလားဟုမေးကြသည်။ သို့သော် သူမသိပါ။ တစ်စုံတစ်ယောက်က ခင်ဗျားဟာ မြော်လင့်ခြင်းအသင်းသားလားဟုမေးသည့်အခါတွင်၊ မဟုတ်ပါဘူးဟုသူဖြေသည်။ သို့သော် အလုပ်ခွင်မိတ်ဆွေများမှ သူ့အားဤကဲ့သို့မေးရသည် သူသိချင်လှသောကြောင့် မြော်လင့်ခြင်းအသင်းတော်ဘုရားကျောင်းကို သူသွားရှာဖွေသည်။

ဖီးလိပေဟာ လိမ္မော်ရည်ရောင်းနေသည့်လူကိုမြော်လင့်ခြင်းအသင်း သားများနှင့်ပတ်သက်ပြီးသူသိသလားဟုမေးသည်။

လိမ္မော်ရည်ရောင်းသူက ကျွန်တော်ကမြော်လင့်ခြင်းအသင်းသားတစ်ယောက်ပါ။ သူတို့နှစ်ယောက်ဟာ အချိန်ယူကာစကားပြောကြပြီးနောက် နောက်ရက်သတ္တပတ်တွင် သူနှင့်အတူမြော်လင့်ခြင်းအသင်းတော်ဘုရားသို့သွားကြဖို့ သူ့ကိုဖိတ်ခေါ်လိုက်သည်။ ဖီးလိပေသဘောတူလိုက်သည်။ သူတို့နှစ်ဦး ဘုရားကျောင်းသို့ရောက်သောအခါတွင်၊ ဖီးလိပေဟာ ဘုရားကျောင်း၏ကြိုဆိုလက်ခံမှုကိုခံစားရပြီး နောက်တစ်ကြိမ်ပြန်လာဖို့ဆုံးဖြတ်လိုက်သည်။ အချိန်တိုအတွင်းလေးတွင် ဖီးလိပေသည် ဘုရား၏အသင်းတော်နှင့်သူ့အသက်တာအတက်ဘုရားရှင်၏အစီအစဉ်ကို သူတွေ့ရှိပြီဆိုသည်ကိုတထစ်ချ ယုံကြည်လိုက်သည်။ မြော်လင့်ခြင်းအသင်းတော်ထဲလာရောက်ဖို့ ဖီးလိပေတောင်းဆိုသည်။

ကျွန်ုပ်၏အသက်တာသည် ပြီးပြည့်စုံသည်ထက်ကျော်လွန်ပါသည်ဟု ဖီးလိပေကပြောသည်။ ဘုရားရှင်သည် ကျွန်ုပ်၏ဆုတောင်းချက်ကိုနားညောင်းတော်မူပြီး ယခုတွင်တခြားသူများကိုသူ့အကြောင်းပြောပြပါမည်။ ဘုရားရှင်သည် ကယ်တင်ရှင်ထံသို့ဝိညာဉ်များကိုဦးဆောင်လမ်းပြပေးဖို့ရန် ဦးထုပ်အပါအဝင်၊ တစ်စုံတစ်ခု (သို့) တစ်စုံတစ်ယောက်ကို အသုံးပြုနိုင်သည်ဆိုသည်ကို သူသိသည်။

လူများ၏အာရုံဆွဲဆောင်ဖို့အတွက် ဦးထုပ်တစ်လုံးပင်လျှင်တောင်မှ ထိုကဲ့သို့နည်းလမ်းပေါင်းထောင်ပေါင်းများစွာဘုရားရှင်၌ရှိသည်။ သို့သော်ခရစ်တော်ကိုအကြောင်းတခြားသူများသိရှိစေဖို့ရန်ဘုရားရှင်သည်ကျွန်ုပ်တို့ကို ကဏ္ဍတစ်ခုခုတွင်လည်းပါဝင်စေချင်သည်။ ဘုရားရှင်ထံပေးလှူသည့်ကျွန်ုပ်တ့၏ဆယ်ဖို့တစ်ဖို့နှင့်ပေးကမ်းဖို့သတ်မှတ်ထားသည့်အလှူငွေများကို သစ္စာရှိရှိကျွန်ုပ်တို့ပြန်လည်ပေးအပ်ရာတွင် ကျွန်ုပ်တို့နေထိုင်သည့်နေရာနှင့်ကမ္ဘာတစ်ဝှမ်းတွင်ရှိ သာသနာအလုပ်ကိုကျွန်ုပ်တို့ထောက်ပံ့ခြင်းဖြစ်သည်။ ဆုတောင်းခြင်းအားဖြင့်၊ ပေးကမ်းခြင်းအားဖြင့်၊ ဘုရားရှင်သည်သူတို့ကိုချစ်သည်ဆိုသည်ကို ကျွန်ုပ်တို့တွေ့သည့်သူများကိုပြောခြင်းအားဖြင့် ဘုရားရှင်၏ဓမ္မတရားပွဲများ၏ကဏ္ဍတစ်ခုခုတွင်ပါဝင်သူဖြစ်စေပါ။

-----ooo-----

## ဥပုသ်အပတ်စဉ် (၂၇)

ဇူလိုင်လ (၈)ရက်၊ ၂၀၂၃

ကမ္ဘာ့ဘဏ္ဍာငွေစာရင်း - အလှူငွေများတို့သည်မည်သည့်နေရာသို့ရောက်ရှိပါသလဲ။

ကျွန်ုပ်တို့အပတ်စဉ်အသင်းတော်အလှူငွေများနှင့် ကျွန်ုပ်တို့ပေးလှူဖို့ ကတိပေးသည့်အလှူငွေများတို့၏ တစ်စိတ်တစ်ဒေသတို့သည်ကမ္ဘာ၏ထောင့်တိုင်းတွင်ရှိသောအသင်းတော်အလုပ် ဆက်လက်ကြီးထွားဖို့နှင့်ရေရှည်တည်တံ့ဖို့ အတွက်အရေးကြီးသည်ဆိုသည်ကိုမတော်သင်တို့သိသည်။ ဒီဇိဇံတိုင်းတွင်ရှိ စီမံ ကိန်းများတချို့တို့သည်သင်တို့၏

တစ်ဆယ့်သုံးပတ် အလှူငွေ၏တစ်စိတ်တစ်ဒေသအားဖြင့်စတင်လုပ်ဆောင်သည် (သို့) အကျိုးပြုဖို့အသုံးပြုသည်ဆိုသည်ကို မတော်သင်သိမည်ဖြစ်သည်။

သို့သော်အပတ်စဉ်သင်တို့ပေးသည်ပုံမှန်အသင်းတော်အလှူငွေများနှင့်ပတ်သက်သည့်အကြောင်းရောသင်သိပါသလား။ အဆိုပါထိုရုံပုံငွေများမည်သည့် နေရာသို့ရောက်ရှိသွားပါသလဲ။ မည်သည့်အရာကိုအထောက်အကူပေးပါသလဲ။ နောက်ပြီးမည်သည့်အရာကိုပြီးစီးအောင်ပြုလုပ်ပေးပါသလဲ။ အပတ်စဉ်အလှူငွေသည် ကမ္ဘာအဝှမ်းတွင်ရှိသော ပင်လယ်ရပ်ခြားသာသနာပြုသည့်မိသားစုပေါင်း ၄၀၀ ကိုထောက်ပံ့ဖို့ကူညီပေးသည်ဆိုသည်ကိုသင်သိလျှင်အံ့ဩသွားနိုင်သည်။ အမှန်တွင်၊ တစ်ကွာတာတွင်ကောက်ခံရရှိသော အပတ်စဉ်အသင်းတော်အလှူ ငွေ၏ ၇၀%သည် အသင်းတော်၏သာသနာပြုသူများနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်ကိုထောက်ပံ့ဖို့သွားသည်။ ကမ္ဘာ့ဌာနချုပ်မှဒီဗီဇံ၊ ယူနီယံနှင့် နယ်ဒေသတို့အတွက် လျှာထားငွေတို့သည် ထိုဒေသများရှိသူတို့၏နယ်နိမိတ်တွင်းရှိ သာသနာလှုပ်ရှားမှုများတည်ဆောက်ပြီး တည်တံ့အကျိုးပြုရန်ကူညီပေးသည်။ ကျွန်ုပ်တို့၏ဆယ်ဖို့တစ်ဖို့များသည် သာသနာပြုများ၏လစာကိုပေးပြီးကူညီပေးစဉ်တွင်၊ ကျွန်ုပ်တို့၏ဥပုသ်စာဖြေအလှူငွေများတို့သည်သာသနာပြုအမှုဆောင်များ၏အလုပ်ကို ဆက်လက်လုပ်ဆောင်ဖို့လိုအပ်မည့်အဆောက်အဦးများနှင့်ကရိယာ တန်ဆာပလာများတို့ကိုပံ့ပိုးကူညီပေးသည်။

ကျန်ငွေများသည်ကမ္ဘာ့အသင်းတော်ကိုအလုပ်လုပ်ပေးသည့် အမျိုးအစားကွဲပြားသောကျောင်းများ၊ ကိုယ်စားလှယ်လုပ်ငန်းများကိုကူညီပေးသည်။ ဥပမာ၊ လိုမာလင်းဒါ၏မေတာကရုဏာကြီးသောဆေးကုသခြင်းနှင့်ဆိုင်သော သာသနာအလုပ်၊ မြော်လင့်ခြင်းအသံလွှင့်သည့်လုပ်ငန်းနှင့်ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးဌာန၏ လူသားချင်းကိုယ်ချင်းစာနာသည့် သာသနာလုပ်ငန်းတို့ကို ၄င်းကကူညီပေးသည်။

မကြာသေးမီနှစ်များတွင်ကမ္ဘာ၏စိန်ခေါ်မှုရှိနေသော ဒေသများမှသန်းချီသောလူများတို့သည် ခရစ်တော်ထံကယ်တင်ခြင်းကိုတွေ့ရှိပြီး မြော်လင့်ခြင်းအသင်းတော်သို့ဝင်ရောက်လာခဲ့ပြီဖြစ်သည်။ သင်၏အလှူငွေများကျေးဇူးကြောင့်၊ ထောင်ချီရှိသောအသစ်သောဝတ်ပြုကိုးကွယ်သူများကို ရောက်ရှိဖို့ဝေးလံသည့်ဒေသနှင့်လူသစ်အုပ်စုများအကြားတွင်ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။ သို့သော် အသစ်သောယုံကြည်သူများတို့သည်နှစ်ခြင်းမင်္ဂလာခံယူပြီးနောက် သူတို့ကိုမည်ကဲ့သို့ပြုစုပျိုးထောင်ပေးပါသလဲ။ သူတို့၏အသစ်သောယုံကြည်ခြင်းသည်ခိုင်မာ ပြီးခရစ်တော်နောက်လိုက်များအဖြစ် ကြီးထွားသည်ဆိုသည့်အရာကိုကျွန်ုပ်တို့ သေချာအောင်မည်ကဲ့သို့ပြုလုပ်ပါသလဲ။ ကမ္ဘာ့လူဦးရေ၏ခရစ်တော်နှင့်ပတ်သက်သည့် အားသစ်တိုးစေသည့်သတင်းကိုတွေ့ကြုံခံစားဖို့ စောင့်နေဆဲပင်ဖြစ်သည်။ သင်၏မှန်မှန်နှင့်စနစ်ကျစွာထည့်ဝင်သောအလှူငွေ (ပေးဖို့ကတိပေးထား သည့်အလှူငွေ)

တို့မှတဆင့်သင်၏ဆက်လက်ထောက်ပံ့နေဆဲဖြစ်သည့် အသင်းတော်လုပ်ငန်းသည် ကမ္ဘာ့အနှံ့အပြားပင်အလုပ်သစ်ကိုကြီးထွားတည်တံ့ဖို့ကူညီပေးလိမ့်မည်ဖြစ်သည်။ အသက်ပေးသည့်မြစ်ကိုဆက်လက်စီးဆင်းဖို့ကျေးဇူးပြု၍ထားရှိပါ။

-----ooo-----

ဥပုသ်အပတ်စဉ် (၂၈)

ဇူလိုင်လ (၁၅)ရက်၊ ၂၀၂၃

## မိုင်ခရိုနီးရှား - ဘုရားရှင်၏ဦးဆောင်မှုနောက်လိုက်ခြင်း

ကျွန်မကအဲလီဖြစ်ပြီး ဖုန်းမှရရှိသောစာတိုတစ်ခုဟာကျွန်မအသက်တာကိုပြောင်းလဲခဲ့သည်။

ကျွန်မသူငယ်ချင်းမှစာပို့လိုက်သည့်အချိန်သည် ကျွန်မသည်ကောလိပ် ဒုတိယနှစ်ကိုတက်ရောက်သည်။ 'ဒီနှစ် ချွတ်(ခ်) မှာလုပ်အားပေးဆရာတစ်ယောက်ဖြစ်ချင်လား။' သူမရေးပို့လိုက်သည့်စာတိုဖြစ်သည်။ စိတ်ရှုပ်ထွေးပြီး ကျွန်မသိချင်မိသည်မှာ၊ ချွတ်ကဘယ်သူလဲ။ ဘာဖြစ်လို့ သူ့ကိုစာသင်ဖို့ငါ့ကိုလိုအပ်တာလဲ။ ထိုနောက် မိုင်ခရိုနီးရှားတွင်ရှိ ချွတ်ခ်ကျွန်းပေါ်တွင်လုပ်အားပေးဆရာမတစ်ယောက်အဖြစ် အလုပ်လုပ်ခြင်းကိုထည့်သွင်းစဉ်းစားဖို့ သူမမေးနေခြင်းဖြစ်သည်ကိုကျွန်မသဘောပေါက်သွားသည်။

ချွတ်(ခ်)ကျွန်းပေါ်တွင်ရှိ သတ္တမနေ့အသင်းတော်ကျောင်းတွင်တက်ရောက်နေသောကျောင်းသူကျောင်းသား ၁၅၀ ခန့်ကို သင်ကြားပေးသောဆရာ ဆရာမမှာ ၆ ယောက်သာရှိသည်ဆိုသည်ကိုကျွန်မသိရှိလိုက်သည်။ သင်ကြားပေးမည့် ဆရာ/ဆရာမများကို အလွန်မှပင်သူတို့လိုအပ်နေသည်။ ကျွန်မသည် ဘုရား၏လမ်းပြမှုအတွက်တောင်းလျှောက်ပြီးလျှောက်လွှာကိုဖြည့်စွက်ပြီးနောက် ရက်သတ္တပတ်အနည်းငယ်ကြာပြီးနောက်တွင် မိုင်ခရိုနီးရှားသို့လေယာဉ်ဖြင့်ပါ သွားသည်။

ချွတ်(ခ်)ဟာ ပထမအကြည့်တစ်ချက်တွင် ခေတ်မီပုံပေါက်သော်လည်းရိုးရာယဉ်ကျေးနှင့်ဆိုင်သောကိုးကွယ်သည့် ယုံကြည်ယုံမှုများတို့သည် ကြောက်မက်ဖွယ်ကောင်းလောက်အောင်ဖြစ်သော ခိုင်မြဲစွာဆုပ်ကိုင်ထားရှိဆဲဖြစ်သည်ဆိုသည်ကို ကျွန်မရှည်ရှည်ဝေးဝေးကိုမကြည့်ရပါ။ နောက်ပြီးသူမအိမ်နီးချင်းတစ်ယောက်၏သားတစ်ယောက်သည်နတ်ဆိုးဝင်ပူးပြီးရှေ့တည့်တည့်တွင်ရှိနေသည့် မည်သည့်အရာ၊ မည်သူကိုမျှမမှတ်မိတော့ဘဲသူ့ကိုစိုက်ပြီး ကြည့်နေတော့သည် ဆိုသည်ကို ကျောင်းသူတစ်ယောက်ကကျွန်မကိုပြောသည်။

ချွတ်(ခ်)၏ ပူအိုက်စွတ်စိုသည့်ရာသီဥတုနှင့်ထူး ခြားဆန်းပြားသည့် ဒိုင်ဗင်ထိုးချ၍ရသည့်နေရာများတို့သည် ဆွဲဆောင်မှုကြီးမားသော်လည်း၊ ကျွန်းပေါ်တွင်နေထိုင်သည့်

သူတို့၏လိုအပ်ချက်များကိုအမှန်တရားအတွက်ဆန္ဒရှိသည့်သူနှင့်နှိုင်းယှဉ်ပြောမည်ဆိုလျှင် ထိုအရာကို အလေးအနက်မထားပုံမပေါ်ပါ။ မြော်လင့်ခြင်းအသင်းသားမဟုတ်သည့် မိသားစုမှလာသည့် ကျောင်းသူ/သား အများဆုံးတို့နှင့်အတူ၊ ချွတ်(ခ်)ကျောင်းသည် အမှန်ပင်အသင်းတော်ကျောင်းတစ်ကျောင်းဖြစ်ပြီး ကျောင်းသူကျောင်းသားများနှင့်ရပ်ရွာ ဒေသခံတွေ၏အသက်တာများထဲတွင် ကျွန်မသည်ခြားနားချက်တခုပြုလုပ်နေခြင်းဖြစ်သည် ဟု ကျွန်မ အမှန်တကယ်ယုံကြည်သည်။

ယုံကြည်ခြင်းလို့ဆိုရမည့်ယုံနင်စရာမကောင်းသည့်ခရီးတွင် ဘုရားရှင် ဤမျှထိ ရောက်ရှိအောင်ပို့ဆောင်ခဲ့သည်ကို ကျွန်မအံ့သြမိသည်။ တချို့နေ့များတွင် ကျွန်မ၏ အကောင်းဆုံးလို့မခံစားမိပေမဲ့လည်း၊ အကြောင်းတစ်ရပ်အတွက် ဘုရားရှင်ကျွန်မကို ဤနေရာတွင်ထားရှိပြီး သူ့ကိုအစေခံဖို့ကျွန်မလိုအပ်သည့်ခွန်အားကိုပေးသည်ဟု ကျွန်မ ယုံကြည်သည်။ တချို့အချိန်များတွင် ခရစ်ယာန်အသက်တာလျှောက်လှမ်းရာတွင် ရရှိ သည့်အောင်မြင်မှုသည် ကျွန်မတို့၏ကိုယ်ပိုင်ကောင်းမွန်တော်တတ်မှု (သို့) စွမ်းဆောင် နိုင်မှုအားဖြင့်တိုင်းတာ၍မရပါ၊ သို့သော် ကျွန်မတို့ဘုရားရှင်၏ အသံတော်ကိုမည်ကဲ့သို့ နားထောင်ပြီးလိုက်နာ ခြင်းဖြစ်သည်ကို ကျွန်မယခုနားလည်ပါပြီ။

ကျွန်မတို့အယောက်စီတိုင်းကို ကျွန်မတို့ကိုသူခေါ်သည့်နေရာသို့သွားသည်ဖြစ် စေ၊ သူလမ်းညွှန်သကဲ့သို့မှန်မှန်နှင့်စနစ်တကျပေးသည်ဖြစ်စေ၊ ကျွန်မတို့၏ယုံကြည်ခြင်း ကိုဝေးနိုင်သမျှဝေးဝေးသို့ရောက်ရှိအောင်ဖြန့်ဝေဖို့ဘုရားရှင်ခေါ်နေသည်။ ပေးခြင်းသည် ဘုရားရှင်နှင့်ဆိုင်သောဆယ်ဖို့တစ်ဖို့ကိုပြန်ပေးခြင်းနှင့် ဆယ်ဖို့တစ်ဖို့အပြင် 'ကတိ' ဟု ခေါ်သည့် ပုံမှန်ပေးဖို့နှင့်စနစ်တကျပေးသည့်အလှူငွေပေးရာတွင် ဘုရားရှင်နှင့်ကတိပေး ထားဖို့ကျွန်ုပ်တို့ကို သူခေါ်ဆိုသည့်အခါတွင် သူ၏အသံကိုနားထောင်ဖို့လည်းပါဝင်ပါ သည်။ ပေးဖို့ ဘုရားရှင်တောင်းဆိုပါသည်။ ကတိဆိုသည့် ကျွန်ုပ်၏အလှူငွေအဖြစ် မှန်မှန်မည်မျှဖြစ် သောရာခိုင်နှုန်းကို ကျွန်ုပ်၏ဝင်ငွေထဲမှ ဘုရားရှင်ပေးစေချင်သလဲ ဆိုသည်ကို ဘုရားရှင်ကိုမေးမြန်းဖို့ ကျွန်မဖိတ်ခေါ်လိုက်ပါသည်။ ထိုနောက်သူ၏ပြန်မိန့် မြွက်သည့်အသံကိုနားထောင်ပါ။ 'ဟုတ်ကဲ့ပါ၊ ဘုရားရှင်' ဆိုပြီးပြောဆိုခြင်းသည် သင်၏ယုံကြည်မှုကို ဝေးနိုင်သမျှဝေးဝေးသို့ရောက်ရှိအောင်ဖြန့်ဝေလိုက်ခြင်း ဖြစ်သည့် တစ်ခုတည်းသောနည်းလမ်းဖြစ်သည်။ အဲလီ ဘူတီခိုဖာ၊ အလက် စကား၊ အမေရိကန်နိုင်ငံ

-----ooo-----

ဥပုသအပတ်စဉ် (၂၉)

ဇူလိုင်လ (၂၂)ရက်၊ ၂၀၂၃

**အင်ဒိုနီးရှား - မျက်မမြင်အတွက်အလင်း**

မွန်းဒရီသည်အင်ဒိုနီးရှားနိုင်ငံ မနားဒိုးမြို့တွင် နေထိုင်သည့်မြော်လင့်ခြင်းအသင်းသားတစ်ဦးဖြစ်သည်။ ခရစ်တော်အတွက်မိတ်ဆွေသစ်များနှင့် မိတ်ဖွဲ့ ဖို့သူနှစ်သက်သည်။ အလုပ်ပြီးသည့်အချိန်တစ်နေ့တွင် မွန်းဒရီသည်သူပင်ပန်းသည့်အတွက် အနှိုပ်ခံချင်သည်။ အမြင်အာရုံချို့တဲ့ခြင်းကို ကုသသည့်ဌာနတခုသို့သူသွားခဲ့ပြီး သူ့ကိုနှိပ်နယ်ပေးနိုင်မည့်ကျောင်းသားတစ်ယောက်ကိုတောင်းဆိုသည်။ အဆိုပါကုသရေးဌာနတွင် နှိပ်နယ်ပေးသည့်ဘာသာရပ်သင်တန်းကိုပေးခြင်းပြီးဆုံးသွားသည့်အချိန်လေးပင်ဖြစ်ပြီး ကျောင်းသားများထဲမှတစ်ယောက်သည် မွန်းဒရီကိုသူ၏ တတ်စွမ်းသည့်နည်းသစ်နှင့်လေ့ကျင့်ဖို့ဝမ်းမြောက်စွာပြုလုပ်လိုက်သည်။

နှိပ်နယ်နေစဉ်တွင်ယေဘုယျအားဖြင့် မွန်းဒရီသည် အလုပ်နှင့်ပတ်သက်ပြီးကျောင်းသားနှင့်စကားစမြည်ပြောကြသည်။ ထိုနောက်မွန်းဒရီဟာ သူ၏ အသက်တာမှာဘုရားရှင်မည်ကဲ့သို့ပြောင်းလဲပေးခဲ့သည့်အကြောင်းကိုပြောပြသည်။ သူပြောပြသည့်အခါကျမ်းချက်တော်တော်များများကိုပါ ကျောင်းသားကို ထည့်သွင်းပြောပြခဲ့သည်။ စကားပြောသည့်အခြေအနေသည် ပိုမိုနက်ရှိုင်းလာပြီး၊ နှိပနယ်ပြီးသည့်နောက်ဆုံးတွင် ကျောင်းသားသည် မွန်းဒရီ၏ယုံကြည်ခြင်းအကြောင်း ကိုပို၍သိချင်လာခဲ့သည်။

ဤရိုးရှင်းသည့်နှိပ်နယ်ခြင်းသည် ကျောင်းသားနှင့်သာမက အဆိုပါဌာနတွင်ရှိတခြားကျောင်းသားများနှင့် မိတ်ဆွေဖွဲ့ခြင်းဖြစ်သွားသည်ကိုပြည့်နှက်ခဲ့သည်။ ထိုဌာနတွင်းရှိဝန်ထမ်းများနှင့်ကျောင်းသားများအကြားသာသနာတစ်ခုကိုမွန်းဒရီစတင်ဖို့အတွက် အချိန်ကြာကြာမယူခဲ့ရပါ။

ပြန်လည်ကုသရေးဌာနသည် မွန်းဒရီနှင့်မြော်လင့်ခြင်းအသင်းသားများအတွက်ထိုကျောင်းသားများကို အမှုတော်ဆောင်ရွက်ဖို့အခွင့်အရေးများ ဖန်တီးပေးခြင်းဖြစ်စေသည်။ သူတို့ဌာနရှိခရစ်ယာနကျောင်းသားများအတွက်ဝတ်ပြုကိုး ကွယ်ခြင်းအစီအစဉ်ကိုအခွင့်ပေးသည်။

‘ဒီမှာရှိတဲ့အမြင်အာရုံချို့တဲ့သော ကျွန်ုပ်တို့ရဲ့မိတ်ဆွေများထံ ရောက်ရှိတဲ့မြော်လင့်ခြင်းအသင်းသားများကိုလက်ခံရရှိတာ ကျွန်ုပ်တို့ဝမ်းမြောက်မိတယ်။’ ဟုဌာနဝန်ထမ်းတဦးကပြောသည်။ ‘ဒီလူတွေဟာအများကသူတို့ကိုလက်ခံပြီး ဂရုစိုက်ပေးဖို့လိုအပ်တယ်။ သူတို့ပတ်လည်မှာရှိတဲ့မိသားစုအဖွဲ့အစည်းကနေ သနားညှာတာမှု၊ ထောက်ပံ့ပေးမှုကိုသူတို့လိုအပ်တယ်။ သူတို့ရဲပန်းတိုင်က လွတ်လပ်စွာနေထိုင်ပြီး လူမှုရေးအသိုင်းအဝိုင်းက သူတို့ကို လက်ခံပေးခြင်းဖြစ်တယ်။ ဒီမှာရှိတဲ့မြော်လင့်ခြင်းအသင်းတော်ကဒီနေရာမှာ လှုပ်ရှားဆောင်ရွက်မှုအစီအစဉ်လေးပြုလုပ်ပေးတဲ့အတွက် ကျွန်တော်တို့ကျေးဇူးတင်ပါတယ်။ သူတို့ရဲ့ပုံမှန်လည်ပတ်ခြင်းဟာ မြော်လင့်ခြင်းအသင်းသားများတွေဟာအမှန်တကယ်ဂရုစိုက်တယ်ဆိုတာကို ကျွန်တော်တို့ကိုပြောနေတယ်။ တချို့အဖွဲ့အစည်း

တွေဟာ တစ်နှစ်မှာတစ်ခါလောက်သာလည်ပတ်ကြတယ်။ ဒါပေမဲ့ကျွန်တော်တို့ကို ပုံမှန်လည်ပတ်ဖို့ ဦးစားပေးခြင်းတစ်ရပ်ကို မြော်လင့်ခြင်းအသင်းတော်ပြုလုပ်တယ်။'

မွန်းဒရီသည်မြော်လင့်ခြင်းအသင်းတော်ဘုရားကျောင်းတွင် ဘုရားဝတ်ပြုဖို့မျက်မမြင်များကိုဖိတ်ခေါ်သည်။ သူ၏ဖိတ်ခေါ်ချက်ကို တော်တော်များများလက်ခံကြသည်။ 'အမြင်အာရုံချို့တဲ့တဲ့သူများရဲ့ဘုရားဂုဏ်တော်ချီးမွမ်းခြင်းကိုမြင်ရတဲ့ထိုအရာဟာကျွန်တော်တို့ရဲ့နှလုံးသားထဲကိုပျော်ရွှင်မှုများ ယူဆောင်လာပေးတယ်။' ဟုမွန်းဒရီကပြောသည်။

ခရစ်တော်လောကတွင်နေထိုင်စဉ်အခါကခရစ်တော်ပြုလုပ်သကဲ့သို့ ဘုရားရှင်၏ချစ်ခြင်းမေတ္တာတော်ကို အမြင်အာရုံချို့တဲ့သည့်မိတ်ဆွေများတို့ကို မွန်းဒရီနှင့်အသင်းသားများကပြသခဲ့ပြီဖြစ်သည်။ ရလဒ်မှာသူတို့သည် ခရစ်တော်၏အသင်းတော်ထဲတွင် အသစ်သောအဖွဲ့ဝင်များဖြစ်လာသည်။

ကျွန်ုပ်တို့တစ်ဦးချင်းစီ၏ ထမ်းဆောင်သည့်အလုပ်အပြင် ကျွန်ုပ်တို့၏ ဆယ်ဖို့တစ်ဖို့နှင့်စနစ်တကျဖွဲ့စည်းလုပ်ဆောင်ထားသည့် အလှူငွေဖြစ်သည် 'ဘုရားရှင်နှင့်ကတိပေးသည့်ငွေ' နှင့်အတူဝတ်ပြုကိုးကွယ်ဖို့ ဘုရားရှင်တောင်းဆိုပါသည်။ ထိုငွေများတို့သည် ကမ္ဘာတဝှမ်းရှိဝိညာဉ်ရေးရာတွင်ချို့တဲ့ဆဲဖြစ်သည့် သူများအတွက်အလင်းကို ဖြန့်ပေးဖို့အသုံးပြုလိမ့်မည်ဖြစ်သည်။ ခရစ်တော်၏ စစ်တပ်ထဲ ကျွန်ုပ်တို့ဝင်ရောက်ကြရအောင်။

-----ooo-----

## ဥပုသ်အပတ်စဉ် (၃၀)

ဇူလိုင်လ (၂၉)ရက်၊ ၂၀၂၃

## ရုရှား - မာရှာ၏ကျောင်းသစ်

မာရှာဟာစိတ်ပျက်ပြီး ကျောင်းတွင်သူငယ်ချင်းများမရှိဟု သူမခံစားမိသည်။ သူတို့၏အိမ်နှင့်နီးသည့်နေရာတွင် မြော်လင့်ခြင်းမူလတန်းကျောင်းတစ်ကျောင်းဖြစ်သည့် ဇာဝိုးဇကီးခရစ်ယာန်မူလတန်းကျောင်းကို သူမတက်ချင်သလားဆိုပြီး မိခင်ဖြစ်သူကမာရှာကိုမေးသည်။ သူမအသက်တာတွင် အသစ်သောစတင် ခြင်းတစ်ရပ်ကို မာရှာလိုချင်သည့်အတွက် သူမသဘောတူလိုက်သည်။

မာရှာသည်သူမ၏အတန်းထဲသို့မဂ့်မရဲစွာဖြင့်ဝင်သွားသည်။ ကျောင်းက နှစ်လိုဖွယ်ကောင်းပြီးကျောင်းသူကျောင်းသားများတို့သည် ရင်းနှီးဖော်ရွေမှုရှိကြသည်။ သို့သော်မာရှာမှာအထီးကျန်သည့်ခံစားမှုမျိုး ရှိနေဆဲပင်ဖြစ်သည်။ နေ့လည်အစာစားချိန်တွင်သူမ၏အတန်းဖော်သစ်များထဲမှတစ်ယောက်က မာရှာနှင့်အတူထိုင်ပြီး သူမ၏သူငယ်ချင်းဖြစ်ဖို့ပြောဆိုသည်။ ထိုနောက်တခြားမိန်းကလေးတယောက်ကခရစ်တော်ဟာ သူမကိုချစ်ကြောင်းနှင့်သူမ၏အကောင်းဆုံးမိတ်ဆွေဖြစ်ချင်သည်ဟုသူမကိုပြောသည်။ ထိုမိန်းကလေး

များတို့သည် အလွန်ကြင်နာသည်ကိုသူမအံ့သြမိသည်။ မာရှာသည် သူမ၏နှလုံးသားထဲမှ ရှိသည့် အရာကိုဘုရားရှင်ထံဖွင့်ပြနိုင်မည့် စိတ်ငြိမ်သည့်နေရာတစ်နေရာကို သူမတွေ့ ရှိသည်။ ထိုအချိန်လေးမှစတင်ကာ မာရှာ၏အသက်တာပြောင်းလဲသွားသည်။ ခရစ်တော် သည်အမှန်တကယ်ပင် သူမ၏ကယ်တင်ရှင်နှင့်သူမ၏မိတ်ဆွေဖြစ်သည်ကို သူမသိရှိလိုက် သည်။ မကြာမီတွင်ပင် တခြားကလေးများကလည်း သူမကိုကူညီပြီးသူမ၏ သူငယ်ချင်းများ အဖြစ်ရှိပေးမယ်ဆိုသည်ကိုသိရှိကာ အတန်းတွင်းသင်ယူမှုအလုပ်ကိုတက်တက်ကြွကြွလုပ် ဆောင်နေသည်ကိုသူမကိုယ် သူမ တွေ့ရှိရသည်။

ကလေးများတို့သည် ဇာဝိုးဇကီးခရစ်ယာန်ကျောင်းသို့ အကျိုးအကြောင်းပေါင်း များစွာအတွက်လာရောက်ကြသည်။ အိုင်ဗင်က ပျော်ရွှင်သည့် ဆရာများကို သူနှစ်သက် သည်ဟုပြောသည်။ တော်တော်များများသောတခြား ကျောင်းသားလေးများတို့က သူတို့ကို ခရစ်တော်ချစ်ကြောင်းပြောသည့် သူတို့အတန်းဖော်နှင့်ဆရာဆရာမများကို သူတို့နှစ်သက် ကြောင်းပြောကြသည်။ အမှန်တွင်ဇာဝိုးဇကီးတွင်ရှိတော်တော်များများဖြစ်သောကျောငးသူ ကျောင်းသားများတို့သည် မာရှာပြုလုပ်သကဲ့သို့ခရစ်တော်ကိုသူတို့၏ ကယ်တင်ရှင်အဖြစ် ချစ်ဖို့ရန် သင်ယူသိရှိလာကြပြီးဖြစ်သည်။

ကျောင်းသည် ဇာဝိုးဇကီးတက္ကသိုလ်ကျောင်းဝင်းထဲရှိ အခန်းငယ်က လေးများထဲ တွင်သင်ယူနေကြသည့် အနည်းငယ်သောကျောင်းသားအရေအတွက်နှင့်သာစတင်ခဲ့သည်။ ယခုတွင်ကျောင်းသားအယောက် ၂၀၀ နှင့်ကိုယ်ပိုင်အဆောက်အဦးရှိသည်။ ကျောင်းသည် ကျောင်းသားများအတွက်ကြော်ငြာစရာ မလိုပါ။ အဘယ်ကြောင့်ဆိုသော် သူတို့၏အတန်းဖော်သူငယ်ချင်းများနှင့် အိမ်နီးချင်းများမှ ကျောင်းနှင့်ပတ်သက်ပြီး လူတော်တော်များများသိရှိကြသောကြောင့် ဖြစ်သည်။

သို့သော်ဇာဝိုးဇကီးခရစ်ယာန်ကျောင်း၏ထင်ပေါ်မှုသည် အသစ်သော စိန်ခေါ်မှု ဖြစ်သည့်နေရာအတွက် ဖန်တီးပေးရဖို့ဖြစ်လာသည်။ ကျောင်းကိုနေရာ မချဲ့မချင်း ပိုများသည့်ကလေးအရေအတွက်လက်မခံနိုင်ပါ။ ဒေသတွင်းရှိလူ တော်တော်များများသည် သူတို့၏ကလေးများကို စားရင်းသွင်းချင်ကြသည်။ သို့မှသာခရစ်ယာန်ပညာရေးတစ်ရပ် ကို ရရှိနိုင်မည်ဖြစ်သည်။ ဤကလေးများနှင့် အတူကျောင်းလာတက်ချင်ပြီး ယခုအချိန် မလာနိုင်သေးသည့်ကလေးများအတွက် ပိုမိုကြီးသည့်ကျောင်းတစ်ကျောင်းကို ဆောက်ဖို့ ကျွန်ုပ်တို့ကူညီနိုင်သည်။

ကျွန်ုပ်တို့၏ဆယ်ဖို့တစ်ဖို့သည်ဘုရားရှင်နှင့်သက်ဆိုင်သည်၊ ထို့ကြောင့် ကမ္ဘာ တဝှမ်းတွင်ရှိဘုရားအတွက် အလုပ်လုပ်နေသောကျွန်ုပ်တို့၏ဓမ္မဆရာများ၊ သာသနာပြု များနှင့်တခြားအမှုဆောင်များကိုထောက်ပံ့ဖို့ရန်ဘုရားရှင်ထံထိုငွေကို ကျွန်ုပ်တို့ပြန်လည် ပေးအပ်သည်။ ကျွန်ုပ်တို့၏ဘုရားရှင်ထံကတိပေးထား သည့်အလှူငွေများတို့သည်လည်း

ဘုရားရှင်၏ပိုင်ဆိုင်မှုဖြစ်ပြီး ဒေသတွင်းနှင့် ကမ္ဘာနှင့်အဝှမ်းအသင်းတော်၏အလုပ်ကို ထောက်ပံ့ကူပေးဖို့အထူးဝေငှ လှူဒါန်းသင့်သည်။ ခရစ်တော်ထံသို့လူများကိုဦးဆောင်လမ်းပြပေးသည့် ကျောင်းများ၊ ဆေးရုံများ၊ ဆေးခန်းများနှင့်တခြားများစွာ သောပညာရေးနှင့်ဆိုင်သောအဖွဲ့ အစည်းကျောင်းများတို့လည်းပါဝင်သည်။ တိကျသည့်အစိတ်အပိုင်းတစ်ခု (သို့) ကျွန်ုပ်တို့၏ဝင်ငွေရာခိုင်နှုန်းတစ်ခုကိုပံ့မှန်ပေးဖို့ ဘုရားရှင်ထံကတိပြုကြပါစို့။ သို့မှသာကမ္ဘာနှင့်အဝှမ်းဘုရားရှင်၏အလုပ်တွင်တစ်စိတ်တပိုင်းအဖြစ် ကျွန်ုပ်တို့ပါဝင်နိုင်မည်ဖြစ်သည်။

-----ooo-----

ဥပုသ်အပတ်စဉ် (၃၁)

ဩဂုတ်လ (၅)ရက်၊ ၂၀၂၃

## အမေရိကန် - ပြစ်မှုကျူးလွန်သူများအတွက်မျှော်လင့်ချက်

ဖောက်ထွင်းမှုအတွက် အကျဉ်းထောင်ထဲတွင် ခုနှစ်မျှနေထိုင်ပြီးနောက်တွင် ရှိန်းအက်ခိုးလ်စ်သည်အသစ်သော အသက်တာကိုစတင်ဖို့ စိတ်ပိုင်းဖြတ်ထားခဲ့သည်။ သို့သော် ဤမတိုင်မီတွင်အကျဉ်းကျခံခဲ့ရသောရာဇဝတ်မှုမှတ်တမ်းရှိခြင်းသည် မည်သည့်အရပ်ဒေသတွင်မဆို အလုပ်ရှာဖို့နှင့်လက်ခံဖို့ခက်ခဲမည်ဆိုသည်ကိုသူသိသည်။ ပထမအကြိမ်တွင် ကောင်းမွန်စွာနေထိုင်မည်ဆိုသည့်ကတိကြောင့် သူ့ကိုလွှတ်ပေးလိုက်သော်လည်း နောက်ဆုံးတွင်ထောင်သို့ပြန်ရောက်သွားသည်။ ဤအကြိမ်တွင် ထိုအရာမျိုးနောက်တဖန်ဖြစ်ပျက်လိမ့်မည်မဟုတ်တော့ဟုစိတ်ပိုင်းလိုက်သည်။ ဤအကြိမ်တွင်ထိုအရာဖြစ်နိုင်သည်ဟု ယုံကြည်ဖို့သူ့တွင်အကျိုးအကြောင်းရှိသည်။

ရှိန်းသည်အကျဉ်းကျခံနေရစဉ်တွင် ခရစ်တော်ကိုတွေ့ရှိပြီးကယ်တင်ခြင်းအလုပ်ကိုစတင်လုပ်ဆောင်သည့်ဂျက်ဖရေကော့ဘ်နှင့်သူဆုံခဲ့သည်။ အကျဉ်းထောင်မှထွက်လာသည့်အခါ အလုပ်ရောနေဖို့နေဖို့အိမ်ပါရှာဖွေရာတွင်ခဲယဉ်းသည်ဆိုသည်ကို သူသိသည်။ ပြစ်မှုကျူးလွန်ခဲ့သည့်သူများ၏အရေးကြီးဆုံးလို အပ်ချက်ဖြစ်သည့် အလုပ်နှင့်နေဖို့နေရာတစ်နေရာကိုကူညီပေးဖို့ဘုရားရှင်ကသူ့ကိုဦးဆောင်လမ်းပြနေသည်ကို ကော့ဘ် သိသည်။ လွတ်မြောက်ခွင့်ရခါနီး တွင် ဘုရားရှင်ထံသူ၏ကတိကိုထားရှိပြီး ‘မုန်တိုင်းကြားမှ ခိုလှုံရာ’ ဖြစ်သည့် လတ်တလောနားခိုဖို့ရာအိမ် (သို့) လမ်းတစ်ဝက်ရောက်အိမ်ကို ပြစ်မှုကျူးလွန်ခဲ့ပြီးမှလွှတ်လာသောသူများအတွက် တည်ထောင်ခဲ့သည်။ သူ၏ကြားကာလတွင်နေထိုင်ဖို့အိမ်သည် တချိန်တည်းတွင်လူ (၄)ယောက်နေထိုင်ဖို့နေရာကိုပေးထားပြီး သူ၏မြက်ရိတ်ခြင်းနှင့်အပင်များကိုကြည့်ရှုပေးသည့်အလုပ်သည် သူတို့ အလုပ်လုပ်ဖို့ပံ့ပိုးပေးသည်။ ဂျက်ဖရေသည် လွှတ်လာလျှင်နေထိုင်ဖို့နေရာတစ်နေရာနှင့် အလုပ်အတွက်သူ၏မြက်ရိတ်

ခြင်းအလုပ်ပေးဖို့ ရှိန်းကိုကတိပေးသည်။ ရှိန်သည်ထောင်မှထွက်လာပြီးနောက် အသစ်သောအသက်တာကိုတည် ဆောက်နေသည်။

အမေရိကန်ရှိအများဆုံးသော အကျဉ်းထောင်များတို့သည် အကျဉ်းသားများအတွက်အကျိုးရှိသောအတတ်ပညာများကို လေ့ကျင့်ပေးသည့်အစီအစဉ်များကိုပေးခဲ့လျှင် ထောင်မှထွက်လာသည့်အခါတွင အလုပ်ကိုသူတို့ရှာဖွေနိုင်မည်ဖြစ်သည်။ ဂျက်ဖရေ၏အကူအညီကဲ့သို့သောအစီအစဉ်သည်ဟာနေသောကွက်လပ်ကိုဖြည့်စွက်ပေးသည်။

တခြားသူများလည်းဤကဲ့သို့သော ကယ်တင်ခြင်းလုပ်ငန်းမျိုးလုပ်ဆောင်ဖို့ခံစားမိကြသည်။ အားလ်ဂေထာသည် အကျဉ်းထောင်တွင် ၁၁ နှစ်မျှအချိန်ကုန်ခဲ့သည်။ သူ၏မိသားစု၏အထောက်အပံ့နှင့် မြော်လင့်ခြင်းအသင်းသားဂျိမ်းမ်စ်ထဲလ်၏ ကူညီမှုနှင့်အတူထောင်မှကင်းဝေးဖို့အကူအညီပေးခဲ့သည်။ 'ဂျိမ်းမ်စ်သည် သူရဲ့အတောင်အောက်မှာကျွန်တော့ကိုထားဘယ်လိုဆေးသုတ်ရမလဲဆိုတာကိုသင်ပြပေးတယ်။ အခုမှာ ကျွန်တော်ဆေးသုတ်ဖို့စာချုပ်ချုပ်ပေးပြီး လုပ်ဆောင်နေတဲ့သတစ်ယောက်ဖြစ်နေပါပြီ' ဟု အားလ်ကဆိုသည်။ နက်ရှ်ဗေးလ်တွင်အခြေစိုက်ထူထောင်ထားသည့် 'အဲဖစ်စ်အိမ်' ဆိုသည့်လတ်တလောနေထိုင် သည့်နေရာအစီအစဉ်ကိုထူထောင်သည့် ဂျိမ်းမ်စ်သည် သူ၏အသက်တာကိုထောင်ထဲတွင်ပြောင်းလဲစေပြီး တိုးတက်ကောင်းမွန်လာအောင်ပြုလုပ်ခဲ့သည်။ အဲဖစ်စ်အိမ်ကလေးသည် အမျိုးသား ၂၈ လောက်ကိုပံ့ပိုးပေးသည့်ထောက်ပံ့မလေးမျိုးဖြင့်လည်ပတ်နေသည်၊ သို့သော် ထိုနေရာကိုဝင်ရောက်နေဖို့ လူ ၂၀၀ လောက်ကစောင့်နေသည့်စာရင်းတွင်ရှိသည်။

ဘုရားရှင်သည်အဲဖစ်စ်အိမ်ကိုထောင်မှထွက်လာပြီး ပိုမိုကောင်းမွန်သည့်အသက်တာတစ်ရပ်ဖြင့်နေထိုင်ဖို့လိုအပ်သည့် အသက်တာကျွမ်းကျင်မှုများ နှင့်အမျိုးသားများကိုထောက်ပံ့ကူညီပေးဖို့ဘုရားရှင်အသုံးပြုနေသည်။ ကောင်းမွန်သည့်အချိန်ကာလပြီးနောက်ယိုယွင်းလာမှုကိုကာကွယ်ပေးသည့်အစီအစဉ်နှင့် အပြုအမူပြုပြင်ပေးသည့်သင်ကြားသည့်အတန်းများများတို့သည် ဤအမျိုးသားများ၏အသက်တာများကို ပြောင်းလဲပေးရာတွင်အထူးသဖြင့် အထောက်အကူ ပေးသည်။

သင်၏ကတိပေးအလှူငွေများတို့သည် အကျဉ်းထောင်မှထွက်လာကာ အကျဉ်းထောင်ပြင်ပတွင်သူတို့၏ဘဝသစ်ကိုထူထောင်ခြင်းနှင့်ဘုရားရှင်၏ချစ်ခြင်းမေတ္တာအောက်အတွင်းခိုလှုံဖို့ရန်အကူအညီလိုအပ်သည့် အမျိုးသမီးများ အမျိုးသားများကိုအကူအညီလိုအပ်နေသည်ကိုဤကဲ့သို့သောအစီအစဉ်များတို့သည်ကူညီထောက်ပံ့ပေးသည်။ ဘုရားရှင်၏အလုပ်တွင် ထည့်ဝင်ခြင်းသည် သူ၏ဒုတိယအကြိမ်ပြန်လာခြင်းကိုလျင်မြန်စေဖို့သူနှင့်အတူပူးတွဲလုပ်ဆောင်ဖို့ လမ်းတလမ်းဖြစ်သည်။

-----ooo-----

ဥပုသ်အပတ်စဉ် (၃၂)

ဩဂုတ်လ (၁၂)ရက်၊ ၂၀၂၃

## နာမည်မဖော်ပြထားသည့်တိုင်းပြည် - ဘုရားရှင်၏စွမ်းဆောင်နိုင်မှုကိုပြသည့်အစီအစဉ်

ဆာရာနှင့်သူမ၏မိသားစုတို့သည် ခရစ်ယာန်များကိုမကြိုဆိုသည့်တိုင်းပြည်တစ်ပြည်တွင်နေထိုင်သည်။ သို့သော် သူတို့၏ပြုမူလုပ်ဆောင်ချက်များအားဖြင့်ဘုရားရှင်အတွက်သူတို့၏ချစ်ခြင်းမေတ္တာကိုပြသဖို့ရန် ဘုရားရှင်၌နည်းလမ်းများရှိသည်။

ဆာရာကျောင်းစတက်သည့်အခါတွင်၊ သူမသည်ဥပုသ်နေ့တွင် ဘုရားကျောင်းတက်နိုင်ဖို့အတွက်ကျောင်းပျက်ခွင့်ပေးဖို့ သူမ၏ဆရာမကိုတောင်းဆိုသည်။

ထိုအခါဆရာမက မနှစ်သက်သည့်လေသံဖြင့် 'ဒါပေမဲ့လည်း စနေနေ့မှာမင်းကျောင်းတက်ရမယ်။' ဟုဆရာမ ကအတည်ပြောသည်။

ဆာရာကမူ၎ထက်ပိုပြီးမပြောတော့ပါ၊ သို့သော်ဆရာမကသူမကို ကျောင်းထုတ်ဖို့ရန်အထိခြိမ်းခြောက်သော်ငြားလည်းဥပုသ်နေ့တွင် သူမသည် ဘုရားကျောင်းသို့သွားသည်။ သူမ၏ဆရာမခြိမ်းခြောက်သော်ငြားလည်းတနှစ်ပတ်လုံးပင် ဆာရာသည် ဘုရားကျောင်းသို့ထိတ်တဆိတ်သွားခဲ့သည်။

နောက်တနှစ်တွင် သူမကို စနေနေ့များတွင်ဘုရားကျောင်းတက်ခွင့်ပေးသည့်ဆရာမတစ်ယောက်နှင့်စာသင်ရသည်။ စာသင်နှစ်ကုန်ဆုံးဖို့ နီးကပ်လာသည့်အခါတွင်နှစ်ပတ်လည်အရည်အချင်းတင်ဆက်သည့်ပွဲကို ဆရာမကကြေညာသည်။ အတန်းအတွက်အစီအစဉ်ကိုစီစဉ်ပြုလုပ်ဖို့ ဆာရာကရွေးချယ်ခြင်းခံရသည်။ 'ကျွန်မသိတဲ့ သီချင်းတွေကတော့ ဘုရားအကြောင်းနဲ့ပတ်သက်တာတွေချည်းပဲ။' ဟု ဆာရာက သူမ၏ဆရာမကိုပြောသည်။

'အဲဒါလံအဆင်ပြေပါတယ်။' ဟု ဆရာမကပြောသည်။

ဆာရာကသူမအနှစ်သက်ဆုံးသီချင်းကရွေးချယ်ပြီး၊ သီချင်း၏အဓိပ္ပါယ်ကို ရှင်းလင်းစွာတင်ဆက်ဖို့နှင့်ကရမည့်နေရာတွင်လှုပ်ရှားမှုလေးကိုပြုလုပ်ဖို့သူမစီစဉ်လိုက်သည်။ ကျောင်းသူကျောင်းသားများတို့သည် ၎င်တင်ဆက်မှုအ တွက်ပြင်းပြင်းထန်ထန်ကြိုးပမ်းကြသည်။ ထိုနောက်ကျောင်းအုပ်မှ အရည်အချင်း တင်ဆက်ပွဲသည် စနေနေ့တွင်ပြုလုပ်လိမ့်မည်ဖြစ်သည်ကိုကြေညာလိုက်သည်။

စိတ်ပျက်စွာဖြင့်ပင်၊ သူမသည်အစီအစဉ်တွင် ရှိလိမ့်မည်မဟုတ်ဟု ဆာရာသည် သူမ၏အတန်းဖော်များကိုပြောသည်။ သူမ၏အတန်းဖော်များ လည်းစိတ်ပျက်ကြသည်။

မိန်းကလေးတယောက်က 'နင်မဦးဆောင်ရင်တော့ တို့တတွေဘာလုပ်လို့ရမှာလဲ။' ဟုပြောသည်။

ဘုရားရှင်သည် ထိုအရာကိုလုပ်ဆောင်ပေးပြီး ငါတို့တွေအတူတကွပါဝင်နိုင်ဖို့အတွက် ငါနဲ့အတူဆုတောင်းကြမလား။' ဟု သူမကမေးသည်။ သူမ၏ သူငယ်ချင်းများက သဘောတူသည်။

အစီအစဉ်မတိုင်မီနေ့တွင်ရာသီဥတု ဆိုးဆိုးဝါးဝါးဖြစ်လာပြီး နောက်တနေ့ တနင်္ဂနွေ နေ့သို့ကျောင်းအုပ်က ရွှေ့ဆိုင်းလိုက်သည်။

'အမလေး၊ တော်ပါသေးရဲ့' ဟုသူမ၏အတန်းဖော်များကပြောကြသည်။ 'နင်ရဲ့ဘုရားကအံ့ဩစရာကောင်းလိုက်တာ။' အခုတော့ငါတို့ကို အစီအစဉ်မှာဦးဆောင်နိုင်ပြီ။ သူတို့၏တင်ဆက်မှုမှာအတော်ကို လူကြိုက်များသွားသည်။ ကျောင်းသူကျောင်းသားများက သူမအသုံးပြုခဲ့သည့်လှပသည့်တေးဂီတိုသမအား မေးမြန်းကြသည်။ အဲဒီသီချင်းက ဘုရားအကြောင်းကိုပြောဆိုထားသည့် သီချင်းတပုဒ်ဖြစ်တယ်။' ဟုသူမပြောသည်။ တခြားသူများနှင့်ဘုရားရှင်၏ချစ်ခြင်းမေတ္တာကို သူမဝေငှနိုင်သည်ဆိုသည်ကိုသူမသဘောပေါက်သည်။ သူမပြုလုပ်ဖို့ လိုအပ်သည်မှာ ဘုရားရှင်ကို နာခံလိုက်လျှောက်ခြင်းပင်ဖြစ်သည်။

တချို့သောခရစ်ယာန်များတို့သည် ဆာရာနေထိုင်သည့် တိုင်းပြည်ကဲ့သို့သော အန္တရယ်များသောနေရာများသို့ သူတို့၏ဘုရားရှင်ကို ယုံကြည်ခြင်းကိုဝေငှသည့် လျှို့ဝှက်သည့်သာသနာပြုသူများကဲ့သို့ တခြားတိုင်းပြည်များတို့ဆီသို့သူတို့သွားကြသည်။ ထိုတိုင်းပြည်များသို့ တိတ်တဆိတ်သွားရောက်ပြီးအလုပ်လုပ် နေသည့်သူများအတွက်ဆုတောင်းပေးကြပါ၊ သို့မှသာ ဘုရား၏အကြောင်းမည် သည့်အရာမျှမသိသေးသည့်သူများတို့သည် သူ၏ချစ်ခြင်းမေတ္တာနှင့်ကယ်တင်ခြင်းအကြောင်းကိုသိရှိလာနိုင်မည်ဖြစ်သည်။ နောက်ပြီး သင်၏ဘုရားရှင်နှင့်ကတိပေးထားသည့် လှူဒါန်းမည့်ငွေများတို့ကို ထည့်ဝင်ရာမှာသစ္စာရှိကြမှသာ အသင်းတော်သည် ခရစ်ယာန်များကိုမနှစ်သက်သည့်နေရာများတွင် မသိရှိနိုင်သည့် သာသနာပြုသူများကိုပို၍ထားရှိပေးနိုင်လိမ့်မည်ဖြစ်သည်။

-----ooo-----

## ဥပုသ်အပတ်စဉ် (၃၃)

ဩဂုတ်လ (၁၉)ရက်၊ ၂၀၂၃

## လာအို - တနေ့တွင် စကားလုံး ၁၀၀

နူန်သည် အရှေ့တောင်အာရှနိုင်ငံရှိတောင်တန်းများထူထပ်သည့်တိုင်း ပြည်တစ်ပြည်ဖြစ်သည့်လာအိုနိုင်ငံတွင် နေထိုင်သည့်ဆယ်ကျောင်သက်အရွယ် အမျိုးသမီးလေးတစ်ယောက်ဖြစ်သည်။ သူမသည်အင်္ဂလိပ်စာကိုသင်ယူခြင်းမှာ တနေ့တွင်အင်္ဂလိပ်လိုစကား

ပြောသည့် တက္ကသိုလ်တွင်တက်ရောက်နိုင်ဖို့ဖြစ်သည်။ သူမနေထိုင်သည့်မြို့တွင် မြော်လင့်ခြင်းအသင်းတော်မှဖွင့်လှစ်ထားသည့် အင်္ဂလိပ်စာဘာသာရပ်ဌာနတခုကို သူမသိရှိသွားသောအခါတွင် သူမဝင် ရောက်ဖို့စိတ်အားပြင်ပြနေခဲ့သည်။

နန်သည်သူမသင်ကြားမှုကို လေးလေးနက်နက်သင်ယူသည်။ သူမသည် နေ့တိုင်းအင်္ဂလိပ်စာ ဝေါဟာရစကားလုံးပေါင်း အလုံး ၁၀၀ ကိုသင်ယူဖို့ ပန်းတိုင်ထားရှိသည်။ နန်သည်အင်္ဂလိပ်စာတစ်လုံးမျှမသိပါ၊ သို့သော် သူမ၏ကြိုးစားသင်ယူမှုကြောင့် ဘာသာရပ်ကို မြန်မြန်ပင်နားလည်လာသည်။ သူမသည် မပျက်မကွက်သစ္စာရှိရှိအတန်းများကိုတက်ရောက်ပြီး အင်္ဂလိပ်စကားပြောသည့် ဒေသခံများနှင်နေ့တိုင်းစကားပြောလေ့ကျင့်ခဲ့သည်မှာ လျှောလျှောရှုရှုပြောနိုင်သည်အထိပင်ဖြစ်သည်။

လာအိုတွင်ရှိမြော်လင့်ခြင်းအသင်းတော်၏အင်္ဂလိပ်စာသင်ကြားသည့်နေရာသည် အင်္ဂလိပ်စာထက်ပိုမိုသောအရာများကို နန်အားသင်ကြားပေးသည်။ ခရစ်တော်နှင့်ပတ်သက်သည့်အကြောင်းအရာကို သင်ကြားဖို့အခွင့်အရေးတစ်ခုဖြစ်သည်။ နန်နှင့်သူမ၏မိခင်သည်ထိုနေရာရှိ ဥပုသ်နေ့အပတ်စဉ်ဝတ်ပြုသည့် အစီအစဉ်များတွင် မထမဆုံးတက်ရောက်သည့်သူများထဲတွင်ပါဝင်သည်။ ပထမဆုံးဝတ်ပြုခြင်းတွင်လူ ၇ ယောက်မျှသာလာခဲ့သည်။ ယနေ့တွင်အပတ်စဉ်လူ ၁၁၀ ထက်မကလာရောက်ကြသည်။ နန်နှင့်သူမ၏မိခင်တို့သည် ဗုဒ္ဓဘာသာယုံကြည်မှုကိုစွန့်လွှတ်လိုပြီး ခရစ်တော်ထံ သူတို့၏စိတ်နှလုံးကိုအပ်နှံခဲ့ကြသည်။

အင်္ဂလိပ်စာပြောဆိုခြင်းသည်ပညာရေးနှင့် စိတ်ပိုင်းဆိုင်ရာဘာသာရပ်ကို သူမသင်ယူဖို့ရန် ယိုးဒယားနိုင်ငံရှိ မြော်လင့်ခြင်းအသင်းတော်ကတ္တသိုလ်တစ်ခုသို့တက်ရောက်ဖို့ နန်အတွက်အခွင့် အရေးပေါ်လာခဲ့ပြီဖြစ်သည်။

လာအိုနိုင်ငံ၏တခြားဒေသများတွင်၊ ခရစ်တော်ကိုသိရှိသည့်သိက္ခမ်းမှုနှင့် လူများဆီကိုရောက်ရှိဖို့ခက်ခဲခဲ့သည်။ သူတို့ကိုအရေးကြီးသည့် တတ်မြောက်မှုတစ်ရပ်ကိုသင်ကြားနေစဉ်ဇဝံဂေလိတရားနှင့်အတူအင်္ဂလိပ်စာသင်ကြားရေးဌာနသည်လူငယ်ရော လူကြီးများတို့ဆီပါရောက်ရှိဖို့ အကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်သည်။

အင်္ဂလိပ်စာသင်ကြားရေးဌာနသည်နန်နှင့်သူမ၏မိခင်တို့နေထိုင်သည့် ဒေသတွင်မြော်လင့်ခြင်းအသင်းတော်၏ ဝတ်ပြုသူများအဖွဲ့ထားရှိဖို့ ပထမဆုံး ကြိုးပမ်းမှုမဟုတ်ပါ။ လွန်ခဲ့သောနှစ်များစွာတွင်၊ သာသနာပြုမိသားစုတစ်စုသည် လာအိုတွင်ရှိ မြို့တမြို့တွင်ခရစ်တော်အကြောင်းကို ထိုနေရာရှိလာအိုလူများကို မိတ်ဆက်ပေးဖို့ဝင်ရောက်လာခဲ့သည်။ လေးနှစ်မျှကြာပြီးသည့်နောက်တွင်၊ စစ်ပွဲကြောင့် ယုံကြည်ခြင်းတွင်အလွန်နုနယ်သေးသည့် ယုံကြည်သူလက်တစ်ဆုပ်စာမျှကိုချန်ထားကာ ထိုမိသားစုသည် ထိုနေရာမှအတင်းထွက်ခွာလာရသည်။ ယနေ့တွင် လာအိုနိုင်ငံမြောက် ပိုင်းတရုတ်ပြည်သို့သွား

သည့်ဂိတ်ဝအဖြစ်မဟာဗျူဟာကျသော နေရာတစ်ခုဖြစ်သည့်လွမ်နန်မ်သာမြို့တွင် မြော်လင့်ခြင်းအသင်းသားတစ်ဦးသာကျန်ခဲ့သည်။ အသင်းတော်သည်လာအိုနိုင်ငံ၏ဒေသရှိသောမြော်လင့်ခြင်းအသင်းသားရှိနေခြင်းတစ်ရပ်ကို ပြန်လည်တည်ထောင်ဖို့ကြိုးစားလုပ်ဆောင် နေပါသည်။

လာအိုအသင်းတော်သည် ထိုနေရာတွင် အပြည်ပြည်ဆိုင်ရာခရစ်ယာန် အသိုင်းအဝိုင်းတခုတွင်ပညာသင်ကြားဖို့ ဆန္ဒရှိသည့်ကလေးများရှိသည့် မိသားစုများဆီသို့ အရောက်လှမ်းနိုင်မည့် ဘာသာစကားနှစ်မျိုးတတ်သောမူလတန်း ကျောင်းတကျောင်းကို တည်ဆောက်ဖို့စီစဉ်နေသည်။ ကျွန်ုပ်တို့၏ယုံကြည်မှုအားဖြင့် ဆန္ဒဖြစ်ပေါ်လာခြင်းကြောင့်ပေးလှူဖို့ ဘုရားရှင်နှင့်ကတိပေးထားသည့် အလှူငွေများတို့သည်လာအိုမြောက်ပိုင်းနှင့် ကမ္ဘာအဝှမ်းတွင် ခရစ်တော်အတွက် အမှန်တကယ်ဖြစ်မည့် ဤကျောင်းသစ်နှင့် အရေးကြီးသည့်အပြင်သို့အရောက်လှမ်းခြင်းကဲ့သို့သော ရာချအရေအတွက်ရှိသောစီမံကိန်းများတို့ကိုပြုလုပ်ဖို့ကူညီပေးသည်။

-----ooo-----

ဥပုသ်အပတ်စဉ် (၃၄)

ဩဂုတ်လ (၂၆)ရက်၊ ၂၀၂၃

## အင်ဂိုလာ - မျက်မမြင်လူငယ်ကခရစ်တော်ကိုမြင်သည်

တနေ့ကစားနေစဉ် ၁၀ နှစ်အရွယ်ရီခါးဒိုဟာ ခြံစည်းရိုးတစ်ခုအပေါ်ကနေခုန်ကျော်ရင်းခေါင်းနှင့်မြေပေါ်သို့ပြုတ်ကျသွားသည်။ မကြာမီတွင်၊ သူ၏အမြင်အာရုံကွယ်ပျောက်သွားသည်။ လအနည်းငယ်လောက်အတွင်း ကျောင်းတွင်ရှိသည့်စာသင်ပုန်းကို သူမမြင်နိုင်ပါ။ နောက်ဆုံးတွင် မျက်စိမမြင်တဲ့ကလေးကိုစာမသင်ပေးနိုင်ဘူးဟုဆိုကာ ဆရာဖြစ်သူက ရီခါးဒိုကိုအိမ်သို့ပြန်ပို့လွှတ်လိုက်သည်။

ရီခါးဒိုမိဘများတို့သည် ဆရာဝန်တော်တော်များများဆီသို့ ခေါ်သွားသည်။ သို့သော်မည်သည့်ဆရာဝန်မျှ သူ့အခြေအနေကိုမကူညီနိုင်ပါ။ ဘောလုံးလည်းမကန်နိုင်တော့၊ စက်ဘီးလည်းမစီးနိုင်တော့၊ (သို့) သူငယ်ချင်းများနှင့်အတူ တူတူပုန်းတမ်းလည်းမကစားနိုင်တော့သည်ကို ရီခါးဒိုဝမ်းနည်းမိသည်။

ရီခါးဒို၏ဝမ်းကွဲအစ်ကိုတစ်ယောက်သည် ရှေးဆောင်လမ်းပြလူငယ်အသင်း အပျော်ခရီးထွက်ခြင်းအစီအစဉ်တစ်ခုသို့လာဖို့သူ့ကိုဖိတ်ခေါ်သည်။ သို့သော်ရီခါးဒိုချီတုံချတုံဖြစ်သည်။ အစ်ကိုဖြစ်သူကသွားဖို့သူ့ကိုတိုက်တွန်းပြီးသူတို့ ကစားသွားလာရာတွင်သူလည်းပါဝင်နိုင်သည်ကိုသူအံ့အားသင့်မိသည်။ သူသွားခဲ့ရသည်ကိုလည်း သူဝမ်းမြောက်မိသည်။

နောက်ဆုံးတွင် နှစ်ခြင်းခံယူဖို့အတွက်ပြင်ဆင်ပေးသည့် သင်တန်းကိုသူပါဝင်ခဲ့သည်။ ခေါင်းဆောင်ဖြစ်သူမှ နှစ်ခြင်းခံယူချင်သည့်သူများအား ပညတ်တော်ဆယ်ပါးနှင့်သက်ဆိုင်သည့်ကျမ်းချက်ကိုအလွတ်ရွတ်ဆိုဖို့ပြောဆိုသည်။ သူစာမဖတ်နိုင်သောကြောင့် နှစ်ခြင်းမခံရမည်ကိုရီခါးဒိုစိုးရိမ်ကြောက်ရွံ့မိသည်၊ သို့သော်သူ၏မိခင်ဖြစ်သူမှသူ့ကိုအားပေးသည်။ 'ဘုရားအလိုတော်ရှိရင် နှစ်ခြင်းခံရမှာပါ။' ဟူ၍သူမပြောသည်။

ရီခါးဒို၏အမဖြစ်သူမှ နေ့တိုင်းရီခါးဒိုကို ပညတ်တော်ဆယ်ပါးကို ရွတ်ဖတ်ဖို့အတွက်သူမရွတ်ဆိုပေးသည်။ သောကြာနေ့မှာပညတ်တော်ဆယ်ပါး ကိုအလွတ်ရွတ်နိုင်ခဲ့သည်။ နောက်တနေ့နှစ်ခြင်းခံယူသည့်အခါ၊ အသင်းလူကြီး သူ့ကို ချီးကျူးပြောဆိုသည်။

တနေ့တွင်ဥပုသ်စာဖြေအတန်းခေါင်းဆောင်က လာမည့်အပတ်တွင်ရပ်ဝေး သာသနာသတင်းကိုပြောကြားပေးဖို့ရီခါးဒိုကိုတောင်းဆိုသည်။ တချို့အသင်းသားများက သူမမြင်ရ၍စာမဖတ်နိုင်သောကြောင့် သူစိတ်အနှောင့်အယှက် ဖြစ်မည်ကိုသူတို့စိုးရိမ်ကြသည်၊ သို့သော်ဥပုသ်စာဖြေအတန်းခေါင်းဆောင်က ရီခါးဒိုကိုတောင်းဆိုသည်။ 'နောက်တပတ်မှာ ရပ်ဝေးသတင်းပြောပေးနိုင်မလား။' ရီခါးဒိုခေါင်းညိတ်လိုက်သည်။ 'ဒါဆိုရင် မင်းရဲ့နာမည်ကို အစီအစဉ်စာရွက်မှာ ထည့်လိုက်မယ်နော်။'

တခါ ရီခါးဒိုအစ်မဖြစ်သူက ရပ်ဝေးသတင်းကိုသူ့အားဖတ်ပြပေးပြီး၊ သူအလွတ်ရွတ်ပြီးမှတ်ထားသည်။ ဥပုသ်နေ့တွင်ရီခါးဒိုသည် ရပ်ဝေးသာသနာသတင်းကို မိမိကိုယ်ကိုယုံကြည်စိတ်ချမှုအပြည့်ဖြင့်တင်ဆက်ပေးသည်။ သူပြောဆို၍ပြီးဆုံးသွားသည့်အခါတွင် 'အာမင်' ဆိုသည့်ကျယ်လောင်သည့်အသံကြီးသည် ဘုရားကျောင်းအတွင်းပြည့်လျှံသွားသည်။ ဤကဲ့သို့သောအတွေ့အကြုံမျိုး ဘုရားရှင်အတွက်သူလုပ်ပေးနိုင်သည်ဆိုသည့်ယုံကြည်မှုကို သူ့အားပေးသည်။

ယနေ့တွင် ရီခါးဒိုသည် ဓမ္မဆရာတစ်ယောက်ဖြစ်ဖို့ပြင်ဆင်နေသည့် တက္ကသိုလ်ကျောင်းသားတယောက်ဖြစ်နေသည်။ ရှေ့ဆောင်လူငယ်အသင်းကို သူဦးဆောင်ပြီး အင်ဂိုလာတပြည်လုံးရှိအသင်းတော်များကို သူတရားဟောနေသည်။ သူ၏တရားဟောချက်များနှင့် သက်သေခံချက်များကိုကြားရပြီးသည် နောက်တွင်ဒါဇင်အရေအတွက်ရှိသောလူများတို့သည် သူတို့၏အသက်တာများကို ခရစ်တော်ထံပေးအပ်လိုက်ပြီဖြစ်သည်။

သူကမျက်မမြင်ဖြစ်သည့်အတွက်ကြောင့် မည်ကဲ့သို့မျှတန်ဖိုးမရှိပါဟု ထင်သည့်ယောကျ်ားလေးတယောက်သည် ဘုရားရှင်၏အကူအညီဖြင့် မည်သည့်အရာကိုမဆိုပြုလုပ်နိုင်သည်ဆိုသည်ကို သူသိရှိပြီဖြစ်သည်။ ဘုရားရှင်၏သားသမီးများတို့သည် သူတို့ဝင်ငွေရရှိသည့်အခါတိုင်းသူတို့၏ ဆယ်ဖို့တစ်ဖို့နှင့်ဘုရားရှင်ထံပေးဖို့ကတိပေးထားသည့်အလှူငွေများတို့ကိုသစ္စာရှိရှိပြန်လည်ပေးအပ်နိုင်သည်။

ကျွန်ုပ်တို့၏ ကတိပေးထားသည့်လှူဒါန်းငွေတို့သည် အသင်းတော်မဟုတ်ဘဲ ဘုရားရှင်အားလက်ဆောင်ပေးခြင်းဖြစ်သည်။ ယုံကြည်ခြင်းဖြင့်ပေးကမ်း ခြင်းသည်သင်၏ ချစ်ခြင်းမေတ္တာနှင့် ဆက်ကပ်အပ်နှံမှုကိုဘုရားရှင်အားပြသခြင်း ဖြစ်သည်။

-----ooo-----

ဥပုသ်အပတ်စဉ် (၃၅)

စက်တင်ဘာလ (၂)ရက်၊ ၂၀၂၃

ဘရာဇီးလ် - မွေးနေ့စွပ်ပြုတ်

ဂျူလီးယာနာမွေးနေ့သည် ရောက်လာတော့မည်ဖြစ်ပြီး သူမ၏မွေးနေ့တွင်အိမ်ယာမဲ့သည့်သူများကိုစွပ်ပြုတ်ချက် ပြီးကျွေးမွေးချင်နေသည်။

'စွပ်ပြုတ်ချက်တာဟာ အလုပ်များစေတဲ့အရာဖြစ်တယ်' ဟုသူမ၏မိခင်က ပြောသည်။ 'ငွေကုန်ကြေးကျလည်းများပြီး လူအများကြီးအတွက်ငါတို့မှာချက်ပြုတ်ဖို့ လုံလောက်တဲ့ အိုးကြီးကြီးတစ်လုံးမရှိဘူး။'

ဂျူလီးယာနာမှာစိတ်မပျက်သွားပါ။ 'စွပ်ပြုတ်အတွက်လိုအပ်တဲ့အရာကိုဘုရားပေးမှာပါ။' ရှေ့ဆောင်လူငယ်အစည်းအဝေးတွင် ကျွန်ုပ်တို့၏လိုအပ်ချက်များကိုဘုရားရှင်မစပေးခဲ့သည်ကိုဂျူလီးယာနာသဘောပေါက်သိရှိခဲ့ပြီးဖြစ်သည်။ မိခင်ဖြစ်သူမှာ ဂျူလီးယာနာဟာဘုရားရှင်ကိုချစ်သည့်အတွက် ဝမ်းသာမိသည်။ သို့သော်မိခင်ဖြစ်သူသည် ဘုရားကျောင်း သို့မသွားပါ။

ဂျူလီးယာနာသည်စွပ်ပြုတ်အတွက် ဘုရားရှင်ထံဆုတောင်းပြီးနောက်တွင် အကြံဉာဏ်တစ်ခုကိုသူမအားဘုရားရှင်ပေးသည်။ နောက်တနေ့တွင် ဂျူလီးယာနာသည်အိမ်နီးနားချင်းများအိမ်သို့သွားရောက်လည်ပတ်ခဲ့သည်။ ထိုနောက် ဆာလောင်မွတ်သိပ်နေသည့်သူများအတွက်စွပ်ပြုတ်ချက်ကျွေးဖို့အိုးကြီးတလုံးလောက်ကိုသူမကိုငှားနိုင်မည်လားဟုမေးသည်။ အိမ်နီးချင်းနှစ်ဦးက သူတို့၏ အကြီးဆုံးဖြစ်သောအိုးများ စွပ်ပြုတ်ချက်ဖို့အတွက်သူမအားငှားရမ်းသည်။ ထိုနောက်ဂျူလီးယာနာသည် အနီးဆုံးကုန်စုံဆိုင်သို့သွားပြီးအိမ်ယာမဲသည့်သူများအတွက်စွပ်ပြုတ်ချက်ကျွေးဖို့ရန် လိုအပ်သည့်ဟင်းသီးဟင်းရွက်တချို့ကိုလှူဒါန်းနိုင်မည်လားဆိုပြီး ဆိုင်မန်နေဂျာကိုသွားမေးသည်။ မန်နေဂျာကသဘောတူပြီးဟင်းသီးဟင်းရွက်တအိတ်ပမာဏကိုသူမအားပေးလိုက်သည်။ ဂျူလီးယာနာသည် တခြားကုန်စုံဆိုင်များသို့လည်းသွားရောက်ပြီး ဟင်းသီးဟင်းရွက်များကိုတောင်းခံသည့်အခါတွင်ဆိုင်တဆိုင်စီသည်စွပ်ပြုတ်အတွက် လိုအပ်သည့်ပစ္စည်းများကိုသူမအားတအိတ်စီပေးလိုက်သည်။ ဟင်းသီးဟင်းရွက်အပြည့်ပါလာသည့် တွန်းလှည်းလေးဘီးကိုဆွဲလာကာ ဂျူလီးယာနာသည် အိမ်သို့ ပြန်လာခဲ့သည်။

'ဘာတွေလဲ။' ဟု အစားအစာအိတ်တွေကိုမြင်သည့် သူမ၏မိခင်ကမေးလိုက်သည်။

'စွပ်ပြုပ်အတွက်လိုအပ်တဲ့ပစ္စည်းတွေပါ။' ကျေနပ်သည့်အပြုံးနှင့်ပြောလိုက်သည်။ 'နောက်ပြီးဒီမှာအိုးတွေပါလာတယ်။ ဘုရားကျောင်းကအမျိုးသမီးတချို့က စွပ်ပြုပ်ချက်ဖို့အတွက်လာလိမ့်မယ်။' မိခင်ဖြစ်သူသည်ဂျူလီးယာနာ၏ အစီအစဉ်ကိုအံ့အားသင့်မိသည်။ မြော်လင့်ခြင်းအသင်းသူအမျိုးသမီးများ၏ အကူအညီဖြင့် စွပ်ပြုတ်အများကြီးကိုသူတို့ပြုလုပ်ကြသည်။

နောက်တနေ့တွင်ဂျူလီးယာနာ၊ သူမ၏မိခင်နှင့်အသင်းသူများတို့သည်ချက်ပြုတ်ခြင်းပြီးသွား၍စွပ်ပြုတ်အိုးများကို ကားပေါ်သို့တင်လိုက်သည်။ အစာစားဖို့စောင့်နေသည့် အိမ်ယာမဲ့များ၊ ဆာလောင်နေသည့် အမျိုးသားအမျိုးသမီးများရှိသည့်မြို့ထဲသို့အရောက်သွားဖို့မောင်းသွားသည်။ ဂျူလီးယာနာ၏မွေးနေ့ဖြစ်ပြီး သူတို့အတွက်စွပ်ပြုတ်ကို သူမပြုလုပ်ပေးတယ်ဆိုပြီး မိန်းကလေးတယောက်က အသိပေးလိုက်ကြေညာလိုက်သည်။ အိမ်ယာမဲ့များတို့သည် ပျော်ရွှင်မှုများနှင့်အသံပြုကာ ဂျူလီးယာနာအတွက် မွေးနေ့သီချင်းဆိုပေးကြသည်။

မိခင်သည် သမီးတွင်ဘုရားရှင်၏ချစ်ခြင်းမေတ္တာနှင့်ပြည့်ဝနေသည်ကို သဘောပေါက်သိရှိလိုက်သည်။ မိခင်ဖြစ်သူသည်လည်း ဘုရားရှင်၏ချစ်ခြင်း မေတ္တာနှင့်ပြည့်ဝချင်နေသည်။ သမီးဖြစ်သူဂျူလီးယာနာနှင့် အတူဘုရားကျောင်းသို့စတင်တက်ရောက်ချိန်ကာလတော်တော်များများကြာပြီးသည့်နောက်တွင် သူမ၏ စိတ်နှလုံးထဲသို့ခရစ်တော်ဝင်ရောက်ဖို့သူမတောင်းဆိုသည်။ ယနေ့တွင်ဂျူလီးယာနာ၊ သူမ၏မိခင်နှင့်အသင်းသူအသင်းသားတော်တောများများတို့သည် အိမ်ယာမဲ့များတို့ကို တစ်လလျှင်နှစ်ကြိမ်ခန့်ကျွေးမွေးခြင်းပြုလုပ်ကြသည်။

ဂျူလီးယာနာနှင့်သူမ၏မိခင်တို့သည် ငွေကြေးမရှိကြပါ (သို့) စွပ်ပြုတ်ချက်ဖို့အချိန်မရှိကြပါ၊ သို့သော်ဘုရားရှင်၏ကြွယ်ဝမှုများတို့သည် သူမ၏လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်သည်ကို သူမယုံကြည်သည် (ဖိလိပ္ပိ)။ ကျွန်ုပ်တို့၏ ပုံမှန်နှင့်စနစ်တကျပြုလုပ်စီစဉ်ထားသည့်အလှူငွေများ၊ တနည်းအားဖြင့်ဘုရားရှင်နှင့် ကတိပေးထားသည့်အလှူငွေများကို သူ့ကိုယုံကြည်ကိုးစားပြီး ပြန်လည်ပေးအပ်သည့်အခါတွင် ကျွန်ုပ်တို့၏လိုအပ်ချက်များကို ဘုရားရှင်ချပေးလိမ့်မည် ဖြစ်သည်။

-----ooo-----

ဥပုသ်အပတ်စဉ် (၃၆)

စက်တင်ဘာလ (၉)ရက်၊ ၂၀၂၃

**ရှားပါးသည့်အခွင့်အရေး - ဘုရားရှင်တံခါးတစ်ချပ်ကိုဖွင့်လိုက်သည့်အခါတွင်**

ဘုရားရှင်သည် ကမ္ဘာနှင့်အဝှမ်းတွင် သူ၏ချစ်ခြင်းမေတ္တာနှင့်ယုံကြည်ခြင်းတို့ကို ဝေငှဖို့နှစ်သက်ပျော်ရွှင်ဖွယ်ကောင်းသည့်နည်းလမ်းများနှင့် တံခါးများကိုဖွင့်ပေးဖို့လုပ်ဆောင်သည်။ သာသနာလုပ်ငန်းအသစ်များတို့၏လိုအပ်ချက် များကိုဖြည့်ဆည်းပေးနိုင်ဘို့ရန်အလို့ငှာ ကျွန်ုပ်တို့၏အလှူငွေများတို့ကိုခွဲဝေ သတ်မှတ်ထားသည်။ သို့သော်သေသေချာချာစီစဉ်ဆောင်ရွက်ခဲ့သည့်တရားပွဲများတို့သည် မျှော်လင့်ထားသည်ထက်ကျော်လွန်ပြီးအောင်မြင်သည့်အထဲ ရောက်ရှိသွားသည့်အခါတွင် မည်သည့်အရာဖြစ်ပျက်ပါသလဲ။ ရုတ်တရက်ပင်လျှင်လက်ရှိအသုံးပြုနေသော ဘုရားကျောင်းမှာတက်ရောက်သူများဖြင့် လျှံထွက်သွားပြီး ဘုရားကျောင်းအသစ်များဆောက်လုပ်ရမည်၊ ငှားရမ်းရမည်၊ (သို့) အမြန်ဆုံးဝယ်ယူရဖို့တို့ဖြစ်သွားသည်။ သို့သော်ထိုအရာအတွက်ကုန်ကျငွေများတို့၏ ငွေလမ်းကြောင်းသည် ဒီဝီဇံဌာနချုပ်မှတရားပွဲမစတင်မီကပင်ရေးဆွဲထားရှိသည့် ငွေပမာဏထက်ကျော်လွန်သည်။ ဝိညာဉ်ရေးအရအသစ်သော ယုံကြည်သူများ ရှင်သန်ကြီးထွားလာဖို့ဘုရားကျောင်းအိမ်အသစ်များတို့ကိုဒီဝီဇံဌာနချုပ်မှမည်ကဲ့ သို့ထောက်ပံ့ပေးနိုင်မလဲ။

အချိန်ကြာမြင့်စွာကပင်မြော်လင့်ခြင်းအသင်းတော်သည် ကမ္ဘာလုံးဆိုင်ရာရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များတိုးချဲ့ခြင်းနှင့် ကောင်းချီးမင်္ဂလာခံစားခဲ့ရပြီဖြစ်သည်။ ကမ္ဘာကိုဖြတ်၍အသံလွှင့်ဌာနအသစ်များထွကပေါ်လာပြီး နှစ်စဉ် ဘာသာသစ်အစီအစဉ်များတို့သည် ထောင်နှင့်ထောင်နှင့်ချီရှိနားထောင်သူများဆီသို့ ရောက်ရှိနေပါသည်။ သို့သော် ဤတိုးချဲ့လာမှုသည်ပစ္စည်းကရိယာများ၊ အမှုဆောင်များနှင့်ဆက်သွယ်ရေးအချိန်များပိုမိုလိုအပ်လာသည်။ မတော်ကမ္ဘာ၏ လက်လှမ်းမမှီနိုင်သောဒေသတခုသို့ရောက်ရဖို့အသင်းတော်ကိုအခွင့်ပေးကာ မမျှော်လင့်သည့်အခွင့်အရေးများ ဖွင့်ဟလာသောအခါတွင်၊ အသင်းတော်ဟာ ဘုရားရှင်အတွက်ကြီးမားသည့် ခြေလှမ်းတခုကိုလှမ်းဖို့ငွေများကိုမည်ကဲ့သို့ ထောက်ပံ့ပေးနိုင်မည်နည်း။

ဘုရားရှင်သည် ဤကဲ့သို့မမျှော်လင့်ထားသည့်ကောင်းချီးမင်္ဂလာများ ဘုရားရှင်၏သားသမီးများထံရောက်ရှိလာသည့်အခါတွင် ရံပုံငွေတစ်ရပ်ကိုရရှိ နိုင်မည့်နေရာအရင်းအမြစ်များနှင့် ထားရှိပေးခြင်းအားဖြင့်အသင်းတော်အတွက် နည်းလမ်းတရပ်ပြုလုပ်ပေးဖို့သဘောကျနှစ်သက်သည်။ ထိုအရာကို ရှားပါးသည့်အခွင့်အရေးအလှူငွေဟုခေါ်ဆိုသည်။ စုပေါင်းအလှူငွေအစီအစဉ်သည်အသုံးပြုဖို့ရွေးချယ်ခဲ့ပြီးသားနေရာဖြစ်သည့် အသင်းသားဦးရေ ၉၀% ထက်ပိုသော မြော်လင့်ခြင်းသားနေထိုင်သည့်နေရာအတွက်အချိန်မရွေးကောက်ခံသည့် သူတို့၏နေရာသတ်မှတ်မရွေးချယ်ရသေးသည့် အလှူငွေများထဲမှဆုံးဖြတ်ရွေးချယ်ထားသောဝေစုတစ်စုသည်ဤရံပုံငွေထဲသို့အလိုအလျောက် စီမံရောက်ရှိလာလိမ့်မည်ဖြစ်သည်။ သို့သော် မတူကွဲပြားသည့်အလှူငွေအစီအစဉ်များကို အသုံးပြုနေဆဲဖြစ်

သည့် ထိုဒေသများတွင်နေထိုင်သောသူများအတွက် ဤရုံပုံငွေ၏အထူးအလှူငွေကို တစ်နှစ်တကြိမ်အသုံးပြုသည်။ ယနေ့သည် ထိုရုံပုံငွေကိုတည်ဆောက်ဖို့ အခွင့်အရေးသစ်တရပ်ဖြစ်သည်၊ သို့မှ ကျွန်ုပ်တို့၏ဆုတောင်းချက်များတို့ကိုဘုရားရှင်ထံမှ 'ကောင်းပြီ' ဟုပြောသည့် အခါတွင် အသင်းတော်ကအဆင်သင့်ရှိမည် ဖြစ်သည်။

မတော် ၁၉၉၀ ခုနှစ်အစောပိုင်းကာလတွင် ဆိုဗီယက်ယူနီယံနိုင်ငံမှ တိုင်းပြည်အမြောက်အမြားအဖြစ်သို့ကွဲထွက်သွားသည့်အချိန်ကို သင်မှတ်မိမည်ဖြစ်သည်။ ရုတ်တရက်ပင်လျှင်ခရစ်ယာန်များကို ဟန့်တားထားသည့်စည်းကမ်း များတို့သည်ယခင်ဆိုဗီယက်ယူနယံနိုင်ငံကိုပြိုကွဲစေသည့်နိုင်ငံများတွင် ဘုရားရှင်နှင့်ပတ်သက်သည့် ပွင့်ပွင့်လင်းလင်းဟောပြောခြင်းမှသည် ဤကျယ်ပြန့်လှသောဒေသများတွင်းသို့ရာချီမကရှိသောတရားဟောဆရာများဝင်ရောက်လာပြီး သန်းနှင့်ချီရှိသောလူများသို့ ဘုရားရှင်၏မေတ္တာကို ဝေငှခဲ့သည်။ ဤအပြင်ဘက်သို့အရောက်လှမ်းခြင်း၏ကုန်ကျစရိတ်ကြီးမားသည်၊ သို့သော်ရှားပါးသည့်အခွင့်အရေးရုံပုံငွေမှဖြစ်သော ရုံပုံငွေများတို့သည် ဤဧဝံဂေလိတရားပွဲနှင့်ဆိုင်သောအပြင်သို့ အရောက်လှမ်းခြင်းဖြစ်မြောက်ဖို့ကူညီပေးခဲ့သည်။

ဘုရားရှင်သည် သူ၏နိုင်ငံတော်အတွက် တခြားသူများထံရောက်ရှိဖို့ နည်းလမ်းပေါင်းများစွာရှိသည်။ ယနေ့ ဘုရားရှင်အတွက်အရောက်လှမ်းဖို့ အခွင့်အရေးများရောက်ရှိလာသည့်အခါတွင်အဆင်သင့်ဖြစ်ဖို့ရန် ကျွန်ုပ်တို့၏အပိုင်းကဏ္ဍကိုဆောင်ရွက်ကြပါစို့။

-----ooo-----

ဥပုသ်အပတ်စဉ် (၃၇)

စက်တင်ဘာလ (၁၆)ရက်၊ ၂၀၂၃

## အီသီယိုပီးယား -

## သဘော်၏ပစ္စည်းထည့်သည့်သတ္တုခွက်တခုထဲတွင်ဘုရားရှိခိုးခြင်း

၁၂ နှစ်အရွယ်ဘမ်းလော့ခ်သည် အီသီယိုပီးယားနိုင်ငံ အဲဒစ်အဘာဘာ မြို့တွင်နေထိုင်သည်။ သူမသည်အရောင်ရှိသည့်ရုပ်ပုံများကို အသုံးပြုကာကျမ်းစာပုံပြင်များပြောရခြင်းကိုနှစ်သက်သည်။ သူမသည် ဘုရားကျောင်းနားတွင်ရှိသော သဘော်၏ပစ္စည်းများထည့်သည့် သတ္တုခွက်ထဲတွင်ကလေးများ၏ဥပုသ်စာဖြေအ တန်းကိုသင်ကြားသည်။

ရက်သတ္တပတ်၏ သတ်မှတ်ထားခြင်းမရှိသည့်နေ့တွင် ကလေးများတို့သည် ကျမ်းစားအမေးအဖြေနှင့်ကစားရန်၊ သီချင်းဆိုရန်အတန်းခန်းထဲတွင်စုဖို့ သူငယ်ချင်းများကိုခေါ်ဖိတ်သည်။ ရက်သတ္တပတ်၏တွေ့ဆုံခြင်းများအတွက်သူတို့၏ ကိုယ်ပိုင်အစီအစဉ်များကိုသူတို့စီစဉ်သည်။

ထေးအိုဒရိုး၏မိသားစုသည် ဤဘုရားကျောင်း၏အနီးအနားတွင်နေ ထိုင်ကြပြီး၊ သူ၏အိမ်မှသူတို့၏သီချင်းဆိုသံကိုကြားရသည်။ သူတော်တော်လေးငယ်သည့်အရွယ်တွင် တေးဂီတကိုရှာဖွေဖို့ လမ်းပေါ်တွင်ခြေဦးတည့်ရာသွားလာနေခဲ့သည်။ ထိုအရာကိုသူနှစ်သက်ခဲ့သည်။ မကြာမီတွင်ပင်၊ ထေးအိုဒရိုးနှင့် သူ၏မောင်နှမများတို့သည်ဥပုသ်နေ့တိုင်း ဘုရားကျောင်းတွင်ရှိနေကြသည်။

သူတို့၏မိဘများတို့သည်ကလေးများပြောင်းလဲသွားသည်ကို သူတို့သတိပြုမိကြပြီး၊ အချိန်တော်တော်များများကို မည်သည့်နေရာတွင်ဖြုန်းခဲ့သည်ကို သူတို့အလွန်သိချင်ခဲ့သည်။ ကလေးများတို့သည် သူတို့၏မိဘများကို သူတို့နှင့် အတူဘုရားကျောင်းသို့လာဖို့ သူတို့တောင်းပန်ပြောဆိုကြသည်။ နောက်ဆုံးတွင်သူတို့လက်ခံပြီးသွားရောက်သည့် အခါ၊ သူတို့မြင်တွေ့ရသည့်အရာဖြင့်သူတို့ သဘောကျနှစ်သက်ကြသည်၊ ထိုအရာသည်သူတို့၏ မိသားစုအတွက်မှန်ကန်သောအသင်းတော်ဖြစ်သည်ဟု သူတို့ခံစားမိသည်။ ၁၅နှစ်ကြာပြီး နောက်တွင်သူတို့၏မိဘသည မြော်လင့်ခြင်းအသင်းတော်နှင့်တွေ့ဆုံဖို့ မိတ်ဆက်ပေးသည့် သူတို့သားသမီးများတို့ကို ကျေးဇူးတင်နေဆဲပင်ဖြစ်သည်။

ဘမ်းလော့ခ်နှင့်တခြားကလေးများတို့သည် သူတို့ဝတ်ပြုစာဖြေအတန်းပြုလုပ်သည့်သတ္တုခွက်ထဲတွင် နေရာပိုမိုကျယ်ပြန့်လာဖို့ ဆုတောင်းကြသည်။ သို့မှသူငယ်ချင်းများများလာပြီးဝတ်ပြုကိုးကွယ်ဖို့ သူတို့ခေါ်ဖိတ်နိုင်မည်ဖြစ်သည်။

အသင်းတော်ခေါင်းဆောင်များတို့သည် ကလေးများအားသာသနာပြုခြင်း၏အရေးကြီးမှုကိုနားလည်သည့်အခါ တွင်ကလေးများကဏ္ဍအဖြစ် အသုံးပြုနိုင်သည့်ဘုရားကျောင်းအပြင်ဘက်တွင်အခန်းရိုးရိုးလေးတခန်း၊ (သို့) သတ္တုခွက် တခုကူညီပေးဖို့ကြိုးစားလှုပ်ရှားကြသည်။ ဤသိုးနားခိုရာနေရာသည်ပူလောင်သောနေ၊မိုးလေများနှင့်စိတ်အနှောင့်အယှက်ဖြစ်စေခြင်းမှကလေးများကိုကာကွယ်ပေးသည်။ ကလေးများတို့သည် သူတို့၏မိဘများတို့ကို ခရစ်တော်ထံသို့ မကြာခဏဦးဆောင်လမ်းပြပေးသည့်အတွက် အသင်းတော်ကို ကလေးများကနေ တည်ဆောက်လာခဲ့ပါသည်။

ကျွန်ုပ်တို့ရရှိသည့်ဝင်ငွေများမှ သူ့ထံပြန်လည်ပေးဆပ်ဖို့ မျှော်လင့်ထားသည့် ဆယ်ဖို့တစ်ဖို့နှင့်ပုံမှန်ထည့်ဝင်သောအလှူငွေများတို့သည် ဘုရားနှင့်ဆိုင် သောအပိုင်းဖြစ်သည်ကို ကျွန်ုပ်တို့သသည်။ ဆယ်ဖို့တစ်ဖို့သည်ဘုရားရှင်ဆုံးဖြတ်ထားသည့် ကျွန်ုပ်တို့ရရှိသည့်ဝင်ငွေ၏တစ်ဖို့ကိုကိုယ်စားပြုသော်လည်း အလှူငွေများတို့သည် ကျွန်ုပ်တို့မည်မျှဘုရားရှင်ကိုပေးရမည်ကိုမိမိကိုယ်တိုင် ဆုံးဖြတ်ဖို့ရန်ဖြစ်သည်။ အသင်းတော်ကိုထောက်ပံ့ဖို့အကြွေစေ့တစ်စေ့ (သို့) ကျသင့်ငွေစာရွက်ကိုအလှူခံအိတ်ထဲသို့ထည့်ခြင်းထက် သင့်၏လစာချက်လက်မှတ်ရရှိသောအခါတွင် အပတ်စဉ် (သို့) လစဉ်ပုံမှန်ဘုရားရှင်သည် မိမိလစာငွေ၏ ရာခိုင်နှုန်းမည်မျှလောက်ကို ထည့်စေချင်သလဲဆိုသည်ကို ဘုရားထံတောင်း

လျှောက်ပါ။ အပြန်အလှန်အားဖြင့် သင့်အားကောင်းချီးမင်္ဂလာချပေးဖို့ ဘုရားရှင်အားတောင်းဆိုပြီး ခရစ်တော်နာမအားဖြင့် သူ၏ကြွယ်ဝမှုများအရ သင်၏လိုအပ်ချက်များအားလုံးကို သူမည်ကဲ့သို့ပံ့ပိုးပေးမလဲဆိုသည်ကိုကြည့်ပါ။ (ဖိလိပ္ပိ ၄း ၁၉)။

-----ooo-----

ဥပုသ်အပတ်စဉ် (၃၈)

စက်တင်ဘာလ (၂၃)ရက်၊ ၂၀၂၃

## အင်ဒိုနီးရှား - ဥပုသ်စောင့်သောခွေး

သာသနာပြုလေယာဉ်မှူးကြီး ဂယ်ရီရောဘတ်စ်သည် အင်ဒိုနီးရှားကျွန်းတစ်နေရာပေါ်ရှိဝေးလံသောရွာတရွာဖြစ်သည့် ဆူမင်းကာမှာ သူ၏လေယာဉ်ကို ဆင်းသက်လိုက်သည့်အခါတွင် ရွာသူရွာသားများတို့သည် လေယာဉ်ဆင်းကွင်းတလျှောက် စုဝေးနေကြသည်။

ဂယ်ရီသည်လေယာဉ်ပေါ်မှဆင်းလာသည်နှင့် အမျိုးသားတစ်ဦးသည် လေယာဉ်ပေါ်တွင်ရေးဆွဲထားသည့် ကောင်းကင်တမန်သုံးပါးပုံကို လက်ညှိုးထိုးပြီး 'ဒီလေယာဉ်ဟာသတ္တမနေ့မြော်လင့်ခြင်းအသင်းလေယာဉ်လား။' ဟုမေး လိုက်သည်။

အံ့သြသွားသည်နှင့်ဂယ်ရီသည် ထိုလူအားသူမည်ကဲ့သို့ မြော်လင့်ခြင်းအသင်းတော်အကြောင်းကိုသိခဲ့သလဲဟုမေးလိုက်သည်။ ရွာသားများက သူတို့၏ခွေးဟာ သူတို့ကို ဥပုသ်စောင့်ရမည်ကို သင်ကြားပေးခဲ့ကြောင်းသူ့အားပြောပြသည်ကို ဂယ်ရီနားထောင်သည်။

ပို၍အစောပိုင်းကျသောနှစ်တော်တော်များများတွင် မိုးဇက်ဟုအမည်ရှိသောဓမ္မဆရာတစ်ဦးနှင့်ဒရိုင်းယပ်အမည်ရှိသော အသင်းလူကြီးတစ်ဦးတို့သည် ကောင်းကင်တမန်တစ်ပါးက သူတို့အား ဆူမီကာသို့သွားပြီးတရားဟောဖို့ အိပ်မက်တခုမက်ခဲ့သည်။ ဘုရားရှင်သည် သူတို့ကိုအမှုတော်ဆောင်ဖို့ခေါ်နေသည်ကို သူတို့နှစ်ဦးသိသောကြောင့် ဆူမင်းကာသို့ သုံးရက်ဖြင့်ခြေလျင်ခရီး သွားဖို့ထွက်ခွာလာခဲ့သည်။

ထိုရွာသို့ရောက်သည့်အခါတွင်ရွာ၏ သစ်ပင်အောက်တွင် တပတ်ခန့်ကြာမည့်တရားပွဲကိုပြုလုပ်မည်ဖြစ်သည်ကိုသူတို့ကြေညာသည်။ သို့သော် ပထမရက်တွင်ဓမ္မဆရာမိုးဇက်သည်ငှက်ဖျားရောဂါရရှိပြီး ဖျားနာလာသည်။ ရွာသူရွာသားများက သူသေလိမ့်မည်ဟုထင်ကြသည်။

ဓမ္မဆရာမိုးဇက်သည် တနေ့လုံးအဖျားတက်သလိုလိုခံစားရသည်။ ထိုနောက်ညနေ ၅ နာရီမှာအဖျားကျသည်။ ထိုကြောင့် သူမတ်တတ်ရပ်ပြီး တရားဟောသည်၊ သို့သော်သူဟောပြောပြီးသည်နှင့်အဖျားပြန်တက်လာသည်။ ထိုကဲ့သို့ နေ့တိုင်းဖြစ်သည်။

တနေ့လုံးသူဖျားနေပြီး ညနေ ၅ နာရီလောက်တွင် ဘုရားရှင်၏ချစ်ခြင်းမေတ္တာ၊ ဥပသ်နေ့နှင့် ကျန်းမာစေသောအစားအစာ အကြောင်းကိုဟောသည်။

သို့သော်ဓမ္မဆရာမိုးဇက်သည် ရွာသူရွာသားများအား ခရစ်တော်ကိုလက်ခံဖို့တောင်းဆိုသည့်အခါတွင် မည်သူမျှမတုံ့ပြန်ခဲ့ပါ။ အစည်းအဝေးပြီးဆုံးသွားပြီး၊ သူတို့နှစ်ယောက်အိမ်သို့စိတ်ပျက်ပျက်နှင့်ပြန်လာကြသည်။

စနေနေ့မရောကခင်အထိ ရွာထဲတွင်ပုံမှန်ပင်သွားလာနေကြသည်။ ရွာ၏အမဲလိုက်ခွေးတစ်ကောင်ဖြစ်သည့် ဒေါလ်ဘီသည်အစောကြီးထပြီးဓမ္မဆရာ တရားဟောသည့်နေရာဖြစ်သည့်သစ်ပင်အောက်သို့ တဖြည်းဖြည်းချင်းသွားနေသည်။ သူ၏သခင်က သူ့ကိုအမဲလိုက်သွားဖို့ခေါ်သည့်အခါတွင် သူသွားဖို့ငြင်းဆန်သည်။ ဒေါလ်ဘီဟာစနေနေ့မှလွဲ၍အမြဲအမဲလိုက်ထွက်သည်။

ရွာသားများသည် ဒေါလ်ဘီကတောဝက်သားမစားတော့သည်ကို သတိထားမိကြသည်။ 'ဒေါလ်ဘီက စနေသင်းဖြစ်သွားပြီ။' ဟုတစ်ယောက်ကပြော သည်။

'အကယ်၍သူဥပုသ်နေ့မှာဝတ်ပြုကိုးကွယ်ရင်တို့တတွေလည်း ဝတ်ပြုသင့်တယ်။' တခြားတယောက်ဆိုသည်။ တော်တော်များများဖြစ်သောရွာသူရွာသားများတို့သည် ဥပုသ်နေ့ကိုစတင်စောင့်ထိန်းပြီး တောဝက်သားကိုလည်း မစားတော့ပါ။

ယေယာဉ်မှူးကြီး ဂယ်ရီက ဓမ္မဆရာမိုးဇက်အားထိုအကြောင်းအရာကို ပြောပြသောအခါ၊ ဓမ္မဆရာဒရိုင်းယပ်ဟာရွာသူရွာသားများကို သင်ကြားပေးဖို့ ထိုရွာသို့လေယာဉ်ဖြင့်ပျံသန်းသွားသည်။ ယနေ့တွင် ရွာသား ၂၀၀ ၏တစ်ဝက်သည် ဥပုသ်နေ့တွင်ဘုရားကိုဝတ်ပြုကိုးကွယ်ကြသည်။

ဘုရားကိုဥပုသ်စောင့်ခြင်းအားဖြင့်၊ ဆုတောင်းခြင်းအားဖြင့်၊ တခြားသူများအားဘုရားရှင်အကြောင်းပြောပြခြင်းအားဖြင့်နှင့် ဘုရားရှင်နှင့်ဆိုင်သော ဆယ်ဖို့တစ်ဖို့အားပြန်လည်ပေးအပ်ခြင်းနှင့် သစ္စာရရှိကျွန်ုပ်တို့ပေးဖို့ကတိပေး ထားသည့် ပုံမှန်အလှူငွေများတို့ကိုပေးခြင်းအားဖြင့် နည်းလမ်းများစွာဖြင့် ကျွန်ုပ် တို့ဝတ်ပြုကြသည်။ ဘုရားရှင်သည်ကျွန်ုပ်တို့၏ငွေကိုမလိုအပ်ပါ။ သို့သော် ကျွန်ုပ်တို့၏အသက်တာများတွင် ဘုရားရှင်ကိုပထမဆုံးသောအရာဖြင့်ထားရှိ သည့်အခါတွင် ကျနုပ်တို့၏လိုအပ်ချက်များပြည့်စုံဖို့သူ့ကိုကိုးစားရခြင်းကို သင်ယူဖို့ရန် ဘုရားရှင် ကျွန်ုပ်တို့ကို လိုအပ်သည်။ (ဖိလိပ္ပိ၄း၁၉)။

-----ooo-----

## ဥပုသ်အပတ်စဉ် (၃၉)

စက်တင်ဘာလ (၃၀)ရက်၊ ၂၀၂၃

### ဘာရာဇီးလ် - ရေပေါ်တွင်ရွေ့လျားသွားလာနေသောဘုရားကျောင်း

ထူးထူးကဲကဲကြီးမားသည့်အမေဇုံမြစ်သည်ပီရူးတောင်မှ အတ္တလန်တိတ် သမုဒ္ဒရာထဲသို့ မိုင် ၄၀၀၀ (ကီလိုမီတာ ၆၇၀၀)ထိ ဆွဲဆန့်ဝင်ရောက်သွားသည်။ အာမေးရ်ဟေစူးစ်သည်အမေဇုန်မြစ်ပေါ်ရှိရွာတရွာတွင်နေထိုင်သည်။ နေ့တိုင်း ရွာတရွာမှတရွာသို့မချောင်းများနှင့်ကြောက်စရာကောင်းသည့်မြွေများတို့ကို သတိထားစောင့်ကြည့်ကာသူ၏လှေငယ်လေးကိုလှော်သည်။ ရွာတိုင်းကိုသူရောက်သည့်အခါတွင် အာမြေးရ်သည်သူ၏ကြိုးပမ်းမှုများပေါ်ကောင်းချီးမင်္ဂလာတစ်ရပ်အတွက် ဘုရားရှင်ကိုတောင်းဆိုကာဆုတောင်းသည်။ ထိုနောက် ထိုနေရာတွင်နေထိုင်သည်သူများဆီသို့ ခရစ်တော်၏ချစ်ခြင်းမေတ္တာကိုယူဆောင် သွား ခြင်းကို သူအချိန်မဆွဲပါ။

အာမေးရ်သည် ခက်ခဲသည့်ကျော်ဖြတ်နေရသည့်အမျိုးသမီးတဦးထံ သူသွားရောက်လည်ပတ်သည်။ ယုံကြည်သူတစ်ယောက်အနေဖြင့်ကောင်းကင်သည် သူမပိုင်ဆိုင်သည့်အရာဖြစ်သည်ကို သူမအား အမှတ်ရစေသည်။ ထိုနေရာတွင် နာကျင်ခြင်းမရှိ (သို့) ဒုက္ခခံစားရခြင်း (သို့) ငိုကြွေးရခြင်းမရှိသည်ကို သူမသိလိမ့်မည်။ သူ၏သတင်းစကားသည်သူမနားထဲတွင်ချိုမြိန်စေသည်။ အာမေးရ်သည် ထိုအမျိုးသမီးနှင့်အိမ်သူအိမ်သားများတို့အပေါ်ငြိမ်သက်ခြင်းနှင့်ကောင်းချီးမင်္ဂလာအတွက် ဆုတောင်းပေးခြင်းဖြင့် အဆုံးသတ်သည်။

အာမေးရ်သည် အပြင်သို့ထွက်ဖို့ခြေလှမ်းလှမ်းလိုက်သည့်အခါတွင်၊ ကစားနေသည့်ကလေးအုပ်စုကို သူနှုတ်ခွန်းဆက်သည်။ သူတို့၏အသက်တာ များအတွက်ဘုရားရှင်၏စိတ်လှုပ်ရှားဖွယ်ရာအစီအစဉ်နှင့် ပတ်သက်ပြီးသူတို့နှင့် ပြောဆိုဖို့ရပ်လိုက်သည်။ အာမေးရ်သည်သူတို့၏ သူငယ်ချင်းမိတ်ဆွေဖြစ်ပြီး၊ ဂရုစိုက်ပေးသည့်ကယ်တင်ရှင်အကြောင်းကိုပြောပြသည့်အခါတွင် သူ့ကို သူတို့ နားထောင်ကြသည်။

အာမေးလ်သည်သူ၏အလုပ်ကို ဤကဲ့သို့ရှင်းပြသည်၊ 'သူတို့လိုအပ်ချက်များကိုသိရှိဖို့ရှာဖွေနေစဉ်နှင့်ဒါပေမဲ့သူတို့ကို ကျွန်တော်တို့တတ်နိုင်သလို ကူညီပေးချိန်တွင်ကျွန်တော်တို့သည် လူများထံလည်ပတ်ခြင်းပြုလုပ်တယ်။' ကျွန်တော်တို့သည်သူတို့နှင့်မိတ်ဆွေဖွဲ့ပြီးဘုရားရှင်အကြောင်းကို သူတို့ကိုသင်ပြပေးသည်။ လူများတို့ကို ကူညီပေးခြင်းအားဖြင့်၊ အဟန့်အတားအခက်အခဲများကို ကျွန်တော်တို့ရပ်တန့်ပစ်နိုင်သည့်အတွကဧဝံဂေလိသတင်းစကားကို သူတို့ ထံယူ ဆောင်လာနိုင်သည်။

ကြီးမားကျယ်ပြန့်သည့်အမေဇုံမြစ်သည် ဓမ္မဆရာများနှင့်အာမေးရ်ကဲ့သို့သောအသင်းသားအမှုဆောင်များအတွက် ဤသာသနာလုပ်ငန်းကိုစိန်ခေါ်မှုရှိသည့်အလုပ်ဖြစ်စေသည်။ မြစ်ကမ်းနဖူးပေါ်တွင်နေထိုင်သောသူများဆီသို့ ဘုရားရှင်၏သတင်းစကားကိုယူဆောင်လာပေးနိုင်သည့် လှေတစင်းကိုဆောက်လုပ်ဖို့ နှစ်များစွာကပင်မြော်လင့်ခြင်း

အသင်းတော်၏ဒေသခံခေါင်းဆောင်များက စိတ်ကူးထားသည်။ အမေဇုံမြစ်နားတွင်နေထိုင်သောသူများကို ဆေးကုသခြင်းနှင့်ဝိညာဉ်ရေးဆိုင်ရာစောင့်ရှောက်မှုများတို့ကို ပံ့ပိုးပေးသည့်ပထမဆုံးလူဖေးရှုသာသနာလှေကို လီယိုဟာလီဝယ်လ် စတင်ဆောင်ရွက်ခဲ့ပြီးနောက်နှစ်ပေါင်း ၁၀၀ ရှိပြီးနောက်တွင် ဤလှေသစ်တစ်စင်းအမှန်တကယ်အကောင်အထည်ဖော်လာပြီဖြစ်သည်။ လှေသစ်နှင့်၎င်း၏ ဓမ္မဆရာသည်အမေဇုံမြစ်တစ်လျှောက်တွင်ရှိသောရွာများဆီသို့ သူတို့၏အသင်းတော်နှင့် အတူမျှော်လင့်ခြင်းနှင့်ဆက်သွယ်မှုတို့ကိုစီစဉ်ပေးသည်။

သာသနာလှေကဲ့သို့သော စီမံကိန်းလုပ်ငန်းများတို့သည် အာမေးရ်လှေ ကဲ့သို့သောပိုမိုသေးသည့်လှေတော်တော်များများတို့၏အတိုင်းထက်မကပို၍ ရောက်ရှိနိုင်သည်။ ကွန်ဖရင့် (သ.) ယူနီယံတခုတည်းထောက်ပံ့ပေးနိုင်သည့်အရာထက်အလွန်ကြီးမားသည့်အဓိကစီမံကိန်းတစ်ခုနှင့် ဘုရားရှင်၏သားသမီးများဆုံတွေ့သည့်အခါတွင်၊ စီမံကိန်းကိုအမှန်တကယ်ဖြစ်ပေါ်လာအောင်သူတို့အတူတကွပေါင်းစည်းဆောင်ရွက်နိုင်သည်။ ကျွန်ုပ်တို့မည်သည့်နေရာတွင်နေထိုင်သည်ဘဲဖြစ်ဖြစ်၊ စီမံကိန်းကို အမှန်တကယ်ဖြစ်အောင်ပြုလုပ်ဖို့ ကျွန်ုပ်တို့ပုံမှန်နှင့်စနစ်တကျဘုရားရှင်ထံထည့်ဝင်သည့် အလှူငွေများတို့ကိုပေးခြင်းအားဖြင့် ကျွန်ုပ်တို့ကူညီနိုင်သည်။ ထို့ပြင်၊ အထူးဖြစ်သော၊ ဆက်ကပ်သည့် အလှူငွေများတို့ သည်သန့်ရှင်းသောဝိညာဉ်တော်နှိုးဆော်မှုကြောင့်ပေးလှူနိုင်သည်။

ကျွန်ုပ်တို့၏အလှူငွေများတို့ကို ဘုရားရှင်ထံသို့ကျွန်ုပ်တို့ဆက်လက်ပေးကြပါစို့၊ သို့မှသာ ပို၍များပြားသောလူများတို့သည် သူတို့နေထိုင်သည့် မည်သည့်နေရာတွင်မဆို ဘုရားရှင်၏စကားတော်ကိုကြားနိုင်မည်ဖြစ်သည်။

-----ooo-----

ဥပုသ်အပတ်စဉ် (၄၀)

အောက်တိုဘာလ (၇)ရက်၊ ၂၀၂၃

## ကင်ညာ - ဆန်ဘူးရူလူများတို့ဆီအရောက်လှမ်းခြင်း

နှစ်များစွာရှိခဲ့ပြီးသည့်အချိန်တွင် ကင်ညာနိုင်ငံ၏ဆန်ဘူးရူလူများကဲ့သို့ ဝေးလံခေါင်သီသည့်အရပ်တွင် ဦးတည်ရာမရှိဘဲလှည့်လည်သွားလာသည် လူအုပ်စုများနှင့်သတင်းစကားကိုဝေငှခြင်းသည်စိန်ခေါ်မှုရှိသည့်ခက်ခဲသည့်အရာတခုဖြစ်သည်။ ထိုလူများတို့သည်သူတို့၏ကျွဲနွားများကိုအစာကျွေးဖို့ မြက်ကိုရှာဖွေဖို့ရန်မြေရောများကိုခြေဦးတည့်ရာနေရာများသို့ သွားရောက်ကာသူတို့၏ တိရစ္ဆာန်များနောက်သို့လိုက်သွားကြသည်။ ထိုကြောင့်အမြဲတမ်းသွားလာနေ သည့်ဤကဲ့သို့သောလူများနှင့် ဧဝံဂေလိသတင်းစကားကိုမည်ကဲ့သို့ဝေငှမည်နည်း။

လောရင့်ဆိုသူသည်လွန်ခဲ့သောနှစ်အနည်းငယ်ခန့်က ခရစ်တော်နှင့် သိကျွမ်းလာခဲ့သည့်ဆန်ဘူးရှုလူမျိုးနွယ်စုထဲမှတယောက်ဖြစ်သည်။ သူ၏လူမျိုးများကို ဘုရားရှင်၏ချစ်ခြင်းမေတ္တာကိုဝေငှဖို့ မိမိကိုယ်ကိုအဆင်သင့်ဖြစ်ဖို့ရန် ဓမ္မဆရာနှစ်ဦးနှင့်ကျမ်းစာကိုလေ့လာသင်ကြားခဲ့သည်။ မိမိတို့၏စကားနှင့်ထုံးစံများတို့ကိုသူသိပြီး သူ၏လူမျိုးတို့နားလည်သည့်နည်းလမ်းမျိုးဖြင့် သူတို့အား ခရစ်တော်၏ချစ်ခြင်းမေတ္တာကိုဝေငှကာ ကမ္ဘာလုံးဆိုင်ရာရှေ့တန်းသာသနာထမ်းဆောင်သည့်သူအဖြစ် သူ၏အသက်တာကိုဆက်ကပ်အပ်နှံထားသည်။

လွန်ခဲ့သောနှစ်နှစ်ခန့်အတွင်းတွင်၊ ဆန်ဘူးရှုလူမျိုးတို့သည်ဘုရားရှင်၏ ချစ်ခြင်းမေတ္တာတော်ကိုသိရှိလာပြီး သူတို့၏စိတ်နှလုံးဖြင့်ခရစ်တော်ကိုလက်ခံခဲ့ပြီဖြစ်သည်။ သူတို့သည်ဥပုသ်နေ့တိုင်းသစ်ပင်တစ်ပင်အောက်တွင်လောရင့်စ်နှင့်နှုတ်ကပတ်တော်ကိုလေ့လာသင်ကြားရန်တွေ့ဆုံကြသည်။ ဆန်ဘူးရှုလူမျိုး သည်သီချင်းဆိုခြင်းကို သူတို့နှစ်သက်ကြပြီး အချိန်ကိုအတူတကွအသုံးပြုခြင်းကိုတန်ဖိုးထားကြသည်။ ပုံပြင်များကိုပြောဆိုခြင်း၊ သီချင်းဆိုခြင်းနှင့်အတူတကွ စားခြင်းဖြင့် ဥပုသ်နေ့ကိုသူတို့ကုန်ဆုံးစေကြသည်။

အနီးအနား၌ ညအချိန်တွင်ဆန်ဘူးရှုလူမျိုးတို့အိပ်စက်သည့်သူတို့၏ ရိုးရှင်းသောအိမ်များဖြစ်ကြသည်။ သူတို့အိမ်များတို့ကို တိရစ္ဆာန်၏အရေခွံ၊ ဆန်အိတ်အခွံနှင့်တုတ်ချောင်းများဖြစ်သည့်အရာများတို့ဖြင့် သူတို့အိမ်ကိုပြုလုပ်ကြသည်။ ဤကဲ့သို့သောအိမ်မျိုးသည်သူတို့၏ တိရစ္ဆာန်များအတွက်စားကျက်သစ်များကို ရှာဖွေရမည့်အခါတွင်အလွယ်တကူဖြုတ်ကာသွားဖို့လွယ်ကူသည့် အိမ်အမျိုးအစားဖြစ်သည်။

ဆန်ဘူးရှုလူမျိုးများတို့၏အိမ်များတို့သည် ခြသေ့်များ၊ ဆင်တို့ကဲ့သို့သောတိရစ္ဆာန်များတို့၏အန္တရယ်မှကာ ကွယ်ပေးနိုင်သည့်သူတို့၏လုံခြုံသည့် နေရာလပ်များဖြစ်သည်။ သူတို့အိမ်များတို့သည် မိသားစုတို့အတွက်ခိုလှုံရာနေရာဖြစ်ပြီး ဤနေရာလပ်သို့ ဖိတ်ခေါ်ခံရခြင်းသည် အခွင့်အရေးတစ်ရပ်ဖြစ်သည်။ ဆန်ဘူးရှုလူမျိုးတို့သည် သူတို့အိမ်များတွင်ကျမ်းစာထဲမှသင်ခန်းစာများတို့ကို သင်ကြားဝေငှရန်သူ့ကိုခွင့်ပေးလိုက်ခြင်းဖြင့် ဤအခွင့်အရေးကို လောရင့်စ်အားပေးလိုက်သည်။ မကြာခဏသူတို့ထံသွားရောက်လည်ပတ်ပြီး၊ သူကျမ်းစာဖတ်ပြီးသူတို့နှင့်အတူဆုတောင်းသည့်အခါတွင် သူတို့ဆက်လက်နားထောင်ဖို့ မျှော်လင့်ကြသည်။

ဤဆန်ဘူးရှုလူစုသည် ဘုရားရှင်၏ချစ်ခြင်းမေတ္တာတော်ကိုသိရှိလာပြီ ဖြစ်သော်လည်း၊ အရှေ့အာဖရိတိုင်းပြည်များတစ်လျှောက် တော်တော်များများ ဖြစ်သောခြေဦးတည့်ရာသွားလာနေသည့်အုပ်စုလူမျိုးများထဲမှ တမျိုးသာဖြစ်သေးသည်။ ကမ္ဘာ၏ဤဒေသတွင်ရှိသော လက်လှမ်းမမှီနိုင်သည့်လူမျိုးစုများတို့အတွက်နှင့် ဘုရားရှင်၏အမှုတော်ကိုထမ်း

ဆောင်ဖို့ဘုရားရှင်၏ဖိတ်ခေါ်ခြင်းကို လက်ခံခဲ့သည့်လောရင့်စ်ကဲ့သို့ ကမ္ဘာလုံးဆိုင်ရာ ရှေ့တန်းသာသနာအမှုဆောင် များအတွက် ကျေးဇူးပြု၍ဆုတောင်းပေးကြပါ။

ကျွန်ုပ်တို့ဘုရားရှင်နှင့်ကတိပေးထားသည့် အလှူငွေများတို့သည် ပြည်တွင်း သာသနာအလုပ်ကိုသာမကဘဲသူတို့နားလည်သည့် နည်းလမ်းဖြင့်ခရစ်တော်၏အကြောင်းကို ကမ္ဘာတစ်ဝှမ်းရှိတခြားသူများကို သင်ပြပေးဖို့ကြိုးစားဟောပြောမှုများတို့ကိုပါအထောက်အပံ့ပေးသည်။ ကျွန်ုပ်တို့၏အလှူငွေများတို့သည် ကျွန်ုပ်တို့မရောက်ရှိနိုင်သောနေရာများသို့သွားရောက်နိုင်သည်၊ ထို့ကြောင့် ကျွန်ုပ်တို့၏ရက်ရောမှန်မှန်ထည့်ဝင်သည့် အလှူငွေများတို့အားဖြင့် ဘုရားရှင်၏ချစ်ခြင်းမေတ္တာကိုဝေငှဖို့ ကြိုးစားမှုတိုင်းကိုကျွန်ုပ်တို့ ပြုလုပ်ကြပါစို့။

-----ooo-----

## ဥပုသ်အပတ်စဉ် (၄၁)

အောက်တိုဘာလ (၁၄)ရက်၊ ၂၀၂၃

## ချတ်ဒ် - ရေမြင်း၊ သရက်သီးနှင့်သာသနာပြု၏ကလေးများ

ချတ်ဒ်နိုင်ငံသည် အာဖရိကတိုက်၏အလယ်ဗဟိုတွင်ရှိသည့် ကုန်းပတ်လည် တခြားတိုင်းပြည်များဝိုင်းရံထားပြီး ပင်လယ်ကမ်းရိုးတန်းမရှိသည့် တိုင်းပြည်တစ်ပြည်ဖြစ်သည်။ မြို့တော်နှင့်အလှမ်းဝေးသည့်နေရာတွင် ထိုဒေသတွင်ကျန်းမာရေးစောင့်ရှောက်ပေးသည့်တစ်ခုတည်းသောနေရာဖြစ်သည် ဘဲယားမြော်လင့်ခြင်းအသင်းတော်ဆေးရုံတရုံ တည်ရှိသည်။ ဆေးရုံနှင့်၎င်း၏လူနာများကိုကြီးကြပ် အုပ်ချုပ်သည့် ဆရာဝန်များဖြစ်သည့် ဒေါက်တာအိုလင်း၊ ဒေါက်တာဒနေနက်ထဲဘတ်ဂ်နှင့် သူတို့၏မိသားစုတို့ဖြစ်သည်။ နက်ထဲဘတ်ဂ်ကလေးများသည် သူတို့၏သာသနာကွင်းတွင် ရောက်ရှိခဲ့သည့်အသက်တာကို တချက်ကလေးခြုံပြီး ကျွန်ုပ်တို့ကိုကြည့်စေသည်။

ဟိုင်း၊ ကျွန်ုပ်တို့ဟာ နက်ထဲဘတ်ဂ်၏ကလေးများဖြစ်သည်။ ကျွန်ုပ်တို့၏မိဘများတို့သည်သာသနာပြုသည့် ဆရာဝန်များဖြစ်သော်လည်း ကျွနပ်တို့သည်လည်းခရစ်တော်အကြောင်းကိုလူများအားပြောကြားဖို့ နှစ်သက်သည့်သူများဖြစ်သောကြောင့် ကျွနပ်တို့သည်သာသနာပြုများဖြစ်ကြသည်။

ဂျူနီပါ၊ အသက် ၆နှစ် - တိရစ္ဆာန်များကိုကြိုက်နှစ်သက်သည်။ ကျွနပ်တို့၏ ဆိတ်ကလေလေးကဲ့သို့သောတိရစ္ဆာန်များတို့ကိုလူများတို့သည် ကျွန်ုပ်တို့ဆီယူလာပေးသည်။ တယောက်ကပင်လျှင်ကုလားအုတ်တကောင်ကို ကျွန်ုပတို့အားပေးသည်။ ဤနေရာတွင် ဒေသခံများကသူတို့ကိုမွေးမြူကြသည်။ ကျွန်ုပ်တို့သည် ပတ်ပတ်လည်တွင်နံရံများနှင့် အိမ်များတစုကြီးရှိသည့်ဝင်းအတွင်းတွင်နေထိုင်ကြသည်။ကျွနပ်တို့မှာသရက်ပင်အမြောက်

အမြားရှိသည်။ သရက်သီးရာသီတွင် ကျွန်ုပ်တို့ညနေစာမလိုအပ်ပါ၊ သရက်သီးကို အပင်မှ ခူးလိုက်ရုံပင်ဖြစ်သည်။ ကျွန်ုပ်၏မိခင်နှင့်ကျွန်ုပ်သည် ကလေးအဝတ်များနှင့်စောင်များတို့ကို ခရစ်တော်အကြောင်းပြောပြနေစဉ်တွင် မိခင်သစ်များအားပေးသည်။

အက်ဒီဆင်၊ အသက် ၈နှစ် - အနီးအနားတွင်ရှိသောရွာများသို့ အလည်အပတ်သွားခြင်းကိုကျွနုပ်နှစ်သက်သည်။ သူတို့သည် သိုးထိန်းများနှင့် သူတို့စိုက်နိုင်သည့်အရာများပေါ်တွင်အမှီပြုသည့် လယ်သမားများဖြစ်ကြသည်။ ဥပုသ်နေ့တွင်ထရပ်ကားပေါ်ခုန်တက်ပြီးသရက်ပင် အကြီးကြီးတပင်အောက်တွင် ဘုရားရှိခိုးဖို့ဝေးလံသည့်ရွာများဆီသို့မောင်းသွားသည်။ ကျွန်ုပ်တို့သည်ကလေးများနှင့်သူတို့၏ မိဘများတို့ကိုကျမ်းစားထဲရှိပုံပြင်အကြောင်းအရာများနှင့် သီချင်းများတို့ကိုသင်ပေးသည်။ ခရစ်တော်အကြောင်းကိုမသိသည့်ကလေးများအားလုံး၏အကြောင်းကို စဉ်းစားတွေးတောလိုက်သည့်အခါကျွနုပ်ကိုဝမ်းနည်းစေသည်။

ဇိန်း၊ အသက် ၁၀နှစ် - နွေရာသီအတောအတွင်းတင်အနီးအနားတွင်ရှိသည့်မြစ်ထဲတွင်ရေကူးရသည်ကို ကျွန်ုပ်ကြိုက်နှစ်သက်မိသည်။ သို့သော်ရေမြင်းများတို့က ကျွန်ုပ်တို့ရေကူးသည့်မြစ်ထဲဝင်ရောက်နေရာယူသောကြောင့် မြစ်ထဲရှိ ရေတို့ကိုပြောင်းလဲရမည်ဖြစ်သည်။ ရေမြင်းတို့သည်အန္တရယ်ရှိသည်၊ ထိုကြောင့် သူတို့နှင့်အတူ ကျွနပ်တို့ရေမကူးနိုင်ပါ။ လေးနှင့်မြှားတို့ကဲ့သို့သောအရာတို့ကို ပြုလုပ်ခြင်းကို ကျွန်ုပ်နှစ်သက်သည်။ ချတ်ဒ်မှသူငယ်ချင်းများတို့သည် စွန့်ပစ်ထားသောပစ္စည်းများတို့မှ ကားများနှင့်လေယာဉ်ပျံများတို့ကဲ့သို့ပင်လျှင်အံ့ဩဖွယ်ရာ အကောင်းဆုံးသောအရာများက သူတို့ပြုလုပ်နိုင်ကြသည်။ ဤနေရာတွင်ရှိသော အများဆုံးသောသူတို့သည် ခရစ်တော်အကြောင်းကိုမသိကြပါ၊ သို့ဖြင့် ခရစ်တော်သူတို့ကိုချစ်ကြောင်း လူများတို့အားပြောပြခြင်းကို ကျွန်ုပ်နှစ်သက်သည်။

လိုင်အောလ်၊ အသက် ၁၃နှစ် - ဤနေရာတွင် ပြုလုပ်စရာအများကြီးရှိသည်။ ကျွန်ုပမိခင်ကခွဲစိတ်မှုအများကြီးကိုပြုလုပ်သည်။ ကျွန်ုပ်၏ဖခင်က ဖျားနာသည့်သူများကိုစောင့်ရှောက်ကုသပေးပြီး၊ ဆေးရုံချောချောမွေ့မွေ့လည်ပတ်ဖို့ကြည့်ရှုပေးသည်။ သူသည်ကျွန်ုပ်တို့ကိုလည်း အိမ်တွင်စာသင်ပေးသည်။ ဤနေရာတွင် ပျော်ရွှင်စရာများရှိသည်၊ သို့သော်ကျွနပ်တို့၏အလုပ်သည်အလေးအနက်အရေးတကြီး လုပ်ဆောင်ရသည့်အလုပ်ဖြစ်ပြီးလူတိုင်းခရစ် တော်ကိုကျွန်ုပ်တို့သိစေချင်သည်။ သင်၏ဆယ်ဖို့တစ်ဖို့နှင့် ပေးလှူဖို့ ဘုရားနှင့် ကတိပေးထားသည့်ကတိပေးအလှူငွေများတို့ကို သင်ပေးသည့်အခါတွင် ကမ္ဘာအနှံ့ရှိသာသနာပြုများနှင့် ကမ္ဘာလုံးဆိုင်ရာရှေ့တန်းသာသနာအမှုဆောင်တို့ အပါအဝင်အယောက် ၄၀၀ တို့ကို ထိုအလှူငွေများတို့အထောက်အကူပြုဖို့ ကူညီပေးသည်။ ဘုရားရှင်အကြောင်းလူများတို့ကို ကျွန်ုပ်တို့သင်ပေးရာတွင် ထောက်ပံ့ပေးနေခြင်းကို

ကျေးဇူးတင်ပါသည်။ ခြုံငုံပြီးပြောရမည်ဆိုလျှင်၊ ဤကဲ့သို့ဖြစ်သောကြောင့် ကျွန်ုပ်တို့ဤနေရာတွင်ရှိသည်။

-----ooo-----

ဥပုသ်အပတ်စဉ် (၄၂)

အောက်တိုဘာလ (၂၁)ရက်၊ ၂၀၂၃

## ချီလီ - ဆီဘက်ရှန်၏ဘုရားရှင်အတွက်ရည်မှန်းချက်

ဆီဘတ်ရှန်းသည် ဘော်လုံးကန်ရသည်ကိုကြိုက်နှစ်သက်သည်၊ သို့ဖြစ်သောကြောင့် ချီလီနိုင်ငံ၊ စင်တီယာဂိုမြို့၊ သူတို့နေအိမ်အနီးတွင်ကမ္ဘာလုံးဆိုင်ရာသာသနာအသက်တာမြော်လင့်ခြင်းဌာနတွင် ဘောလုံးသင်တန်းအတွက်သူ့ မိဘများစာရင်းပေးသူ့နာမည်ထည့်ပေးသည့်အခါတွင် သူစိတ်လှုပ်ရှားသည်။ ဆီဘက်ရှန်သည်အလုပ်ကြိုးစားလုပ်ပြီး၊ သူ၏ကျွမ်းကျင်မှုသည် အလျင်အမြန်တိုးတက်လာသည်။ သူ၏နည်းပြများတို့သည်တစ်နှစ်အတွက်သာသနာလုပ်အားပေးများအဖြစ် အသက်တာမြော်လင့်ခြင်းဌာနတွင်အမှုတော်ဆောင်နေသည့်လူငယ်များဖြစ်ကြသည်။ မကြာမီတွင်ပင်သူဟာ ဘောလုံးထက်မကသောအရာကိုသင်ယူနေသည်ဆိုသည်ကို သူသဘောပေါက်မိသည်။ ဆီဘက်ရှန်သည်အဆိုပါလုပ်အားပေးသာသနာပြုများမှတဆင့် ခရစ်တော်နှင့်ရင်းနှီးလာခဲ့သည်။ သူ၏မိဘများကို ခရစ်တော်သူ၏အသစ်သောချစ်ခြင်းမေတ္တာဝေငှဖို့ သူစိတ်ပြင်းပြခဲ့သည်။

ထို့ကြောင့်နေ့တိုင်း ဘောလုံးသင်တန်းပြီးသည့်အခါ၊ သူ၏မိဘများနှင့်အတူအိမ်သို့ လမ်းပြန်လျှောက်စဉ်တွင် ဆီဘက်ရှန်သည်သူ၏မိဘများတို့ကို ခရစ်တော်အကြောင်းနှင့်ပတ်သက်သည့်အရာကိုပြောပြသည်။

ထို့နောက် ဆီဘတ်ရှန်၏အဖွားက အလွန်နေမကောင်းဖြစ်သည်။ ဆီဘတ်ရှန်အလွန်မှုပင်စိတ်သောကရောက်သည်။ အသက်တာမြော်လင့်ခြင်း ဌာနတွင်ရှိသူ၏သူငယ်ချင်းတို့ကိုသူပြောပြသည်။ ဌာန၏အပြင်သို့အရောက် လှမ်းခြင်းအစီအစဉ်ကိုဦးဆောင်သူဓမ္မဆရာကဘေးဇာနှင့်သူ၏အမှုဆောင်များတို့သည်သူတို့နှင့်အတူ ဆုတောင်းပြီးအားပေးဖို့ရန် မိသားစုထံလည်ပတ်ခြင်း စတင်ပြုလုပ်သည်။

ဆီဘတ်ရှန်၏မိဘများတို့သည် ဤလည်ပတ်ခြင်းများကို သူတို့ပျော်ရွှင်ကြပြီး၊ အဆုံးတွင်သူ၏မိသားတို့သည် ကျမ်းစာလေ့လာဖို့တောင်းဆိုသည်။ အချိန်အတော်ကြာပြီးနောက်တွင် ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်သည် သူတို့၏စိတ်နှလုံးကိုရယူနိုင်ခဲ့ပြီး၊ သူတို့နှစ်ခြင်းမင်္ဂလာခံယူကြသည်။ ဆီဘက်ရှန်၏အဖွားသည် သူမ၏ခွန်အားပြန်လည်ရရှိလာသည်။ မိသားစုသည် အသက်တာ မြော်လင့်ခြင်းဌာနရှိ လုပ်အားပေးများတို့ပြသသည့်ခင်မင်မှုနှင့်ဂရုစိုက်မှုအတွက် ထာဝရပတ်လုံး ကျေးဇူးတင်ကြသည်။ ဤလုပ်အားပေးများ

တို့သည် ရပ်ကွက်အတွင်းတွင်မြော်လင့်ခြင်းအလင်းတိုင်များဖြစ်ဖို့ သူတို့၏အချိန်ကိုကိုယ်ကျိုးမငဲ့စွာ ဖြင့်ပေးပစ်လိုက်ကြသည်။

ဓမ္မဆရာကဘေးဇာကပြောသည်မှာ၊ 'ဒီလုပ်အားပေးများဟာသူတို့ရရှိသည့်လက်ဆောင်များ၊ စွမ်းရည်များနှင့် တတ်ကျွမ်းမှုများတို့ကို တခြားသူများအားပေးဖို့ ဆန္ဒရှိနေကြတယ်။ ကျွန်တော်တ့မှာ ကျွန်တော်တို့၏အိမ်နီးချင်းများကို ကျွန်တော်တို့ထံရောက်ရှိလာစေသည့် ချက်ပြုတ်ခြင်း၊ ဘာသာစကားသင် ကြားပေးခြင်း၊ ကာယလေ့ကျင့်ခြင်းစသည့် အလုပ်ခွင်သင်တန်းအမျိုးမျိုးရှိတယ်။ ဒီအပြင်သို့အရောက်လှမ်းခြင်းအစီအစဉ်များတို့သည်ကျွန်တော်တို့ရဲ့အိမ်နီးချင်းများနှင့်တွေ့ဆုံပြီး ခရစ်တော်၏နည်းများကိုအသုံးပြုကာသူတို့ကိုသင်ကြားပေးဖို့ အထောက်အကူပေးတယ်။ (ကုသခြင်းသာသနာ စာ ၁၇)။ ဒီသင်တန်းများမှတဆင့် လူတော်တော်များတို့သည် မြော်လင့်ခြင်းအသင်းသားများနှင့် ရောနှောသွားလာနိုင်ပြီး ဘုရားရှင်ကိုသိရှိနိုင်တယ်။'

ဆီဘက်ရှန်သည်မိဘများတို့၏အသစ်သောအသက်တာအကြောင်းနှင့် ပတ်သက်ပြီးပြောဆိုကြသည်ကိုသူနားထောင်ရသည့်အခါအလွန်မှပင်ဝမ်းသာမိသည်။ 'အသက်တာမြော်လင့်ခြင်းဌာနဟာ ကျွန်တော်ရဲ့စိတ်နှလုံးထဲမှာ ဘုရားရှင်၏နှုတ်ကပတ်တော်စကားများရှိဖို့ကူညီပေးတယ်။ အခုမှာ ကျွန်တော်ရဲ့မိသားစုဟာ အတူအကွကောင်းကင်နိုင်ငံတော်ကိုသွားနိုင်ပါပြီ။' ဟုသူပြောသည်။

သင်၏ဆယ်ဖို့တစ်ဖို့နှင့် မှန်မှန်နှင့်သစ္စာရှိရှိထည့်ဝင်သည့်ကတိပေး သည့်လှူငွေများတို့ပေးခြင်းကို ကျေးဇူးတင်ခြင်းနှင့်အတူ မြော်လင့်ခြင်းအသင်းတော်၏အပြင်သို့အရောက်လှမ်းခြင်းအဖွဲ့အစည်းများတို့သည် နေ့တိုင်းကမ္ဘာအနှံ့ လူများကိုခရစ်တော်ထံသို့ဦးဆောင်လမ်းပြနေပါသည်။ သင်၏သစ္စာရှိသောပေးလှူခြင်းအတွက်ကျေးဇူးတင်ပါသည်။

-----ooo-----

ဥပုသ်အပတ်စဉ် (၄၃)

အောက်တိုဘာလ (၂၈)ရက်၊ ၂၀၂၃

## အစ္စရေး - ဤအရာကိုလူသားကမပြုလုပ်ခဲ့ပါ

ခရစ်ယာန်ကိုဆန့်ကျင်သည့်ဩဇာအားကောင်းသောမိသားစုထဲမှမိသားစုဝင်တစ်ဦးဖြစ်သည့်ဝီဆမ်းသည် အစ္စရေးနိုင်ငံ၊ နာဇရက်မြို့တွင်နေထိုင်သည်။ သူ၏ညီမဖြစ်သူသည် ဥရောပတွင်ကျောင်းတက်နေရင်း ခရစ်ယာန်ဖြစ်လာသောအခါ မိသားစုသည် သူမကိုသတ်ပစ်ရန် ဝီဆမ်းအားစေလွှတ်လိုက်သည်။ ဝီဆမ်းသည် သူ၏ညီမကိုချစ်ပြီး သူမ၏ယုံကြည်မှုအသစ်ကို စွန့်လွှတ်ဖို့ရန် ဖြောင်းဖြမည်ဟုသူမျှော်လင့်သည်။ သူမဆီရောက်ပြီတွေ့ရှိသောအခါ၊ သူမကိုသူကသတ်ဖို့ မိသားစုက သူ့ကိုအလိုရှိသည်ဟုသူမ

အားသူကပြောပြသည်။ သူ့ကိုဥရောပတွင်နေထိုင်ပြီးဩစတြီးယားရှိ မြော်လင့်ခြင်းအသင်းကျောင်းတွင် စာသင်ကြားတက်ရောက်ဖို့ သူမက သူ့ကိုအကြံပြုသည်။

ဝီဆမ်းသည် ခရစ်ယာန်များကို သူ၏ဘာသာသို့ပြောင်းလဲနိုင်လိမ့်မည်ဟု မျှော်လင့်ကာထိုအကြံကိုသူနှစ်သက်သည်။ သို့သော်ဝီဆမ်းသည် ခရစ်တော် အကြောင်းကိုစိတ်ပါဝင်စားမှုကြီးထွာလာပြီးနှစ်မကုန်ဆုံးမီတွင် ခရစ်တော်ကို သူ၏ကယ်တင်ရှင်အဖြစ်လက်ခံကာ သူနှစ်ခြင်းမင်္ဂလာခံယူခဲ့သည်။

ဝီဆန်နာဇရက်မြို့သို့ပြန်သွားပြီး သူ၏ညီမကို သူ မသတ်ခဲ့ကြောင်း ဦးလေးဖြစ်သူကိုပြောပြသည်။ စိတ်ဆိုးသောကြောင့်ခဲနှင့်ပစ်ကြဟုအော်ပြောသည်။ အမျိုးသားများတို့သည် ဝီဆမ်းကိုကျောက်ခဲများနှင့်ပစ်ပေါက်လိုက်ကြသည်မှာ ဝီဆမ်းမေ့လဲကျသွားသည်အထိပင်ဖြစ်သည်။ ကရုဏာသက်မိသောကြောင့်၊ ဝီဆမ်းဖခင်ဖြစ်သူသည် ဝီဆမ်းကိုဆေးရုံသို့ခေါ်သွားဖို့သူ၏တခြားသားများကို အမိန့်ပေးလိုက်သည်။ ဆေးရုံမှဆင်း၍အိမ်ပြန်ရောက်လာသောအခါအစ္စရေးကနေထက်ခွာဖို့ ဝီဆမ်းကိုသူ၏မိဘများကတိုက်တွန်းသည်။

သင်းအုပ်ဆရာနှင့်ပတ်သက်သော သင်ကြားမှုကိုပြီးစီးအောင်ပြုလုပ်ဖို့ ဝီဆမ်းသည်ဩစတြီးယားသို့ပြန်လာသည်။ နာဇရက်မြို့ဖြစ်သည့် သူ၏နေရပ်မြို့တွင်သင်းအုပ်ဆရာထမ်းဆောင်ဖို့သူ့ကိုမခေါ်မီတွင်ဥရောပရှိအသင်းတော်အမြောက်အမြား၌ သင်းအုပ်ဆရာတာဝန်ကို ထမ်းဆောင်ခဲ့သည်။

ဝီဆမ်း၏ဝမ်းကွဲညီအစ်ကိုများတို့သည် ဝီဆမ်းပြန်ရောက်လာသည်ကို သိရှိသောအခါ၊ သူ့ကိုတိုက်ခိုက်ဖို့လူစုတစ်ဖွဲ့ကိုသူတို့ဦးဆောင်လာသည်။ ဝီဆမ်းသည်သူ့ကိုရန်လိုသည့်သူများကိုရင်ဆိုင်လိုက်သော်လည်း တိုက်ခိုက်ဖို့ငြင်းဆန်သည်။ လူစကနေဝီဆမ်းသည် အဝေးသို့ပြန်လှည့်ထွက်သည့်အခါတွင်၊ သူ၏ဝမ်းကွဲတယောက်သည်ကြောက်ဖွယ်ကောင်းသည့်ဓါးကိုမြှောက်လိုက်ပြီးသူ၏နောက်ကျောကိုထိုးချလိုက်သည်။ ဓါး၏သွားသည် ၉၀ ဒီကရီအနေအထားသို့ကွေးသွားသည်။ ကွေးသွားသည့်သူ၏ဓါးကို မြင်လိုက်သည်နှင့် သူ၏ဝမ်းကွဲသည် သူ၏ဓါးကိုပစ်ချလိုက်သည်။ ဝီဆမ်း၏အစ်ကိုက သုံးမရတော့သည့်ဓါးကိုကိုင်လိုက်ကာ 'အခုဘုရား၏လူကိုသတ်ဖို့ကြိုးစားလိုက်လေ။' ဟုပြောသည်။ ဝမ်းကွဲထဲမှတစ်ယောက်က 'အကယ်၍နင့်ကိုငါမသတ်ရရင်၊ ငါသေလိမ့်မယ်။' ဟုအော်ပြောသည်။

လအနည်းငယ်ကြာပြီးနောက်တွင်သူ့ကိုခြိမ်းခြောက်သည့်ဝမ်းကွဲနှစ်ယောက်သည်ထရပ်ကားတစ်စီးနှင့်ထိပ်တိုက်ရင်ဆိုင်ထိတွေ့ကာ အသက်သေဆုံးသွားကြသည်။ ဤဝမ်းနည်းဖွယ်ကောင်းသည့် မတော်တဆဖြစ်ပျက်မှုသည် ရပ်ကွက်အတွင်းတွင် အတော်ကြီးသည့်သက်ရောက်မှုတစ်ခုဖြစ်စေသည်။ ဝီဆမ်း၏ယုံကြည်ခြင်းကို တော်တော်များများတို့ကမေးခွန်းထုတ်ကြသည်။

နောက်ဆုံးတွင်ဝီဆမ်းသည် သူ၏သင်ကြားသည့်စာအုပ်အဖြစ် ကျမ်းစာအုပ်ကို အသုံးပြုပြီးအင်္ဂလိပ်စာကို သူသင်ကြားပေးသည့်နာဇရက်မြို့တွင်မြို့တွင်း အများနှင့်ရင်းနှီး ဆက်ဆံမှုရှိသည့် နေရာကိုဖွင့်လှစ်လိုက်သည်။ တော်တော်များများသောသူတို့သည် ဤဘုရား၏လူနှင့် အင်္ဂလိပ်စာကိုသင်ချင်ကြသည်။

ဝီဆမ်း၏အသက်တာသည်နာဇရက်တွင် တောက်ပသောအလင်းတစ်ခုဖြစ်သည်။ သူ၏အလုပ်ကိုဖြစ်မြောက်ဖို့အခြေအနေပေးသည်၊ အဘယ်ကြောင့် ဆိုသော်ကမ္ဘာအနှံ့တွင်ရှိသောယုံကြည်သူများတို့သည် ဘုရား၏ဆယ်ဖို့တစ်ဖို့ကို ပြန်လည်ပေးအပ်ပြီးသစ္စာရှိရှိသူတို့၏ပံ့ပိုးမှုအလှူငွေများကိုပေးသောကြောင့် အမျိုးသားအမျိုးသမီးများတို့ကိုကမ္ဘာအဝှမ်းရှိ ခက်ခဲသောနေရာများတွင် ဘုရားရှင်၏အစေကိုခံရန် လေ့ကျင့်သင်ကြားပေးနိုင်သည်။ သစ္စာရှိရှိပေးကြပါစို့၊ သို့မှ လူတော်တော်များများသည် အမှုတော်ထမ်းဆောင်နိုင်မည်ဖြစ်သည်။

-----ooo-----

## ဥပုသ်အပတ်စဉ် (၄၄)

နိုဝင်ဘာလ (၄)ရက်၊ ၂၀၂၃

## ကနေဒါ - မြော်လင့်ခြင်း၏အမြင်တစ်ရပ် (မျက်မမြင်ဘုရားကျောင်း)

နီးနာနှင့်သူမ၏ခင်ပွန်းခယ်ဗင်တို့သည် ကနေဒါနိုင်ငံ၊ တိုရွန်တိုမြို့ရှ အထပ်မြင်အဆောက်အဦးတိုက်ခန်းတွင် နေထိုင်ကြသည်။ အနေအထားတော်တော်များများတွင် ပံ့ပိုးမှုအသက်တာတစ်ရပ်ဖြင့်သူတို့နေထိုင်ကြသည်။ သို့သော် တစ်ခုကမတူကွဲပြားခြားနားသည်။ နီနာနှင့်ခယ်ဗင်တို့သည် အမြင်အာရုံချို့တဲ့ သူများဖြစ်ကြသည်။

မြင်တွေ့နိုင်သောသူတို့သည် မျက်မမြင်သည့်သူများကို နားလည်ပြီးချီးကျူးရမည်ကိုသူတို့မသိကြပါဟုခယ်ဗင်ကပြောသည်။ 'ကျွန်တော်တို့ဟာ သူတို့အနီးအနားမှာမရှိသလိုဘဲ။' မြင်တွေ့နိုင်သောသူများကို ကျွန်တော်ပြောချင်သည်မှာ ကျေးဇူးပြု၍ ကျွန်တော်တို့နဲ့စကားပြောပါ။ ကျွန်တော်တို့ကိုသိအောင်လုပ်ပါ။'

လွန်ခဲ့သောနှစ်များစွာအချိန်တွင် နီးနာနှင့်ခယ်ဗင်တို့သည်မျက်မမြင်များအတွက် မြော်လင့်ခြင်းဘုရားကျောင်းကို ထူထောင်ရာတွင်ကူညီပေးဖို့ တောင်းဆိုခြင်းခံရသည်။ အသင်းတော်၏ရည်မှန်းချက်ပန်းတိုင်မှာ ခရစ်တော်ထံသို့ မျက်မမြင်များကို ဘုရားရှင်၏နှစ်သက်ဖွယ်ကောင်းသောကျေးဇူးတော်အားဖြင့် ဦးဆောင်လမ်းပြပေးဖို့နှင့် စိတ်ပိုင်းဆိုင်ရာ နှင့်ဝိညာဉ်ရေးပိုင်းဆိုင်ရာကုထုံးနှင့် မြော်လင့်ခြင်းတို့ကိုပံ့ပိုးပေးဖို့ဖြစ်သည်။

ယခုမြော်လင့်ခြင်းအမြင်အာရုံအသင်းအဖြစ်သိရှိသည့်အဖွဲ့သည် ထိုလိုအပ်ချက်များကိုဖြည့်ဆည်းပေးဖို့ဖွဲ့စည်းထားသည်။ ယနေ့ဧည့်သည်အသစ်များ မှန်မှန်ပင်ဖွင့်ထား

သောတံခါးများမှတဆင့်ရောက်ရှိလာသည်။ အဘယ်ကြောင့်ဆိုသော် ဤနေရာသည်သူတို့ ကိုကြိုဆိုပြီးလုံခြုံသည့်စိတ်ခံစားမှုကိုဖြစ်စေသည်ကိုသူတို့သိရှိသည်။ ယခု ၎င်း၏ကိုယ်ပိုင် အသင်းတော်နှင့်အတူ မြော်လင့်ခြင်းအမြင်အာရုံအသင်းသည် မမြင်ရသည့်သူများကို ကူညီစောင့်ရှောက်ရန် ပို၍များသောနည်းလမ်းများနှင့် တံခါးကိုဖွင့်ထားနိုင်ပြီဖြစ်သည်။

'နေ့တိုင်းသူတို့ရင်ဆိုင်နေရသည့်စိန်ခေါ်မှုများမှ ခိုလှုံဖို့လိုအပ်သည့် အမြင်ချို့တဲ့ သည့်သူအမြောက်အမြားရှိသေးတယ်။' ဟု နီးနာထပ်ပြောသည်။ 'သူတို့ကိုကြိုဆိုပြီး ချစ်ပေးတာကို ကျွန်မက ခံစားမိစေချင်တယ်။'

ဘုရားကျောင်းအများဆုံး တက်ရောက်ကြသည့် အများဆုံးသောသူတို့သည် မြော်လင့်ခြင်းအသင်းသူအသင်းသားများမဟုတ်ပါ။ သူတို့လာကြသည်၊ အဘယ်ကြောင့် ဆိုသော် ထိုနေရာသည်လုံခြုံသည်ဟုသူတို့ခံစားမိသောကြောင့်ဖြစ်သည်။ ဘုရားရှိခိုးဖို့လာ ရောက်သည့်လူစုသည် ကျွန်မတို့ရပ်ကွက်၏ ဝိညာဉ်ရေးနှင့်ဆိုင်သောလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်းထက်ကျော်လွန်သည်။ တချို့သောသူတို့၏ ကာယပိုင်းဆိုင်ရာလိုအပ် ချက်များကိုလည်း ကျွန်မတို့ကူညီပေးသည်။ ထူထောင်သည့်အဖွဲ့ဝင်များထဲမှတယောက် ဖြစ်သည့် ပက်ထ်က အိမ်သို့ယူသွားဖို့အဖွဲ့ဝင်များအတွက် အစာအိတ်များကိုပြင်ဆင်ပေး သည်။ 'အများဆုံးဖြစ်သောကျွန်မတို့၏အဖွဲ့ဝင်များတို့ဟာ အသက်တာ၏ အခြေခံလိုအပ် မှု တချို့ကိုမတတ်နိုင်ကြဘူး' ဟုပက်ထ်ကပြောသည်။ တချို့ကအစားအစာများကို အခမဲ့ ပေးသည့်နေရာများပေါ်တွင်အမှီပြုကြတယ်၊ သို့သော်ထိုနေရာသို့ သူတို့ အမြဲတမ်းမသွား ရောက်နိုင်ဘူး။ ဒါကြောင့် သူတို့ရဲ့လိုအပ်ချက်တွေကိုရရှိဖို့နဲ့ သူတို့ရဲ့အသက်တာများ မှာညီမျှမှုကို ယူဆောင်လာပေးဖို့ကျွန်မတို့ကြိုးစားပြီး ကူညီပေးတယ်။'

ခရစ်တော်ဟာအမြင်ချို့တဲ့သူများနှင့်အကြားအရုံချို့တဲ့သည့်သူများကို ထိတွေ့ပြီး သူတို့ကိုချို့တဲ့မှုမှပျောက်ကင်းစေပြီးသူ့နောက်သို့လိုက်ရန်သူတို့ကိုခေါ်သည်။ ဘုရားရှင် သည် ကျွနုပ်တို့ကိုထိုနည်းလည်းကောင်းအတိုင်းပြုလုပ်စေချင်သည်။ ဘုရားရှင်သည်သူ၏ နောက်လိုက်များကို သူတို့၏ဆယ်ဖို့တစ်ဖို့ ကိုပေးအပ်ရန်နှင့် သူတို့၏လစာရရှိပြီးသည့် အချိန်တိုင်းပုံမှန်နှင့် စနစ်တကျဖြစ်သည့် အလှူငွေများတို့ကိုတနည်းအားဖြင့်ခေါ်သည့် ကတိပေးသည့်အလှူငွေတို့ကိုပေးဖို့သူတောင်းဆိုသည်။ အလှူငွေကိုအသင်းတော်ကိုပေး ခြင်းမဟုတ်ဘဲဘုရားရှင်ကိုပေးခြင်းဖြစ်ပြီး သင့်တော်သည်ဟုသူမြင်သည့်အတိုင်း ပြည်တွင်း အလိုက်၊ ဒေသအလိုက်နှင့်အပြည်ပြည်ဆိုင်ရာအလိုက် ထိုအရာကိုအသုံးပြုဖို့ ဘုရားရှင် ကိုယုံကြည်ကိုးစားပါ။ 'အပြန်အလှန်အားဖြင့် သူ၏ကြွယ်ဝမှုအတိုင်း ကျွန်ုပ်တို့၏လိုအပ် ချက်အားလုံးကိုထောက်ပံ့ပေးဖို့ သူကတိပေးပြီး (ဖိလိပ္ပိ၄း၁၉) ခရစ်တော်၏ခြေတော်ရင်း တွင်သွားဖို့လမ်းကိုရှာတွေ့ဖို့ရန်ခရစ်တော်ကိုမသိရှိသေးသည့်သူများကိုဆွဲယူဖို့ ကျွန်ုပ်တို့

ယုံကြည်ချက်ဖြစ်သည်။ စိတ်ပါစွာဖြင့် ကျွန်ုပ်တို့ပေးပြီးကောင်းကြီးမင်္ဂလာ ကြွယ်ဝစွာဖြင့်ရ ရှိခံစား ကြရအောင်။

-----ooo-----

## ဥပုသ်အပတ်စဉ် (၄၅)

နိုဝင်ဘာလ (၁၁)ရက်၊ ၂၀၂၃

## သင်၊ မည်သည့်အရာကိုဆက်ကပ်ပေးလှူမှာလဲ

သင်စွန့်စားရမည့်အရာဖြင့် တစ်စုံတစ်ယောက်၏ အသက်ကိုသင်ကယ်တင်ရမည်ဆိုလျှင်၊ သင်ပြုလုပ်လိမ့်မည်လား။ အကယ်၍ထိုလူသည်သူစိမ်းတစ်ယောက်ဖြစ်ခဲ့လျှင် သင်၏အသက်ကိုစွန့်ပြီးသူတို့ကိုကယ်တင်မည်လား။ သင် တစ်ရက်စာ(သို့)တစ်ပတ်စာအတွက် သင်ပျော်ရွှင်မည့်အရာတစ်စုံတစ်ခုအတွက် လက်လျှော့လိုက်ပြီးတစ်စုံတစ်ယောက်၏ အသက်တာကိုခြားနားမှုတစ်ရပ်သင်ပြုလုပ်နိုင်ခဲ့မည်ဆိုလျှင်၊ သင်ပြုလုပ်မည်လား။ မည်သည့်အရာကို သင်လက်လျှော့လိုက်မည်နည်း။ အနှစ်သက်ဆုံးအစာလား။ ဖိနပ်သစ်တစုံလား။ နေ့တနေ့၏ဝင်ငွေလား။ ဤတပတ်တွင်မည်သည့် အရာကိုသင်လက်လျှော့နိုင်လိုက်ပြီး သင်မသိရှိသောတစ်စုံတစ်ယောက်သောသူသည် ခရစ်တော်ကိုစတင်သိရှိလာနိုင် မည့် အကြောင်းနှင့်ပတ်သက်၍ စဉ်းစားပါ။

သန့်ရှင်းသောဝိညာဉ်တော်၏ နှိုးဆော်တိုက်တွန်းမှုအားဖြင့်ပေးလှူသည့်အထူး (သို့) ဆက်ကပ်ပေးလှူသည့် အလှူငွေများအကြောင်းနှင့် နောက်ထပ် (သို့) ထိုထက်ကျော်လွန်သည့် ကျွန်ုပ်တို့၏မှန်မှန်နှင့်စနစ်တကျစမံပေးလှူသည့် ကတိပေးထားသည့်အလှူငွေများနှင့်ပတ်သက်၍ ကျွန်ုပ်တို့ပြောဆိုနေခြင်းဖြစ်သည်။ အကယ်၍သင်ပေးမည့်အရာသည်နည်းမည်ဆိုလျှင် မတော် ၂၀၀၀၀ ကျပ် (၁၀ဒေါ်လာ) ဖြစ်မည်ဆိုလျှင်၊ ထိုပမာဏသည် သူတို့၏ဘာသာစကားဖြင့်ထုတ်သည့်ခရစ်တော်အကြောင်းနှင့်ပတ်သက်ပြီး တစ်စုံတစ်ယောက်ကိုပြောပြသိစေမည့်ကျမ်းစာအုပ် (သို့) အပြင်သို့ဖြန့်ဝေနိုင်မည့်စာအုပ် ၅ အုပ်လောက် ကိုဝယ်ယူနိုင်လိမ့်မည်ဖြစ်သည်။ အကယ်၍သင်သည် ငွေ ၅၀၀၀၀ ကျပ် (၂၅ဒေါ်လာ) ပေးလျှင်၊ သင်၏အလှူငွေသည် ကျန်းမာစွာနေထိုင်သောအသက်တာနှင့်ပတ်သက်ပြီး ဆွေးနွေးပွဲတစ်ခုကိုထောက်ပံ့ပေးဖို့ ကူညီနိုင်လိမ့်မည်ဖြစ်သည်။ အကယ်၍သင်၏တရက်တာဝင်ငွေကို ပေးသင့်သည်ဟုသင်ခံစားမိလျှင်၊ ခရစ်တော်အကြောင်း တစ်ခါမျှမကြားဖူးသေးသည့်မြို့တမြို့တွင်သွားရောက် အမှုထမ်းဆောင်သည့် ကမ္ဘာလုံးဆိုင်ရာ ရှေ့တန်းသာသနာအမှုဆောင်တစ်ဦးကို သင်ထောက်ပံ့ပေးနိုင်လိမ့်မည်ဖြစ်သည်။ မည်သည့်ပမာဏဖြစ်သင်ပေးလှူသည်ဖြစ်စေ၊ သင်ဆက်ကပ်ပေးလှူသည့်အလှူငွေသည် ခရစ်တော်အကြောင်းနှင့်ပတ်သက်၍တခြားသူများအား ပြောပြဖို့အသုံးပြုလိမ့်

မည်ဖြစ်သည်။ နောက်ပြီး သင်၏ဆက်ကပ်ပေးလှူသည့်အလှူငွေသည် ကောင်းကင်နိုင်ငံအတွက် သင်ပေးလှူခဲ့သည့်သူကိုထိုနေရာတွင်ဆုံတွေ့ဖို့ရန် ဖြစ်နိုင်လိမ့်မည်ဆိုသည်ကို သင်စဉ်းစားပါ။

မည်သည့်ပမာဏကို ဆက်ကပ်ပေးလှူမည်ဆိုသည်ကို သင်ဆုံးဖြတ်နိုင်သည်။ သို့မဟုတ်သင်ပုံမှန်ပေးသည်ဆယ်ဖို့တစ်ဖို့နှင့်အလှူငွေများထကကျော် လွန်ပြီးဤအပတ်တွင်ဘုရားရှင်အတွက် မည်သည့်အရာပမာဏကိုဆက်ကပ် ဖို့ဘုရားရှင်အလိုရှိသလဲဆိုသညကို ဘုရားရှင်ထံတောင်းဆိုပါ။ သင်တောင်းလျှောက်ပြီး သူပြန်ပြောမည့်အရာကို သင်နားထောင်ပါ။ သူ့ကိုသင်ယုံကြည်ကိုး စားသောကြောင့် သင်၏လိုအပ်ချက်များတုကို ဘုရားရှင်ပေးလိမ့်မည်ဆိုသည်ကို ယုံကြည်စိတ်ချလိုက်ပါ။

ကျွန်ုပ်တို့ဆက်ကပ်ပေးလှူကြသောကြောင့် တစ်စုံတစ်ယောက်ဟာ တနေရာရာတွင်ခရစ်တော်ကိုသိလာလိမ့်မည်။ အိမ်ယာမဲ့သည့်မိသားစုတစ်စုသည် အစာနောက်တနပ်စာအတွက်တောင်းစားဖို့လိုလိမ့်မည်မဟုတ်ပါ၊ (သို့) မတော် ချမ်းသာကြွယ်ဝသည့်မိသားစုတစ်စုသည် သူတို့၏ကြွယ်ဝမှုသည် ခရစ်တော်မပါရှိလျှင် မည်သည့်အဓိပ္ပါယ်မှ မရှိသည်ကို သူတို့သိရှိနိုင်လိမ့်မည်တို့ဖြစ်သည်။ သူတို့အတွက်သင်ဆက်ကပ်ပေးလှူမည်လား။ မည်သည့်ပုဂ္ဂိုလ်အတွက်မဆို သူတို့၏ဝိညာဉ်သည်မည်မျှတန်ဖိုးရှိသနည်း။ သူတို့အတွက်နှင့်သင့်အတွက် သူအသေခံခဲ့သည့်အတွက် ခရစ်တော်အတွက်ဆိုလျှင် မည်သည့်ဝိညာဉ်မဆိုအရာ ခပ်သိမ်းတန်ဖိုးရှိသည်၊

မတော်ယနေ့တွင် သင်ဆက်ကပ်ပေးလှူဖို့အဆင်သင့်မဖြစ်ချင်ဖြစ်လိမ့်မည်။ (သို့) သင် ပိုမို၍ဆက်ကပ်ခဲ့ပြီးဖြစ်သည်ဟုသင်ခံစားမိသည်ဖြစ်မည်။ မည်သည့်အချိန်အခါမဆို သင်၏ဆက်ကပ်ပေးလှူခြင်းကို သင်ပေးနိုင်သည်။ 'နှစ်စဉ်ဆက်ကပ်ငွေ' ဆိုပြီး စာအိပ်ပေါ်တွင်ရေးပြီး ဘုရားရှင်၏ခိုင်မာသည့် ထင်မြင်ယူဆချက်ကိုမချမှတ်မီတွင်ထိုစာအိတ်ကိုပေးလိုက်ပါ။

ဟေဗြဲ ၁၃း၁၆ တွင်ရှင်ပေါလုပြောထားသည်မှာ ဆက်ကပ်ပေးလှူခြင်းသည် ဘုရားရှင်ကိုကျေနပ်စေသည်။ ထိုကြောင့် ကျွန်ုပ်တို့၏ဆက်ကပ်ပေး လှူသည့်အရာများတို့ကို ကောင်းချီးပေးဖို့တောင်းခံကြရအောင်၊ သို့မှသာ ကမ္ဘာလုံးဆိုင်ရာရှေ့တန်းသာသနာအမှုဆောင်များတို့သည် မရောက်ရှိနိုင်သည့်နေရာဒေသများသို့ရောက်ရှိဖို့ ကူညီပေးနိုင်လိမ့်မည်ဖြစ်သည်။

-----ooo-----

ဥပုသ်အပတ်စဉ် (၄၆)

နိုဝင်ဘာလ (၁၈)ရက်၊ ၂၀၂၃

**အမေရိကန် -အလာစကား၊ ဘုရားရှင်၏အလင်းလက်ဆောင်**

ဆန်မီသည် သူ၏အိပ်ယာပေါ်တွင်ကာ အလာစကား၏ညနေဆည်းဆာကို စောင့်ကြည့်နေသည်။ ကျယ်လောင်သည့်တံခါးခေါက်သံသည် သူ့မိဘများ၏ မူးလာသည့် မိတ်ဆွေများရောက်ရှိလာခြင်းဖြစ်သည်ကို အသိပေးလိုက်သည်။ သူ့၏နားနှစ်ဖက်ကို ပိတ်ပြီးအခန်းနောက်တခန်းမှ ထွက်ပေါ်လာသည့်အသံကို အသိကျိုးကျွံပြုဖို့သူကြိုးစားသည့်အခါတွင်သူ၏နှလုံးသည် တဒုန်းဒုန်းမြည်လာသည်။ မကြာပါ၊ ဧည့်ခန်းတွင်အော်ဟစ်ပြောဆိုခြင်း ရုတ်တရက်ပေါ်ထွက်လာသည်။ ထိုင်ခုံများကြမ်းပြင်ကိုတရွတ်တိုက်သွားပြီး လက်သီးနှင့်ခေါင်းကိုထိုးလိုက်သည်။ ဆန်မီသည်ထိုဆူညံသံကိုမခံနိုင်တော့ပါ။ ထိုနောက်ကိုယ်ခန္ဓာထဲမှ သတ္တိထွက်ပေါ်လာသည်။ 'ဒီညတော့မဖြစ်ဘူး။' ဆိုပြီးဆန်မီစဉ်းစားလိုက်သည်။ 'ဒီကနေငါထွက်သွားရလိမ့်မယ်။' ဆန်မီသည် သူ၏အပေါ်ခံအကျီနှင့် ဘွတ်ဖိနပ် ကိုဆွဲယူလိုက်ပြီး ထိုလူအုပ်ကိုတွန်းထုတ်ပြီးတံခါးအပြင်သို့ထွက်လာသည်။

လေအေးလေးသည် သူ၏ပါးပြင်ပေါ်သို့ထိုးနှက်ဝင်လာသောကြောင့် သူ၏အပေါ်ခံအကျီကိုဝတ်လိုက်ပြီး ညစ်ပတ်နေသည့်လမ်းဖက်သို့ ဆင်းလျှောက်သွားသည်။ 'ဘယ်နေရာကိုငါသွားနိုင်မလဲ' ဆိုပြီးတွေးတောလိုက်သည်။ လမ်းကို ဆက်သွားသည့်အခါတွင် အိမ်ရှေ့ဝရံတာတွင်အလင်းကလေးထွန်းထားသည့် အိမ်တအိမ်ကိုသူတွေ့သည်။ ကျမ်းစာသင်သည့်အမှုဆောင်အသစ်များနေထိုင်သည့်အိမ်အဖြစ် သူမှတ်မိသည်။ ထိုဇနီးမောင်နှံသည် ကလေးများဆော့ကစား ဖို့နှင့်ကျမ်းစာပုံပြင်များကိုနားထောင်ဖို့လာရောက်သည့် ကလေးများအတွက် သူတို့အိမ်သို့လာခွင့်ပေးထားသည်ကို သူကြားခဲ့မိပြီးဖြစ်သည်။ ကလေးများ၏ ရယ်သံများတို့သည် လေထဲတွင်ပျံ့လွင့်လာသည်။

သူရပ်လိုက်ဖို့သင့်လား (သို့) ဆက်လျှောက်သွားဖို့သင့်လားဆိုပြီး ဆန်မီစိတ်ထဲတွင်ဒွိဟဖြစ်နေသည်။ တဖြည်းဖြည်းအိမ်တံခါးရှိသည့်ဘက်သို့ လှမ်းသွားလိုက်ပြီးတံခါးခေါက်လိုက်သည်၊ နောက်ပြီး အကယ်၍လိုအပ်လျှင်ပြေး ဖို့ခြေလှမ်းကိုနောက်သို့ဆုတ်လိုက်သည်။ တံခါးကပွင့်သွားပြီးပြုံးရွှင်သည့်မျက်နှာနှင့် အမျိုးသမီးသည်သူ့အားအထဲသို့ဝင်ရန်ခေါ်ဖိတ်သည်။

ဆန်မီသည်အထဲသို့ဝင်လိုက်ပြီး တခြားကောင်လေးတစ်ယောက်နှင့် အတူခင်းထားသည့်စောင်ပေါ်တွင်ထိုင်ချလိုက်သည်။ အမျိုးသမီးပြောသည့်ပုံပြင် ကိုသူနားထောင်သည့်အခါတွင် သူကြောက်ဖို့မလိုသည့် ကွဲပြားခြားသည့်ခရီး လမ်း၏အသက်တာတစ်ရပ်ဟာ ဤနေရာတွင်ရှိသည်ဆိုသည်ကိုဆမ် သဘောပေါက်လိုက်သည်။ ပညာရှိသူများအကြောင်းကိုဖွင့်ပြလာသည်ကို သူနားထောင်သည်။ နောက်ပိုင်းသူအိမ်ပြန်သွားသည့်အခါ၊ ပညာရှိအမတ်များကဲ့သို့ ကြယ်သွားသည့်နောက်ကိုလိုက်ပြီးနောက် မေရှိယအရှင်ကိုရှာတွေ့သွားသကဲ့သို့ ယနေ့ညတွင် ထိုအိမ်၏တောက်ပသည့် မီးအလင်းရောင်နောက်ကို

လိုက်ခဲ့ပြီး သူကလေးလေးတစ်ဦးသာဖြစ်နိုင်သည့် လုံခြုံသည့်နေရာတနေရာကို ရှာတွေ့ခဲ့သည် ကိုသူသဘောပေါက်သိရှိလိုက်သည်။

အာတိတ်စက်ဝန်းထဲရှိအမေရိကန်နိုင်ငံပိုင် အလာစကားကျွန်းတွင်နေထိုင်သည့်လူများသည်တချို့သောဆေးဝါးသုံးစွဲမှု၊ အရက်သေစာကြောင့်နှိပ်စက်မှုနှင့် မိမိကိုယ်ကိုသေကြောင်းကြံစည်မှုနှုန်းအမြင့်မားဆုံးတွင်ရှိသည်။ ဆန်မီသည် အာတိတ်၏ဝေးလံသောရွာများထဲတွင် အမှုတော်ထမ်းဆောင်နေသည့်ကျမ်းစာသင်သည့်အမှုဆောင်များအားဖြင့် အသက်တာများပြောင်းလဲသွားသည့်လူငယ် တော်တော်များများထဲမှတယောက်ဖြစ်သည်။ မှောင်ပြီးစိန်ခေါ်မှုရှိနေသည့်ကမ္ဘာထဲ ခရစ်တော်၏အလင်းကိုတောက်ပပေးဖို့ အာတိတ်သာသနာဝန်ထမ်းကို ဘုရားရှင်ဖိတ်ခေါ်ခဲ့သည်။ ကျွန်ုပ်တို့၏ကတိပေးပြီးလှူဒါန်းသည့်အလှူငွေများတို့၏တစ်စိတ်တစ်ပိုင်းသည် ထိုနေရာနှင့် ကမ္ဘာအနှံ့ဤကဲ့သို့သောအလားတူ သာသနာလုပ်ငန်းများကိုခရစ်တော်အတွက်သူတို့ဆီရောက်ရှိဖို့ရှာဖွေသည့်အမှုဆောင်များအားဖြင့် အလာစကားတွင်ရှိသော ကလေးသူငယ်များဂရုစိုက်ခြင်း သာသနာကိုပံ့မှန်ပံ့ပိုးပေးသည်။ (ဝေးလံသည့်မွေးရပ်ဌာနေရွာများတို့သည် သီးခြားဖြစ်ပြီး၊ လမ်းများပို့ဆောင်သွားလာခြင်းဖြင့်မရောက်ရှိနိုင်သော အလာစကား၏ဒေသတခုဖြစ်သည်။) ဤအကြောင်းအရာကိုရေးသားသော တယ်ဒိပါကင်းသည် အမေရိကန်နိုင်ငံ သတ္တမနေ့အသင်းတော်၏အလာစကားကွန်ဖရင့်တွင် အာတိတ်သာသနာစွန့်စားမှုအတွက် ဖွံ့ဖြိုးရေးတွင်ဆောင်ရွက်နေသော ညွှန်ကြားရေးမှူးတစ်ဦးဖြစ်သည်။

-----ooo-----

ဥပုသ်အပတ်စဉ် (၄၇)

နိုဝင်ဘာလ (၂၅)ရက်၊ ၂၀၂၃

## နာမည်မဖော်သောတိုင်းပြည် - စာတန်သည်သူမကိုမတို့ထိနိုင်ခဲ့ပါ

လွန်ခဲ့သောနှစ်ပေါင်းများစွာကာလတွင် ခင်ပွန်းဖြစ်သူစွန့်ပစ်သွားခြင်း ခံရစဉ်တွင်ဆာရာသည် မိမိကိုယ်တိုင်နေထိုင်စားသောက်ဖို့ အလုပ်လိုအပ်ခဲ့သည်။ မည်သည့်နေရာတွင်အလုပ်ရှာဖွေရမည်ကိုသူမမသိခဲ့ပါ၊ ထိုကြောင့် သူမကိုညွှန်ပြပေးဖို့သူမဆုတောင်းသည်။ သူမ၏အိမ်နီးချင်းများနှင့်နှုတ်ကပတ်တော်ဝေငှခြင်းကိုပြုလုပ်ဖို့ ဘုရားရှင်သူမကိုပြသသည်။ သို့ဖြင့်ဆာရာသည် သူမ၏အိမ်နီးချင်းများတို့ထံလည်ပတ်ခြင်းစတင်သည်။ နေမကောင်းသည့်သူများအတွက် ဆုတောင်းပေးပြီးနောက် သူတို့နေပြန်ကောင်းသွားသည်။ နတ်ဆိုးဝိညာဉ်များကနေသက်သာရာရဖို့အတွက်နှင့် ဝိညာဉ်ထွက်သွားဖို့အတွက် သူမ ဆုတောင်းသည်။

တော်တော်များများသောသူတို့သည် ဆာရာအလည်အပတ်လာသည့်အခါဝမ်းသာကြသည်။ သို့သော်တခြားသောသူတို့သည် သူမကို သူတို့အိမ်လာဖို့မလိုချင်ကြပါ။ တနေ့ ဆာရာသည် သူတို့၏ရုပ်တုကိုကိုးကွယ်နေသည့် မိသားစုတစ်စုထံသွားရောက်လည်ပတ်သည်။ ထိုနောက်သူတို့နှင့်အတူဘုရားရှိခိုးဖို့ဆာရာကိုတောင်းဆိုသည်၊ သို့သော်သူမဖြည်းဖြည်းသာသာငြင်းပယ်လိုက်သည်။ အမျိုးသမီးငယ်တစ်ဦးသည် ထိုကဲ့သို့ဆာရာငြင်းပယ်သည်ကိုစိတ်ဆိုး လာပြီးဆာရာလက်ကိုယူပြီးဆီပူအိုးထဲသို့ရုတ်တရက်နှစ်ချလိုက်သည်။ သို့သော် ဆာရာသည် သူမ၏လက်ကို ထိုဆီပူထဲမှပြန်ဆွဲထုတ်လိုက်သည့်အခါတွင် သူမ၏လက် လောင်သွားခြင်းကိုမရှိပါ။

နောက်တနေ့တွင် ထိုအမျိုးသမီး၏ဖခင်သည် ဆာရာထံလာပြီးတောင်းပန်သည်။ သူ၏မိသားစုအတွက်ဆုတောင်းပေးဖို့သူမကိုတောင်းဆိုသည်။ သူတို့အတွက်ဆုတောင်းပေးရမည်ဖြစ်သည့်အတွက်ဆာရာဝမ်းသာသည်။ ယနေ့တွင်ထိုမိသားစုသည် ခရစ်ယာန်များဖြစ်လာကြသည်။ ဆာရာ၏လက်ဆီပူအိုးထဲမှလွတ်မြောက်သည်ကိုတွေ့ရှိသည့် တခြားသများကလည်း သူတို့အတွက်ဆုတောင်းပေးဖို့တောင်းဆိုကြသည်။

ဆာရာအကြောင်းနှင့်ပတ်သက်ပြီး သိရှိသွားသည့်ဒေသတွင်းဓမ္မဆရာသည် ကမ္ဘာလုံးဆိုင်ရာရှေ့တန်းသာသနာအမှုတော်ဆောင်တစ်ယောက်အဖြစ် နေရာတနေရာအတွက် သူမကိုကမ်းလှမ်းခဲ့သည့်အခါထိုအရာကို သူမဝမ်းမြောက် ဝမ်းသာစွာဖြင့်လက်ခံလိုက်သည်။

ဆာရာသည် သူမ၏ရပ်ကွက်တွင်းရှိမိသားစုများတို့ထံလည်ပတ်ခြင်း ဆက်လက်ပြုလုပ်သည်။ သူတို့နှင့်အတူဆု တောင်းကြပြီးခရစ်တော်နှင့်ပတ် သက်သည့်စာပေများကိုဝေငှသည်။ ဥပုသ်နေ့များတွင်အမျိုးသမီးအဖွဲ့ကို သူမ ၏နေအိမ်တွင်ဝတ်ပြုကိုးကွယ်ဖို့ဖိတ်ခေါ်ပြီးဗုဒ္ဓဟူးနေ့များတွင်ကျမ်းစာသင်ကြား ခြင်းပြုလုပ်သည်။

သူမ၏မြို့တွင်ရှိသောမုဆိုးမများနှင့်မိဘများတို့ကို သူမကူညီပေးသည်။ သူမအလုပ်မှလစာငွေရသော်လည်း ထိုလစာသည်သိပ်မများပါ။ သို့သော် ကိုယ်ကာယပိုင်းဆိုင်ရာ၊ ဝိညာဉ်ရေးပိုင်းဆိုင်ရာလိုအပ်ချက်များရှိနေသည့် ဆင်းရဲသားများ၊ ဖခင်မဲ့များတို့၏လိုအပ်ချက်ကို အဝတ်၊ အစားအစာ၊ မျှော်လင့်ချက် တို့ကိုပံ့ပိုးခြင်းဖြင့်သူမတတ်နိုင်သမျှဖြည့်ဆည်းပေးသည်။

သူမ၏ခင်ပွန်းသည်သူမအားစွန့်ပစ်သွားသည်ကိုစိတ်မဆိုးပါ။ 'ကျွန်မ တယောက်တည်းမဟုတ်ပါ။' ဟုသူမပြောသည်။ ဘုရားရှင်သည် ကျွန်မ၏ဖခင် ဖြစ်ပြီး သူသည် ကျွန်မနှင့်အမြဲတမ်းပါရှိသည်။ ခရစ်တော်ကိုသိရှိလာဖို့နှင့် ဘုရားရှင် မကြာမီအချိန်တွင် ပြန်ကြွလာတော့မည်ဆိုသည်ကို သူတို့အားပြောဖို့ခွန်အားကို ကျွန်မအားဘုရားရှင်ပေးသည်။ ဘုရားရှင်သည် ကျွန်မကိုစောင့်ရှောက်သည်။ ခရစ်တော်လာသည့်အချိန်တွင်

ကျွန်မအဆင်သင့်ရှိနေချင်သည်၊ သို့သော်တခြားသူများလည်း ခရစ်တော်နှင့်ဆုံတွေ့နိုင်ဖို့ အဆင်သင့်ဖြစ်စေချင်သည်။

ဆာရာနှင့်ရာချီအရေအတွက်ရှိသော ကမ္ဘာလုံးဆိုင်ရာရှေ့တန်းသာသနာအမှုဆောင်များတို့အတွက် ဆုတောင်းပေးခြင်းအားဖြင့်သော်၎င်း၊ ခရစ်တော်၏ချစ်ခြင်းနှင့် မကြာမီပြန်လာမည့် ကောင်းသည့်သတင်းစကားကိုဝေငှနေ သည့်ရှေ့တန်းသာသနာအမှုဆောင်များအပါအဝင် ကမ္ဘာတဝှမ်းရှိအတည်ပြု ထားသည့်သာသနာစီမံကိန်းများအားလုံးကိုကျိုးကြောင်းဆီလျော်စွာပံ့ပိုးပေးသည့် စုပေါင်းလှူဒါန်းသည့်အစီအစဉ်အားဖြင့် အကြံပြုထားသည့်အတိုင်းဝေငှသည့် ကတိပေးအလှူငွေကိုပုံမှန်ပေးခြင်းအားဖြင့် ကျွန်ုပ်တို့ပံ့ပိုးပေးနိုင်သည်။

-----ooo-----

## ဥပုသ်အပတ်စဉ် (၄၈)

ဒီဇင်ဘာလ (၂)ရက်၊ ၂၀၂၃

### ဘလိဇ် - တရားဟောဆရာသေးသေးလေးများ

ဂျဟီးလ်နှင့်သူ၏ သူငယ်ချင်းဂျိုးဇက်တို့သည် အသက်ရှစ်နှစ်ရှိကြပြီး အမေရိကအလယ်ပိုင်းဘလိဇ်တိုင်းပြည်တွင်နေထိုင်ကြသည်။ သူတို့သည် ထိုနေရာတိုင်းပြည်နေထိုင်ရသည်ကိုချစ်မြတ်နိုးသည်။ အကြောင်းရင်းမှာသူတို့ စူးစမ်းရှာဖွေဖို့နေရာတော်တော်များများကြီးကိုသူတို့ သိသောကြောင့်ဖြစ်သည်။ သမုဒ္ဒရာထဲရှိငါးများနှင့်အတူသူတို့ရေသွားကူးနိုင်သည်။ သို့မဟုတ် တိရစ္ဆာန်များ ကိုမြင်တွေ့ဖို့တောကြီးထဲကိုဖြတ် လျှောက်ပြီးသူတို့သွားနိုင်သည်။ တစ်ခါတစ်ရံ လွန်ခဲ့သော နှစ်ပေါင်းရာကျော်ကာလတွင်နေထိုင်ခဲ့ကြသည့်သူများမှချန်ထားခြင်းဖြစ်နိုင်သည့် ရှေးကာလကထွင်းထားသည့် ကျောက်တုံးကိုသူတို့ရှာတွေ့ခဲ့ကြသည်။

တောင်ပိုင်းဘလိဇ်တွင်ရှိသည့်ကျောင်းကို ဂျဟီးလ်နှင့်ဂျိုးဇက်တို့တက်ရောက်ကြသည်။ ထိုနေရာတွင်စာသင်ကြားရသည်ကိုလည်း နှစ်သက်ကြသည်။ မုန့်စားဆင်းချိန်တွင် ကလေးများအတန်းအပြင်သို့ ထွက်ကာကစားကြသည်။ ယောကျ်ားလေးများတို့သည် ဂေါ်လီလုံးလှိမ့်တမ်းကစားခြင်းကိုနှစ်သက်ကြပြီး မိန်းကလေးများမှာမူ ကြိုးခုန်တမ်းကစားခြင်းကိုနှစ်သက်ကြသည်။ သူတို့သည် ဘာသာရပ်များဖြစ်သည့် သင်္ချာ၊ အင်္ဂလိပ်၊ စပိန်ဘာသာရပ်၊ သမိုင်းနှင့် ကျမ်းစာတို့ကိုသင်ကြားရသည်။ ဂျဟီးလ်နှင့်ဂျိုးဇက်တို့သည် ကျမ်းစာသင်ယူရခြင်းကိုနှစ်သက်သည်။ ကျမ်းစာတွင် ပုံပြင်အကြောင်းအရာအများကြီးရှိသည်။ သူတို့တရားဟောခြင်းကိုလည်းကြိုက်နှစ်သက်သည်။

တစ်ခါတစ်ရံဆရာက ဘုရားဝတ်ပြုသည့်အချိန်တွင် တခြားကျောင်းသားများ အတွက်တရားဟောချက် တိုတိုလေးတစ်ခုကိုတင်ဆက်ပေးဖို့ဂျဟီးလ်ကို တောင်းဆိုသည်။ သူတရားဟောသည့်အခါအတန်းအတွက် သီချင်းဆိုပေးဖို့ဂျိုးဇက်ကို အမြဲတမ်းတောင်း ဆိုလေ့ရှိသည်။ ဂျိုးဇက်ဟာသီချင်းဆိုကောင်းသူတစ်ဦးဖြစ်သည်။ အတန်းသားများရှေ့ တွင်စကားပြောဖို့အချိန်ရောက်လာသောအခါတွင်ဂျာဟီးလ်စိတ်လှုပ်ရှားလေ့ရှိသော်လည်း၊ ဘုရားရှင်သူ့ကိုကူညီမည်ဆိုသည်ကိုသူသိသည်။ သို့နှင့်အချက်အလက်များကိုပြင်ဆင်ပြီး သူရောက်ရှလာသည်။ ဂျာဟီးနှင့်ဂျိုးဇက်တို့ကိုအတန်းသား များနှင့်မိတ်ဆက်ပေးလိုက် သောအခါ ဂျဟီးလ်၌ကြောက်ရွံ့မှုလုံးဝမရှိတော့ပါ။

'ကျမ်းစာထဲမှာ ကျွန်တော်ဖတ်ထားတဲ့ပုံပြင်အကြောင်းအရာများနဲ့ ပတ်သက်ပြီး ကျွန်တော်တရားဟောရတာကိုနှစ်သက်တယ်။' ဟုဂျဟီးလ်ပြောသည်။ 'တခြားကလေးများ ကအကြောင်းအရာကိုသေသေချာချာနားထောင်ပြီးကျွန်တော်ပြေးသွားတဲအခါ မေးခွန်းတ ချို့ကျွန်တော့်ကိုမေးကြတယ်။ တခြားကျောင်းသားများနဲ့ ဘုရားရှင်ရဲ့နှုတ်ကပတ်တော် တချို့ကိုကျွန်တော်ဝေငှနိုင်တာကို ကျွန်တော်ကြိုက်တယ်။ ကျွန်တော့်အသင်းတော်ရဲ့ သင်းအုပ်ဆရာက ကျွန်တော်ရဲ့ ဘုရားကျောင်းမှာမကြာမီတရားဟောနိုင်တော့မယ်ဆိုပြီး ကျွန်တော့်ကိုပြောတယ်။ အဲဒီအခါကျရင်လည်းဂျိုးဇက်ကိုသီချင်းလာဆိုပေးဖို့ သူ့ကို ကျွန်တော်ဖိတ်မှာအမှန်ပါဘဲ။ မတော်တနေ့ကျရင် ကျွန်တော်သင်းအုပ်ဆရာတစ်ယောက် ဖြစ်လာလိမ့်မယ်။ ဒါပေမဲ့ ကျွန်တော်အတန်းကို ပြီးအောင်လုပ်ရမယ်။'

ထိုနေရာတွင် ဂျဟီးလ်ကဲ့သို့သော ဘုရားရှင်ကိုချစ်သည့်ကလေး အမြောက် အမြားဟာဘလိဇ်တွင်ရှိသည်။ မြော်လင့်ခြင်းအသင်းတော်ကျောင်းတွင်ရှိသည့်ကလေးများ အတွက်ကျေးဇူးပြု၍ဆုတောင်းပေးကြပါ၊ သို့မှသာသူတို့ကြီးထွားလာပြီး ဘုရားရှင်ကသူ တို့အားပြုလုပ်စေမည့်အရာကို သူတို့သိရှိလိမ့်မည်ဖြစ်သည်။

မြော်လင့်ခြင်းအသင်းတော်ကျောင်းတိုင်းသည် သာသနာလုပ်ငန်းပြုလုပ်သည့်နေ ရာဖြစ်သည်။ ထောင်ချီမကရှသောကလေးများတို့သည် မြော်လင့်ခြင်း အသင်းကျောင်း တွင်စာရင်းသွင်းပြီးခရစ်တော်အကြောင်းနှင့် ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်တို့ကို မသင်ကြားရမချင်း သူတို့ခရစ်တော်ကိုဘယ်သောအခါမျှသိမည်မဟုတ်ပါ။ ဥပုသ်နေ့တိုင်း ကျွန်ုပ်တို့၏ဆယ်ဖို့တစ်ဖို့နှင့် ပေးလှူဖို့ဘုရား ရှင်နှင့်ကတိပေးထားသည့်အလှူငွေများတို့ ကို ဘုရားရှင်ထံယူဆောင် လာသည့်အခါတွင်ကလေးများနှင့် အရွယ်ရောက်သူများတို့ကို ဘုရားရှင်၏ချစ်ခြင်းမေတ္တာအကြောင်းသင်ကြားပေးခြင်းတွင် အစိတ်အပိုင်းတစ်ခုအဖြစ် ကျွန်ုပ်တို့ပြုလုပ်နိုင်သည်။ ကျွန်ုပ်တို့၏ဝင်ငွေရာခိုင်နှုန်းတစ်ခုထားရှိပြီး ဘုရားရှင်ထံပေး အပ် သည့်ကျွန်ုပ်တို့၏ပုံမှန်ကတိပေးအလှူငွေများတို့သည‌တိုင်းပြည် ၁၀၀ ကျော်ထက်

ပိုသောနေရာများတွင် သာသနာကျောင်းဆောက်လုပ်ဖို့နှင့်ထိန်းသိမ်းဖို့ ကူညီပေးသည် ဆိုသည်ကို ကျွန်ုပ်တို့သတိရကြရအောင်။

-----ooo-----

ဥပုသ်အပတ်စဉ် (၄၉)

ဒီဇင်ဘာလ (၉)ရက်၊ ၂၀၂၃

**ဖိလ္လိပိုင် - ကျွဲနှင့်ကျမ်းစာအမှုဆောင်**

ဂျယ်ရီသည် ဖိလ္လိပိုင်နိုင်ငံအလယ်ပိုင်းရှိဆီဘူးကျွန်းအနီးတွင် နေထိုင်သည့် လယ်သမားတဦးဖြစ်သည်။ မြေနေရာဒေသသည် မြေဆီလွှာနှင့်ပြည့်ဝပြီး အသီးအနှံများနှင့် ဟင်းသီးဟင်းရွက်အမြောက်အမြားကိုကြီးထွားစေပြီး၊ ဆီဘူးကန်သည် လူများအတွက် ငါးအမြောက်အမြားကို ရရှိစေသည်။

ဂျယ်ရီနှင့် သူ၏ရေကျွဲတို့သည် လယ်ကွင်းပြင်တွင် ၂ နာရီထိုသည်အထိ အလုပ်လုပ်သည်။ ထိုနောက်သူ၏ကျွဲသည်အနားယူပြီး၊ ဂျယ်ရီမှာမူ သူ၏ဒုတိယ အလုပ်ဖြစ်သည့်သူ၏အိမ်နီးချင်းများနှင့်ကျမ်းစာလေ့လာသင်ယူခြင်းစတင်သည်။

တမူထူးခြားသည့်ဘာသာစကားနှင့် ယဉ်ကျေးမှုတို့ရှိသည်လူမျိုးနွယ်စု ဖြစ်သည့် ထပိုလီလူမျိုးများကြားဂျယ်ရီနေထိုင်သည်။ ထိုလူမျိုးနွယ်စုနှင့်ဘုရား ၏သတင်းစကားကို သင်ကြားပေးမည့် ဂျယ်ရီကိုသူတို့ဝမ်းမြောက်ဝမ်းသာစွာလက်ခံသည်။ လွန်ခဲ့သောနှစ်ပေါင်း၂၀ခန့်က ခရစ်တော်ထံခေါ်ဆောင်လာပြီး သူ့ကိုကျမ်းစာသင်ပေးသည့်သင်းအုပ်ဆရာတဦးက ကျမ်းစာသင်ယူသည့်အမှု ဆောင်တစ်ဦးအဖြစ် သူ့ကိုလေ့ကျင့်ပေးခဲ့သည်။

ဂျယ်ရီ၏နံဘေးဘက်ပိုင်းတွင်စုးစုးဝါးဝါးနာကျင်သည့်ဝေဒနာကိုနှစ်များစွာခံစားလာခဲ့သည်။ သူခွဲစိပ်ဖို့လိုအပ်သည်ဟုသူ့အားပြောသည့် ဆရာဝန်တစ်ဦးဆီသွားသည်၊ သို့သော် ခွဲစိပ်ခြင်း (သို့) သူလိုအပ်သည့်ဆေးဝါးအတွက် သူ မတတ်နိုင်ပါ။ သူ့မှာ ရွေးချယ်စရာတစ်ခုသာရှိသည်၊ သူခွဲစိပ်ဖို့အတွက်ရေကျွဲကို သူရောင်းရလိမ့်မည်။ ကျွဲသည်အလွန်တန်ဖိုးရှိသည့်တိရစ္ဆာန်ဖြစ်သည်၊ လယ်ကွင်း ပြင်ရှုအလုပ်များကို ကူညီပြီး မိသားစုအတွက်ဝင်ငွေကိုရရှိစေသည်။ ကျွဲမပါရှိ မည်ဆိုလျှင်၊ သူ၏လယ်မြေကိုတူးဆွဖို့ ရောမိသားစုကိုကျွေးမွေးဖို့အတွက်ပါ ဂျယ်ရီမတတ်နိုင်ပါ။ ဤအရာကဂျယ်ရီကို ဝမ်းနည်းစေသည်။ နာကျင်မှုကိုအနိုင်ရဖို့နှင့် သူ၏ကျန်းမာရေးပြန်လည်ကောင်းမွန်လာဖို့ တခြား နည်းလမ်းကို သူမတွေ့ပါ။

မြော်လင့်ခြင်းသင်းအုပ်ဆရာတစ်ဦးနှင့်သူတွေ့ဆုံသိကျွမ်းပြီး၊ ဘုရားရှင်ထံ ဤအခြေအနေကိုတင်ပြဖို့သူဆုံးဖြတ်လိုက်သည်။ သူ့ထံသို့သင်းအုပ်ဆရာအလည်လာသည့် အခါတွင် ဂျယ်ရီကနှစ်ခြင်းခံယူဖို့ပြောသည်။

'နှစ်ခြင်းခံပြီးရေထဲမှ ကျွန်တော်ထွက်လာတဲ့အခါမှာ ကျွန်တော့်ရဲ့အနာသည် ယူပစ်လိုက်သလိုပျောက်သွားတယ်။ အဲဒီကတည်းက ဘယ်လိုနာကျင်မှုမှ မခံစားရတော့ဘူး။ ဘုရားရှင်ကျွန်တော့်ကိုပျောက်စေတယ်။' ဟုဂျယ်ရီ ပြောသည်။ 'ကျွဲကိုလည်း ရောင်းဖို့မလိုတော့ဘူး။ လယ်ဆက်ပြီးလုပ်နိုင်တယ်။ မိသားစုကိုလည်းကျွေးမွေးနိုင်တယ်။'

ထိုအချိန်ကတည်းကဂျယ်ရီသည် ထပိုလီလူမျိုးများနှင့်မြော်လင့်ခြင်းသတင်းစကားကိုဝေငှပေးဖို့ စိတ်အားထက်သန်သည့် တခြားကျမ်းစာအမှုဆောင်များနှင့်အတူ အလုပ်လုပ်နေကာမိမိကိုယ်ကိုဆက်ကပ်အပ်နှံသည့် ကျမ်းစာလေ့လာသင်ယူသည့်ကျောင်းသားတစ်ဦးဖြစ်လာသည်။ ပြင်းပြသည့်စိတ်ရှိသည့်ကျမ်းစာ သင်ပေးသည့်အမှုဆောင်များတို့၏အရေအတွက်များလာသည်။ သို့သော် ဆီဘူး ကန်နားတွင်ရှိသောအလုပ်လုပ်သူများအတွက်လိုအပ်ချက်ကိုဖြည့်ဆည်းပေးဖို့ သူတို့အရေအတွက်လုံလုံလောက်လောက် မရှိသေးပါ။ နောက်ပြီးဘုရား၏အမှန် တရားကိုအဖွဲ့တစ်ဖွဲ့အဖြစ်သူတို့ သင်ယူနိုင်သည့် သင်တန်းကျောင်းနေရာတစ်ခု သူတို့လိုအပ်သည်။ ကျမ်းစာအမှုဆောင်များကိုသင်တန်းပေးနေသည့်အရေအတွက်ထက်ဧဝံဂေလိသတင်းစကားကိုကြားနာဖို့ စိတ်အားထက်သန်သည့် တပိုလီ လူများကပိုများသည်။ သင်၏ပုံမှန်လှူဒါန်းဖို့ဘုရားရှင်နှင့် ကတိပေးထားသည့် အလှူငွေများတို့ကိုပေးသည့်အခါ၊ ဆီဘူးပင်လယ်ကန်နားကနေရာဒေသတွင် နေထိုင်သည့်လူများရော၊ ဘုရားရှင်၏အမှန်တရားကို သူတို့အားသင်ကြားပေးမည့်လိုအပ်သည့်ကျမ်းစာ အမှုဆောင်များအတွက် ပါကျေးဇူးပြု၍ဆုတောင်း ပေးပါ။

-----ooo-----

ဥပုသ်အပတ်စဉ် (၅၀)

ဒီဇင်ဘာလ (၁၆)ရက်၊ ၂၀၂၃

## နာမည်မဖော်သောတိုင်းပြည် - ကျိန်စာကိုချိုးဖျက်လိုက်ခြင်း

ဆန်နီသည်အရှေ့အလယ်ပိုင်း (သို့) မြောက်အာဖရိကရှိလောကီ ရေးရာတက္ကသိုလ်တခုမှာမြော်လင့်ခြင်းလူငယ်များနေထိုင်၊ စာသင်၊ အမှုတော်ဆောင်သည့် ကမ္ဘာလုံးဆိုင်ရာသာသနာစီမံကိန်းမှာ ခရစ်ယာန်လှုပ်ရှားမှုတို့ကို ဆောင်ရွက်သည့်အဖွဲ့ဝင်တဦး (ဝေါဒင်နီစီ) ဖြစ်သည်။ ဤကျောင်းသားများတို့သည် သူတို့စာသင်ယူနေသည့်အချိန်ကာလများတွင်သူငယ်ချင်းမိတ်ဆွေဖွဲ့ပြီး လျှို့ဝှက်စွာဖြင့် ခရစ်တော်၏ကယ်တင်ခြင်းသတင်းစကားကို သူတို့၏သူငယ်ချင်းများကိုဝေငှသည်။

ဆန်နီသည်ခရစ်ယာန်မဟုတ်သည့် မိသားစုထဲမှလာသည့်ဒေသခံ ကျောင်းသူတဦးဖြစ်သည့် ဆယ်လ်မာနှင့်ရင်းနှီးလာသည်။ အဆိုပါမိန်းကလေး နှစ်ဦးတို့ဟာသူငယ်ချင်း ဖြစ်သွားကြသည်။ သူမ၏သူငယ်ချင်းအသစ်ဖြစ်သော ဆန်နီသည်ခရစ်ယာန်တဦးဖြစ်

သည်ကိုဆယ်လ်မာသိရှိရသည်။ ခရစ်ယာန်များ ကိုသတိထားဖို့ သူမကိုသင်ကြားထားပေမဲ့ လည်း ဆန်နီသည် အလွန်ကြင်နာပြီး ရိုးသားပုံပေါ်သည်။

သူတို့၏ခင်မင်မှုကြီးထွားလာသည်နှင့်အမျှ ဆန်နီအိမ်တွင်သောကြာ နေ့ညနေ ဝတ်ပြုခြင်းတွင်လာရောက်ဖို့ဆန်နီ၏ဖိတ်ခေါ်ချက်ကို ဆယ်လ်မာလက်ခံသည်။ တခြား မြေဘ်လင့်ခြင်းအသင်းသားများနှင့်လည်း တွေ့ဆုံရခြင်းများကို ဆယ်လ်မာနှစ်သက်ပြီးသူတို့ နှင့်ရင်းရင်းနှီးနှီးစကားပြောဆိုရသည်ကို ဆယ်လ်မာပျော်ရွှင်သည်။ စာသင်နှစ်ကုန်ဆုံး ခါနီးတွင်ဆန်နီသည် အပြည်ပြည်ဆိုင်ရာ ကျောင်းသားများအားလုံးလိုလိုတက်ရောက်နေ သည့်မြေဘ်လင့်ခြင်းဘုရားကျောင်းတခုသို့ သွားရောက်လည်ပတ်ဖို့ ဆယ်လ်မာကိုဖိတ်ခေါ် လိုက်သည်။

ဘုရားကျောင်းသို့ သွားရောက်ရခြင်းများကို ဆယ်လ်မာပျော်သည်၊ သို့သော် သူမခရစ်ယာန်ဘုရားကျောင်းတက်နေသည်ကို သူမ၏မိဘများက သိရှိသွားသည်။ သူမ ခရစ်ယာန်ဖြစ်ခဲ့လျှင်၊ သူတို့အားလုံးကျိန်ခြင်းခံရလိမ့်မည်ဟု သူမကိုမိဘများကသတိပေး သည်။ သို့သော်ဆယ်လ်မာတက်ရောက်နေဆဲပင်ဖြစ်သည်။ မကြာမီတင်ပင် ကျမ်းစာလေ့ လာဖို့အတွက် ဆယ်လ်မာတောင်းဆိုသည်။ အမျိုးသမီးလေးနှစ်ဦးသည်အပတ်စဉ်တိုင်း ကျမ်းစာကို သင်ယူကြသည်၊ သို့သော်ဆယ်လ်မာခရစ်ယာန်တဦးဖြစ်လာလျှင် သူတို့မိသား စုကျိန်ခြင်းခံရမည် ဆိုသည်ကို ဆန်နီစိုးရိမ်နေဆဲပင်ဖြစ်သည်။

ထိုနောက်ဥပုသ်နေ့တနေ့တွင် အဖွဲ့တွင်ရှိသောအယောက်စီတိုင်းကတ်တကတ် စီကိုယူပြီးကတ်ပေါ်တွင်ရှိသည့် ကျမ်းချက်ကိုဖတ်သည့်တနေရာတည်းတွင်ပင်အာရစိုက် ထားရသည့်လုပ်ဆောင်မှုတစ်ခုတွင်ပါဝင်ကြသည်။ ဆယ်လ်မာ၏ ကတ်ပြားပေါ်တွင်ပါရှိ သည့်ကျမ်းချက်မှာ၊ 'သခင်ယေရှုကိုယုံကြည်လော့။ ယုံကြည်လျှင် သင်နှင့်သင်၏အိမ်သူ အိမ်သားတို့သည် ကယ်တင်ခြင်းသို့ရောက်ကြလိမ့်မည်' ဆိုသည့်တမန်တော် ၁၆း၃၁ ဖြစ်သည်။

သူနှင့်သူ့မိသားစုအပေါ်သို့ကျရောက်မည့်ကျိန်ခြင်းအတွက် ဆယ်လ်မာ စိုးရိမ်ဖို့ မလိုသည်ကိုဆယ်လ်မာသဘောပေါက်သိရှိလိုက်သည်။ သူမမတ်တပ်ရပ်လိုက်ပြီးတုန်ခါ နေသောအသံနှင့်အတူ ခရစ်တော်ကိုသူမ၏ကယ်တင်ရှင်အဖြစ်လက်ခံပြီး နှစ်ခြင်းမင်္ဂလာ ခံယူချင်ကြောင်းသူမကြေညာအသိပေးလိုက်သည်။ ဆန်နီနှင့်ဆယ်လ်မာတို့သည် ပျော်ရွှင် သောကြောင့်ငိုကြွေးကြသည်။

ဤကဲ့သို့သောအတွေ့အကြုံများတို့သည် ဝေါ်ဒင်န်စီကျောင်းသားတစ်ဦးအဖြစ် ဆက်လက်အစေခံဖို့ ဆန်နီကိုခွန်အားဖြစ်စေသည်။ 'ဆယ်လ်မာကဲ့သို့သောလူများနှင့် မိတ်ဆွေဖွဲ့ခြင်းကိုတိုးမြှင့်ဖို့ အရှေ့အလယ်ပိုင်းတွင်ကျွန်မနေထိုင်မည်။ ဤအရာသည်

ဤဒေသတွင် ခရစ်တော်ကိုမသိရှိသေးသည့်သူများ၏စိတ်နှလုံးကိုထိတွေ့ဖို့ကြီးမြတ်သည့် နည်းလမ်းတခုဖြစ်တယ်။'

ကျွန်ုပ်တို့၏ကတိပေးထားသည့် အလှူများ၏တစိတ်အပိုင်းတစ်ခုဟာ အရှေ့ အလယ်ပိုင်းနှင့်မြောက်အာဖရိကရှ တက္ကသိုလ်များတွင်တက်ရောက်ပညာသင်ကြားနေသည့်ဆန်နီကဲ့သို့သောခရစ်ယာန်လှုပ်ရှားမှုအဖွဲ့ဝင်အဖြစ်သိရှိသည့် ဝေါ်ဒင်နိစီကျောင်းသူကျောင်းသားများတို့သည် ထောက်ပံ့၊ လေ့ကျင့်၊ ပို့လွှတ် လိုက်ဖို့အကူအညီဖြစ်စေသည်။ ကျွနပ်တို့ကိုယ်တိုင်မသွားရောက်နိုင်သော်လည်းကျွန်ုပ်တို့၏သစ္စာရှိသောကတိပေးအလှူငွေများကိုပေးခြင်းအားဖြင့် အမှုတော်ထမ်းဆောင်သည့်သူများကို ကျွန်ုပ်တို့ပံ့ပိုးပေးနိုင်ပါသည်။

-----ooo-----

ဥပုသ်အပတ်စဉ် (၅၁)

ဒီဇင်ဘာလ (၂၃)ရက်၊ ၂၀၂၃

**ဘူရမ်းဒီ - အကောင်းဆုံးသူငယ်ချင်းများ**

လာရစ်စာ၊ ၈နှစ်အရွယ်နှင့် ရိုးစက်ထ်၊ ၇နှစ်အရွယ်တို့ဟာ အကောင်းဆုံးသူငယ်ချင်းများဖြစ်ကြသည်။ အရှေ့အာဖရိကတွင်ရှိဘူရမ်းဒီနိုင်ငံတွင်နေထိုင်ကြသည်။

လာရစ်စာနှင့်သူမ၏မိသားစုတို့သည် မြော်လင့်ခြင်းအသင်းသားများ ဖြစ်ကြသည်။ တနေ့ကလေးမလေးများ အတူတကွကစားနေစဉ်တွင် လာရစ်စာ မိခင်ကမိသားစုဝတ်ပြုခြင်းအတွက်အိမ်ပြန်လာဖို့ သူမ၏သမီးကိုခေါ်လိုက်သည်။ 'ငါနဲ့အတူလာခဲ့။' ဟု လာရစ်စာက ရိုစက်ထ်ကိုဖိတ်ခေါ်လိုက်သည်။ 'ငါတို့မိသားစုဘုရားရှိခိုးကြမယ်။' ရိုစက်မှာမ မိသားစုဘုရားရှိခိုးခြင်းဆိုတာကိုသူမမသိခဲ့ပါ။ သို့သော်မည်သည့်အရာဘဲဖြစ်ဖြစ်၊ သူမလိုက်သွားသည်။ လာရစ်စာမိသားစုကခရစ်တော်နှင့်ပတ်သက်သည့်သီချင်းကိုဆိုပြီး၊ မိခင်က ကျမ်းစာပုံပြင်ကိုဖတ်ရှုပြီးနောက်သူတို့အားလုံးဆုတောင်းသည်။

'မိသာစုဝတ်ပြုခြင်းကိုငါကြိုက်တယ်။' ဟု ရစက်ထ်ပြောသည်။ နောက်တခါလာလို့ရမလား။

သေချာတာပေါ့။ လာရစ်စာပြောသည်။ စနေနေ့မှာ ဥပုသ်စာဖြေအတန်းကိုငါနဲ့အတူလိုက်မလား။ ဥပုသ်နေ့တွင်လာရစ်စာနှင့်ရိုစက်ထ်တို့ အတူတကွဘုရားကျောင်းသို့ လမ်းလျှောက်သွားကြသည်။ ခရစ်တော်နှင့်ပတ်သက်သည့်သီချင်းဆိုရသည်၊ ကျမ်းစာထဲမှပုံပြင်များတို့ကို နားထောင်ရသည်ကို ရိုစက်ထ်နှစ်သက်သည်။ ထိုညနေတွင် သူမ၏ မိဘများတို့ကို လာရစ်စာ၏ ဥပုသ်စာဖြေအတန်းနှင့်ပတ်သက်သည့်အကြောင်းအရာကို

သူမ၏မိဘများတို့အား ရိုစက်ထ်ပြောပြသည်။ ဘုရားရှင်အကြောင်းသင်ယူနေသည်ကို သိရသည့်အတွက် သူမ၏မိဘများကဝမ်းသာကြသည်။

ဥပုသ်စာဖြေအတန်းများ တက်ရောက်ခြင်းကို ရိုစက်ထ်ပျက်ကွက်ဖို့ ခဲယဉ်းသည်။ သူမ၏မိဘများတို့ကိုသူမနှင့် အတူဥပုသ်စာဖြေအတန်းကိုတက်ရောက်ဖို့ဖိတ်ခေါ်သည်။ သူမ၏ဖခင်မတက်ရောက်ပေမဲ့လည်း မိခင်ဖြစ်သူမှာ ဥပုသ်နေ့တွင်အတန်းမရှိသည့်အခါ သူမသွားသည်။

ရိုစက်ထ်စိတ်လှုပ်ရှားသည်။ 'အမေလာတဲ့အတွက် ကျွန်မအရမ်းပျော်တယ်။ အမေရေ။'

လာရစ်စာမိသားစုပြုလုပ်သလိုပင်ရိုစက်ထ်သည်လည်းသူမ၏မိသားစုအတူတကွ ဆုတောင်းချင်သည်။ နောက်ပိုင်းတွင် မိသားစုဝတ်ပြုခြင်းကိုဦးဆောင်ပြုလုပ်ဖို့ မိခင်ဖြစ်သူက ရိုစက်ထ်ကိုခွင့်ပေးလိုက်သည်။ ထိုနောက် တနေ့တွင်မိခင်ဖြစ်သူက ရိုစက်ထ်အတွက် အံ့အားသင့်စရာကိုဖြစ်စေသည်။ အသင်းတော်ထဲဝင်ဖို့သူမဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

ရိုစက်ထ်၏ဖခင်ဟာမိသားစုနှင့်အတူတူ ဘုရားကျောင်းမတက်ရောသော်လည်း သူ့အတွက်ဆုတောင်းပေးပြီးသူမသည်လည်း စကားနားထောင်ပြီးကြင်နာ သည့်သမီးတယောက်ဖြစ်လျှင် ခရစ်တော်အကြောင်းကိုတနေ့သူမ၏ဖခင်ဖြစ်သူ သိချင်လာလိမ့်မည် ဆိုသည်ကို သူမသိသည်။

ဘုရားရှင်အကြောင်းကိုတခြားသူများနှင့် ဝေငှပြောပြခြင်းသည် ဘုရားရှင်ကို ဝတ်ပြုခြင်း၏အရေးကြီးသည့်ကဏ္ဍတစ်ခုဖြစ်သည်။ ကလေးများပြုလုပ်နိုင်သလို၊ လူကြီးများလည်းပြုလုပ်နိုင်သည်။ ကျန်ုပ်တို့၏စိုးရိမ်ပူပန်ရမည့်အရာအားလုံးကို ဘုရားရှင်ထံ တောင်းလျှောက်ဖို့ ကျွန်ုပ်တို့၏အခွင့်အရေးဖြစ်သည်။ ကျွန်ုပ်တို့၏ဆယ်ဖို့တစ်ဖို့နှင့် စနစ်တကျအလှူငွေဖြစ်သည့် ကျွန်ုပ်တို့ရရှိသည့် ဝင်ငွေတိုင်းကတိပေးထားသည့် အလှူငွေများအဖြစ်ပေးဖို့လည်း ကျွန်ုပ်တို့၏ အခွင့်အရေးဖြစ်သည်။ ကျွန်ုပ်တို့၏ဆယ်ဖို့တစ်ဖို့နှင့် ကတိပေးအလှူငွေများတို့ကိုပေးသည့်အခါ၊ ဘုရားရှင်ကတိပေးထားသည့် ဖိလိပ္ပိ ၄း၁၉ တွင်ပါရှိသည့်ကျွန်ုပ်တို့၏ဆင်းရဲမှုအရမဟုတ်သည့် သူ၏စည်းစိမ်ရှိသည့်အတိုင်းကျွန်ုပ်တို့ လိုအပ်ချက်များကိုဖြည့်စွက်ပေးမည်ဖြစ်သည်။ ထိုနည်းလမ်းသည် ကျွန်ုပ်တို့ ဘုရားရှင်ကို ပေးခြင်းတွင် ကျွန်ုပ်တို့အလေးစိုက်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ သို့မှသာခရစ်တော် အကြောင်းကို ကမ္ဘာအဝှမ်းတွင်ရှိသောလူကြီးနှင့်ကလေးများတို့သင်ယူနိုင်မည်ဖြစ်သည်။ ဤအပတ်တွင် ခရစ်တော်ကိုအလှူငွေများပေးအပ်ခြင်းနှင့် ဘုရားရှင်ထကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို သူငယ်ချင်းတစ်ယောက်ဝေငှခြင်းတို့အပေါ်အာရုံစိုက်လုပ်ဆောင်ကြပါစို့။

-----ooo-----

ဥပုသ်အပတ်စဉ် (၅၂)

ဒီဇင်ဘာလ (၃၀)ရက်၊ ၂၀၂၃

## နာမည်မဖော်သောတိုင်းပြည် - အရုပ်များအတွက်အချိန်မရှိ

ခရစ်တော်အကြောင်းလူများကိုပြောပြရန် မြို့ကြီးမှတောင်ပေါ်တခု၏ ဘေးတွင်ရှိသေးငယ်သောရွာလေးတရွာဆီသို့ ရစ်ရှန်သည်နှင့်သူ၏မိဘများတို့ ရွှေ့ပြောင်းလာကြသည်။ ရစ်ရှန်တွင်အရုပ်များစွာရှိသည်၊ ထိုအရုပ်များတချို့ကို ပေးလိုက်ဖို့သူ၏မိဘများကသူ့ကိုပြောသည်။ သူ၏အဖေက 'ငါတို့ရဲ့အိမ် အသစ်မှာခရစ်တော်အကြောင်းနဲ့ပတ်သက်ပြီးတခြားသူများကို ငါတို့ပြောပြ ဖို့မင်းကူညီမယ်ဖြစ်တဲ့အတွက် မင်းအလုပ်များလိမ့်မယ်။' ဟု ပြောသည်။ 'မင်းကစားဖို့ အချိန်သိပ်ရှိမှာမဟုတ်ဘူး။'

တခြားကလေးများအား သူ၏အရုပ်လေးများတို့ကိုပေးလိုက်ရမည့် အစီအစဉ်ကိုသူနှစ်သက်ပြီး၊ ကလေးများလည်း ထိုအရာများကိုရရှိသည့်အတွက်ကြောင့်စိတ်လှုပ်ရှားကြသည်။ သူတို့၏ဝမ်းမြောက်မှုကိုမြင်ရသည့်အတွက် သူပျော်ရွှင်မိသည်၊ တခြားသူများအတွက် ကြင်နာမှုတစ်စုံတစ်ခုပြုလုပ်ခြင်းသည် ကောင်းသည့်စိတ်ခံစားမှုကိုဖြစ်စေသည်။

မကြာမီတွင်ပင်လျှင်၊ သူတို့၏အိမ်အသစ်တွင် ရစ်ရှန်တို့မိသားစုအခြေချလိုက်သည်။ သူ၏အိမ်အသစ်တွင် အမှန်တကယ်ပင်လျှင် ရစ်ရှန်အလုပ်များသည်။ အိမ်တွင်သူ၏ကျောင်းသင်ခန်းစာများကို သူ၏မိဘများကသင်ကြားပေးသည်။ သူစာမဖတ်သည့်အချိန်များတွင်၊ မိသားစုစိုက်ပျိုးသည့်ခြံထဲတွင်အလုပ်လုပ်ရသည်ကို သူပျော်ရွှင်မိသည်။ ပေါင်းပင်များကို သူဆွဲနုတ်သည်အခါတွင်၊ ကျမ်းချက်များကို သူအလွတ်ရွတ်ဆိုသည်။

ရွာတွင်ရှိကလေးများတို့သည်ရစ်ရှန်နှင့်သူငယ်ချင်းများဖြစ်လာကြသည်။ ကြင်နာပြီးညင်သာသည့်ကောင်လေးတစ်ယောက်ဖြစ်သည်ကို သူတို့မြင်တွေ့ရသည်။ ရစ်ရှန်၏အိမ်ကိုသူတို့လည်ပတ်ဖို့ကြိုက်နှစ်သက်ကြသည်။ ကလေးများနှင့်အတူကစားကြပြီး ခရစ်တော်အကြောင်းကို သူတို့အားပြောပြသည်။ အာဒံနှင့်ဧဝ၊ နောဧနှင့်သင်္ဘောကြီး၊ ဒါဝိဒ်နှင့်ဂေါလိယ၊ ခြင်္သေ့တွင်းတွင်ရှိ သောဒံယေလတို့ကဲ့သို့ကျမ်းစာအချိန်ကာလတွင် နေထိုင်သည့်သူများအကြောင်းကို သူတို့အားသူကပြောပြသည်။ ခရစ်တော်သည်လက်ဝါးကပ်တိုင်ပေါ်တွင်အသေခံခဲ့သည်။ ထကြောင့်သူ့ကိုယုံကြည်သည့် သူတိုင်းခရစ်တော်နှင့်အတူထာဝရစိုးစံနိုင်ကြောင်းကို သူတို့အားပြောပြသည်။ ခရစ်တော်မည်ကဲ့သို့ဆုတောင်းရမည်ကိုလည်းသူပြသသည်။ 'အိုအဖ၊ ကျွန်ုပ်တို့၏အကောင်းဆုံးမိတ်ဆွေဖြစ်ပေးသည့်အတွက်ကျေးဇူးတင်ပါတယ်။ ဘုရားရှင်နှင့်တခြားသူများကိုချစ်ဖို့ စိတ်နှလုံးကိုကျေးဇူးပြု၍ပေးတော်မူပါ။ ခရစ်တော်နာမအားဖြင့် ဆုတောင်းပါတယ်။ အာမင်။'

ကလေးများတို့သည် ရစ်ရှန်သူတို့ကိုသင်ပြပေးခဲ့သည့် ကျမ်းစာပုံပြင်များ အကြောင်းကိုသူတို့၏ မိဘများအားပြောပြသည်။ တချို့သောကလေးမိဘများတို့သည် ရစ်ရှန်၏မိဘများတို့ကို သူတို့အားခရစ်တော်အကြောင်းသင်ပြပေး ဖို့ပြောကြသည်။

သူပေးလိုက်သည့်အရုပ်များတို့ကို ရစ်ရှန်သတိမရပါ။ တစ်စုံတစ်ခုကို လက်လျှော့ ဖို့ဘုရားရှင်ကကျွန်ုပ်တို့ကိုတောင်းဆိုလျှင်၊ ကျွန်ုပ်တို့ကိုအပ်နှံဖို့တောင်းဆိုသည့်မည် သည့်အရာဘဲဖြစ်ဖြစ်၊ ထိုအရာမရှိခြင်းကကျွန်ုပ်တို့အတွက် ပိုမိုကောင်းမွန်သည်ကိုကျွန်ုပ် တို့သိနိုင်သည် (ဘဏ္ဍာစိုးဆိုင်ရာအကြံပေးချက်၊ စာ ၃၀၀) ဆိုသည်ကို သူသိရှိလိုက်ပြီ ဖြစ်သည်။ ခရစ်တော်အကြောင်းကို သူငယ်ချင်းများအားပြောပြဖို့ ရစ်ရှန်အလုပ်အလွန် များသည်။

ကျွန်ုပ်တို့သည်လည်းခရစ်တော်အကြောင်းကို အိမ်နီးချင်းများအားပြောပြနိုင် သည်။ ဘုရားရှင်ကိုဦးစွာထားရှိသည့်အခါ ကျွန်ုပ်တို့၏အသက်တာတွင် မတူကွဲပြား ခြားနားမှုကိုကျွန်ုပ်တို့ပတ်လည်ရှိလူများ မြင်တွေ့ရလိမ့်မည်ဖြစ်သည်။ နောက်ပြီးကျွန်ုပ် တို့၏ဆယ်ဖို့တစ်ဖို့နှင့်ကတိပေးအလှူငွေများတို့နှင့်အတူ ဘုရားရှင်ကဝတ်ပြုသည့်အခါ တွင် ကျွန်ုပ်တို့၏စိတ်နှလုံးများတို့သည် လောကီအရာ များနှင့်အဆက်ပြတ်ပြီးဘုရားရှင် နှင့် ကျွန်ုပ်တို့အတွက်သူ၏ထာဝရ အစီအစဉ်တွင်ဆက်သွယ်မှုဖြစ်လိမ့်မည်ဖြစ်သည်။